# မောင်ထားဖိုမောင်ထားမ



စာမူ ခွင့်ပြုချက်အမှတ် ၇၂၇/၉၄(၁၁)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၉၃၄/၉၄(၁၁)

ထုတ်ဝေခြင်း

ပထမအကြိမ်

၁၉၉၄ ခု ဒီဇင်ဘာလ

အုပ်ရေ

၅၀၀ အုပ်

တန်ဖိုး

သုံးဆယ်ကျပ်တိတိ

ဂါး စာပေ

အထက်မြန်မာပြည် ဖြန့်ချိရေး မန္တလေး

# ရဲမာန်အောင်

'မှော်ဓားဖို မှော်ဓားမ'

စာစဉ် ( ၁ )

ဖြန့်ချိရေး

ရွှေမိုးအောင် စာပေ

အမှတ် ၇၂၊ ၆ လမ်း ရန်ကုန်မြို့

စာတိုက်သေတ္တာအမှတ် ၁၁၈၃

[illegible] ရန်ကုန်မြို့

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေလမ်း
တောင် ဥက္ကလာ ။
ဖုန်း ၂၁၇၆၆

မးငရေဝါမှာ မိုးရေဝါမှ

( ၁ )

နတ်ဖန်ဆင်းသည့်ခေး

မိုးကြိုးမီးခဲများက ပတ္တမြားများ ဖြန့်ကျဲထားသလို ရဲရဲနီမြန်း တောက်ပလျက် အပူငွေ့များ တလှိုင်လှိုင် ထွက်နေသည်။

မာကျောလှသည့် ထံမဏိပြားကြီးပင် အပူရှိန်ကြောင့် အနီရောင်များ ကူးယှက်စ ပြုလာခဲ့ပြီ။

သူ့တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေသည်။

ဓားတစ်ချောင်း ဖြစ်လာဖို့ ဤမျှ အပူရှိန် ပြင်းထန်လှသည့် ဖိုအနီး၌ ဒုက္ခဆ းရဲခံ၍ သူမနေခဲ့ဘူးခဲ့။

သည်ဓားတစ်ချောင်းက ခါတိုင်းလုပ်နေကျ လက်နက်များနှင့် မတူနိုင်တာက သေချာနေပြီ။

အမိဋ္ဌာန်ဝင်ထားသော ရက်များ ဥပုသ်ဆောက်တည်သောရက်များ သံမဏိကို စိတ်တိုင်းကျရှာဖွေရသောရက်များပြီးတော့ အရှားပါးဆုံး ဝက်ဝံတစ်ကောင်၏ သွေးနှင့်ကျားတစ်ကောင်၏ သည်းခြေကိုရဖို့ စောင့်စားရသည့်ရက်များ၊ သစ်ဥသစ်ဖု ဆေးမြစ်များထဲ၌ ရှည်ကြာစွာ စိမ်ထားရသော ရက်များအားလုံး တစ်နှစ်ကျော်နီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်၏။

သူ့အနေနှင့် ယုံကြည်ထားသည့်အတိုင်း စိတ်တိုင်းကျလုပ်ကိုင်နိုင်မည့် နေ့ကောင်းရက်မြတ်ကို နက္ခတ်အရ ရွေးချယ်၍ ဓားတစ်ချောင်းကို စီရင်နေရခြင်း ဖြစ်ပါသည်။

အာရုံတစ်ခုကို သံပူတိုက်ထားသော မီးခဲကြီးများဆီသို့ အပြည့်အဝ ပို့ထားသဖြင့် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်နေအောင် အပူဒဏ်ဟပ်ခံထားရသမျှကို စိတ်က မသိနိုင်သလိုလိုဖြစ်နေမိသည်။

သို့ပေမယ့် ခန္ဓာကိုယ်ကြီးက သိသည်။

ထို့ကြောင့် သူ၏အသားအရေပေါ်၌ ရေလောင်းချထားသလို ချွေးများ ရွှဲရွှဲစိုနေခြင်းသာ ဖြစ်၏။

သူ ဓားတစ်ချောင်းကို မလုပ်ဖြစ်တာ ကြာမြင့်လှပြီမဟုတ်လား။

တစ်နယ်လုံး ပန်းပဲဆရာကြီး 'ဇော်ဂျင်ဟိုး'ဟု ကျော်ဇောထင်ရှားလာသည့် ဘွဲ့ထူးဂုဏ်ထူးက အရှိန်မသေချင်အေး။



သူကိုယ်တိုင် တစ်ချိန်က သိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်ခဲ့၍ ဓားတစ်လက်က အသက်တစ်ချောင်းအတွက် မည်မျှအရေးကြီးကြောင်းကို နားလည်ပြီးသားလည်း ဖြစ်သည်။

ပန်းပဲဖိုမှ အမိဋ္ဌာန်နှင့် သန့်စင်စွာ ထုတ်လုပ်လိုက်သော ဓားမှန်သမျှ အလှထားရန် မှာကြားခဲ့သည်တော့ မဖြစ်နိုင်။

လူများ၏ စိတ်နေသဘောထားနှင့် ခေတ်ကာလတစ်ခုကြောင့် မရှိမဖြစ်လိုအပ်နေသော ဓားတစ်ချောင်းကို အမှန်စင်စစ်တွေးကြည့်မည်ဆိုလျှင်သွေးပေါင်းများစွာသောက်သုံးဖို့ ဖန်ဆင်းပေးလိုက်ရသည့် လူသတ်လက်နက်သာ ဖြစ်၏။

သူလုပ်ပေးသော ဓားလက်နက်က မည်မျှ အစွမ်းထက်မြက်လှသည် အဆန်းတကြယ်ရှိလှသည်ဟု ဂုဏ်ယူဝံ့ကြွားခဲ့စကာမူ သူက ဝမ်းမသာနိုင်တော့။

အသက်အရွယ်အားဖြင့် ကြီးပြင်းလာသည်နှင့်အမျှ ဘုရားရှိခိုးကျောင်းသို့သွား၍ ဓားလက်နက်များ မလုပ်ပေးချင်ကြောင်း ဆုတောင်းခဲ့မိသည်။

အမှန်တော့ သူ့ပန်းပဲဖိုရှိ လူသတ်လက်နက်များ လုပ်ကိုင်ဖို့ လုံးဝ စိတ်ကူးမရှိခဲ့တော့။

သူ သီလကို မဖောက်ဖျက်ချင်၍ ဓားလှံ လက်နက်များနေရာတွင် တစ်နယ်လုံးအတွက် အသုံးဝင်မည့် လယ်သမားသုံး ထွန်သွား၊ တံစဉ်၊ ဇူး၊ ဆောက်၊ တန်ဆာပလာများကို အတိုးချ လုပ်ကိုင်နေခဲ့တာ ကြာခဲ့ပြီ။

လက်ရာကောင်းမွန်သေသပ်ခြင်း၊ လူများအပေါ် စိတ်စေတနာ မှန်ကန်ခြင်းတို့ကြောင့် အသက်အရွယ် ကြီးပြင်း

လာသည်အထိ ပန်းပဲဆရာကြီး ဇော်ဂျင်ဟိုးဆိုသည့် နာမည် တစ်လုံးက သတင်းမွှေးပျံ့နေဆဲ ဖြစ်၏။

သို့ပေမယ့် ဆုတောင်းမပြည့်ခဲ့။

တစ်နေ့ မမျှော်လင့်ဘဲ သူဘယ်လိုမှ ငြင်းပယ်လို့မရနိုင်လောက်အောင် ဓားတစ်ချောင်းကို နန်းစာင်း နယ်စားကျောက်ပိရန်က လုပ်ခိုင်းရန်အတွက် သူ့ထံသို့ ရောက်လာခဲ့၏။

* * *

'ဆရာကြီးရဲ့ သတင်းက တစ်နယ်လုံး မွှေးပျံ့နေပြီးသားကြောင့် ဓားတစ်ချောင်းကို လက်ရာ ကောင်းကောင်းနဲ့ လုပ်မပေးချင်တာလဲဆိုတာ ကျုပ်တော့ စဉ်းစားမရတော့ပါဘူး'

သူ၏ ငြင်းဆိုချက်ကို နယ်စား ကျောက်ပိရန်က လက်မခံခဲ့။

'ကျုပ်ဆုတော်လာဘ်တော်တွေအများကြီး ချီးမြှင့်မှာပါ လေ၊ ပြီးတော့ ခင်ဗျားကို အခွန်တော် လွတ်ငြိမ်းခွင့်ကို ပေးသနားပါ့မယ်'



ဓားလုံးစင်း မင်းကေရှာဇ်ဟူသော စကားအရ နိုးရာ ဓားကို ပြေးကြောက်ရပေတော့မည်ဟူသော အသိကြောင့် နယ်စား၏ ခိုင်းစေချက်အပေါ် သူ့အနေနှင့် ထပ်မံငြင်းဆိုရန် မသင့်ဟု ယူဆလိုက်မိသည်။

'ကျုပ်က ဘယ်လို ဓားပုံစံ လုပ်ပေးရမှာလဲ'

'မှော်ဓားလေ'

'ဘယ်လို....မှော်ဓားဟုတ်လား'

သူ့ဘဝတစ်လျှောက်လုံး တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဘူးသည့် မှော်ဓားဆိုသည် လက်နက်ကို လာရောက်လုပ်ကိုင်ခိုင်းစေသည့် နယ်စားအား အံ့အားသင့်စွာ ငေးမောကြည့်လိုက်မိသည်။

'ကျုပ် လုပ်ခိုင်းတဲ့ လက်နက်ဟာ ဟောဒီ ရှေးဟောင်းဓားကျမ်းထဲမှာ ပုံစံနဲ့တကွ ပြည့်စုံစွာပါပြီးသားပါပဲ၊ သီးသန့်လျှို့ဝှက် လုပ်ကိုင်ပေးဖို့ လိုလိမ့်မယ်၊ ဒါကြောင့် ဒီလက်နက် လုပ်ကိုင်နေစဉ်မှာ တခြားအလုပ်ကို လုံးဝ မလုပ်ကိုင်ပါနဲ့'

'မှော်ဓားအတွက် ခင်ဗျားကို လိုသလောက်ငွေပေးမယ်၊ ပြီးတော့ ဟောဒီဓားကျမ်းအရ လိုအပ်တဲ့ပစ္စည်းပစ္စယတွေ ကျုပ်ဘက်က ပြည့်စုံစွာ ရှာပေးမယ် ဘယ့်နှယ်လဲ'

'ကောင်းပြီလေ၊ အလွန် ဆန်းကြယ်တဲ့ မှော်ဓားတစ်ချောင်းဖြစ်ဖို့ ကျုပ် ကြိုးစားပါ့မယ်၊ ဒါပေမယ့် အနည်းဆုံးတစ်နှစ်လောက်တော့ အချိန်ပေးရပါလိမ့်မယ်'

'အို….ကျုပ်လက်ထဲ မှော်ဓားတစ်ချောင်း ရောက်လာရင် ပြီးတာပဲ'

ဤသို့ဖြင့် မဖိတ်ခေါ်ဘဲ သူ့ထံသို့ စဋ္ဌဒုက္ခတစ်ခုအား ရောက်ရှိလာခဲ့လေပြီ။

* * *

သူ အတော် စိတ်ဓာတ် ကျဆင်းလာခဲ့သည်။

နယ်စားပြန်သွားပြီး တစ်လကျော် ကျော် အ ချိန် အ ထိ ယန်းပဲ့တွေကို မကိုင်ချင်လောက်အောင် စိတ်ပျက်နေမိသည်။

မှော်ဓားတစ်ချောင်း လုပ်ဖို့ နယ်စားကိုယ်တိုင်လာရောက်အပ်နှံသွားသည်ဆိုသော သတင်းကြောင့် သူ့ရှိနေသော ဂုဏ်ရှိန်က ပိုမို မြင့်တက်လာခဲ့လေသည်။

သို့ပေမယ့် သူ့ဘဝက အကျယ်ချုပ်နှောင်ခံထားရသည့် လူတစ်ယောက်နှင့် မခြားလှပေ….။

လျှို့ဝှက်လုပ်ဆောင်ရသော လုပ်ငန်းဖြစ်၍ သူတို့ နေထိုင်ရာ နယ်စွန် ပန်းပဲဖိုလေးအနီး နယ်စား ကျောက်ပိရန်က အစောင့်အကြပ်ပေါင်းများစွာချလျက် သူတို့ သားအဖ နှစ်ယောက်ကို စောင့်ကြည့်ထားစေသည်။



လွတ်လပ်ခြင်းမရှိနိုင်တော့။ ဓားတစ်ချောင်းကို မလျှပ်ကိုင်ရသေးခင် သူ့ဘဝက စိတ်ကျဉ်းကျပ်လှသည်။

'အဖေ၊ အခုထိ နယ်စားအပ်ထားတဲ့ ဓားကို ဘာကြောင့် မလုပ်သေးတာလဲဟင်'

'သမီးဖြစ်သူ မိတဆိုးလေး 'ချူယီကို' အား စိုက်ကြည့်လိုက်မိသည်။

မိခင် ဆုံးပါးသွားတာတည်းက ဖခင်ဖြစ်သူ၏ အရိပ်အာဝါသ အောက်၌ ကြီးပြင်းခဲ့ရရှာသည်။ သူကလေး အရွယ်ရောက်လာခဲ့ပြီ….။

'အဖေ ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားနေတာပါ သမီး'

သမီးလေး စိတ်ချမ်းသာသွားစေရန် ဖြေသိမ့်ပြောပြလိုက်သည်။ သို့ပေမယ့် သမီးက ယုံကြည်လေဟန်မတူ သံသယရှိသော အကြည့်ဖြင့် သူ့အားအကဲခတ် ကြည့်ရှုလိုက်ရင်း….

'အဖေက သမီးကို ဘာကြောင့် ညာရတာလဲဟင်၊ အဖေဟာ ဓားပေါင်း မြောက်မြားစွာကို တက်တက်ကြွကြွ လုပ်လာခဲ့တဲ့သူဆိုတာ သမီးအသိဆုံးပါ'

'နယ်စား လာအပ်ပြီးကတည်းက အဖေ့ကို ကြည့်ရတာ တမှိုင်မှိုင်တတွေတွေနဲ့ ဘယ်လိုဖြစ်နေတယ်ဆိုတာ သမီးကို ပြောပြပါလားအဖေရယ်'

ဟုတ်သည်။ သူ့အမူအရာများက အလျင်လို ရွှင်လန်းတက်ကြွမှု မရှိသည်ကို အတူတူနေလာသည့် သမီးလေးပင် ရိပ်မိစ ပြုလာခဲ့သည်။

ဖခင်အနှင့်သမီး ရင်တွင်းမှာ ဖြစ်ပေါ် ခံစားနေရသမျှ ပွင့်လင်းစွာ ပြောဆို ဆွေးနွေးဖို့ သင့်ပြီဟု သူယူဆလိုက်မိ၏၊ ထို့ကြောင့်....

'ဟုတ်တယ်၊ အဖေ နယ်စားအပ်တဲ့မှော်ဓားကို လုပ်မပေးချင်ဘူး သမီး'

'ရှင်....'

သူ့စကားကြောင့် သမီးလေးမှာ ကြောက်လန့် တုန်လှုပ်သွားလေဟန် မျက်လုံးအဝိုင်းသား ဖြစ်သွားရှာသည်။

အမှန်တကယ်သာ မှော်ဓားကို သူ့အနေနှင့် မလုပ်ပေးနိုင်ခဲ့ပါလျှင် သူတို့သားအဖနှစ်ယောက်စလုံး၏ ကံကြမ္မာက မတွေးဝံ့စရာဖြစ်သွားပေလိမ့်မည်။

'အဖေကိုယ်တိုင် လူအတ် လက်နက်တွေ မလုပ်ချင်ထို ဘုရားကျောင်းမှာ ဆုတောင်းခဲ့တာ သမီးအသိဆုံးပဲ'

'ဓားကျမ်းအရ နယ်စား အဖေ့ကို လာအပ်တဲ့ မှော်ဓားက အဖေလုပ်နေကျ ဓားအစင်းပေါင်းမြောက်မြားစွာထက် တန်ခိုးကြွင်းထန်ပြီး လူပေါင်းများစွာကို သေစေနိုင်တယ်'

မှော်ဓားနှင့် ပတ်သက်၍ သမီးဖြစ်သူ ချူယီကိုအား အစသားစိတ် ရှင်းပြနေမိသည်။

'ဓားတစ်ချောင်း ဖြစ်လာဖို့ မလွယ်သလို မှော်ဓား တစ်လက် ဖြစ်လာဖို့လည်း အလွန်ခဲယဉ်းသည်။

'စဉ်းစားကြည့်စမ်းသမီး အဖေ့ရဲ့ မြင့်မြတ်လှတဲ့ ပန်းပဲပညာကို အများအကျိုးအတွက်သာ လုပ်ဆောင်မယ်ဆိုတဲ့



သန္နိဋ္ဌာန်ဟာ ဒီဓားတစ်လက်ကြောင့် မကြာခင်မှာပျက်ပြယ်သွားမှာ သေချာတယ်။

'နယ်စား ကျောက်ပိရန်ဟာ သိုင်းလောကမှာ ဘုရင်တစ်ဆူလို ထင်ပေါ်ကျော်ကြားလိုသူတစ်ဦးပဲ၊ သူ့လက်ထဲ မှော်ဓား ရောက်ရှိသွားတာနဲ့ အမှန်တရားဆိုတာ ဓားသွားအောက် ရောက်ရှိသွားမှာ သေချာနေပြီသမီး'

'ဒီလိုဆို သမီးတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ ဒီနယ်က အပြီးအပိုင် ထွက်ပြေးရတော့မှာလား'

ချူယီကိုက စိုးရိမ်ထိတ်လန့်လေဟန်နှင့် သူ့စကားပြတ်တောက်သွားသည်နှင့် ကြားက ဖြတ်မေးလိုက်၏။

'ဒီအတွက် သမီး သာမှကြောက်လန့်တုန်လှုပ်နေစရာမလိုပါဘူးကွယ်၊ ဖေဖေ့ရဲ့အတတ်ပညာနဲ့ ပေါ်ပေါက်လာမယ့် နယ်စားရဲ့အန္တရာယ် ဘယ်လို ကာကွယ်ရမယ်ဆိုတာ ဆုံးဖြတ်ပြီးသားပါ'

( ၂ )

မှော်ခါးနှစ်ချောင်း

သံမဏိချောင်းက ပျော့ပျောင်း ညွတ်ကွေးစပြုလာပြီမို့ ပေခုံပေါ်တင်၍ တူနှင့် ခွန်အားစိုက် ထုနှက်လိုက်မိသည်။

အကြောပြိုင်းပြိုင်းထနေသော သူ့လက်များကမှော်ခါး တစ်လက် ဖြစ်လာဖို့ အင်တိုက်အားတိုက် စိတ်ပါဝင်စားစွာဖြင့် သွက်လက်စွာ လှုပ်ရှားလိုက်မိ၏။

သံမဏိချောင်းဆီမှ မီးများ ဖွားခနဲထွက်လာသည်။

ရှေးဟောင်းဓားကျမ်း၌ပါရှိသည့်ပုံစံကို တစ်ထပ်တည်းကျအောင် သွန်းယူရသည်မှာလည်း မလွယ်လှပေ။

ဓားတစ်ချောင်းကို ပုံစံသွင်းရာ၌ သမာဓိအား ပြည့်ဝနေဖို့ လိုအပ်သည်။

သန်မာလှသော တူတစ်ချောင်းထဲတွင် အားစိုက်ထားရသည့် အတွင်းအားက ပန်းပဲဆရာတစ်ယောက်၏ ကျွမ်းကျင်မှု ပညာအဆင့်ကို ဓားပုံသွင်းရာ၌ အပေါ်လွင်ဆုံး ဖြစ်စေသည်။

ထိုအချိန်၌ စိတ်ဓာတ်က ခိုင်ကျက်ခိုင်မာမှုမရှိဘဲ မနော ထဲမှ စိတ်ခင်း စေတနာတို့က ရည်ရွယ်ချက် လွဲချော်သွားခဲ့ ပါလျှင် လိုအပ်သော ဓားပုံစံကို သွန်းလုပ်၍ မရနိုင်ဘဲ အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးသွားစေနိုင်သည်။

ပန်းပဲဆရာကြီး ဇီဂျင်ဟိုးကတော့ တခြားသူများလို မဟုတ်ဘဲ နတ်ဒေဝါများ ဖန်ဆင်းသည့် ဓားတစ်လက်ကို မျှော်ဓားစီရင်ရာ၌ စေတနာ မှန်ကန်စွာ လုပ်ကိုင် ဆောင်ရွက် ပေးလျက် ရှိကြောင်းကို ပေါ်လွင်စေသည်။

သူ့ဘာကြောင့် နယ်စား ကျောက်ပိရန်၏ ခိုင်းစေချက်ကို မလွန်ဆန်ဘဲ လုပ်ပေးရသနည်း....

မျှော်ဓားပေါ်သို့ ဝက်ဝံသွေး၊ စပါးကြီးမြွေ၏အဆိပ်၊ ကျားတစ်ကောင်၏ သည်းခြေ၊ ဆေးဥ၊ ဆေးမြစ်များ ရောမွှေထားသည့် အစွမ်း ထက်မြက်သည့် ဆေးပေါင်းရည်နှင့် သွန်းလောင်းပြီး ဓားပေါ်သို့ဆေးကြောပစ်လိုက်သည်။

နီရဲနေသော ဓားက ရွှံ့စေးပေါ် လိုအပ်သော ပုံစံ အတိုင်း အရွယ်အစားအတိုင်း ရရှိခဲ့ပြီဖြစ်၏။

သို့သော် တစ်ချောင်းတည်းတော့ မဟုတ်။

မျှော်ဓားဖိုနှင့် မျှော်ဓားမ နှစ်ပါးစုံ ဓားနှစ်ချောင်းသာ ဖြစ်၏။



အပြင်ပန်းအမြင်အရ ဓားနှစ်ချောင်းစလုံးက အရွယ်တူ သည်ဟု ထင်သော်လည်း အဖိုဓားက အနည်းငယ် ရှည် သည်။

ထိုသို့ရှည်နေခြင်းမှာဓားသွားချွန်ကြောင့်မဟုတ်။ ဟသ်ာ ရုပ်ကြောင့်သာ ဖြစ်၏။

ဓားအရိုးပေါ်၌ ထုဆစ်ထားသော ဟသ်ာဖို၏အမောက် က မသိမသာ ရှည်နေသည်။

လက်ရာမြောက်လှသော ဓားမောင်နှံမှ အရောင်များ တောက်ပစွာ ပေါ်ထွက်လာသည်။

'ဝှစ်....ဝှစ်....'

ဓားနှစ်လက်ကို ကိုင်လျက် ချိန်ဆလှုပ်ယမ်းလိုက်မိ၏။

ပါးလွှာသည်ဟု မဆိုနိုင်သော ဓားသွား ထုထည်က ကိုင်တွယ်အသုံးပြုလိုက်သည့်အခါ ဓားကျမ်း၌ ပါရှိသည့် အတိုင်း သစ်ရွက်တစ်ရွက်လို ပေါ့ပါး သွက်လက်လှကြောင်း ကို ထူးဆန်းစွာ မြင်တွေ့ရသည်။

အကယ်၍ ရန်သူနှင့်သာ ရင်ဆိုင်တွေ့မည် ဆိုပါလျှင် ဓားမှ စူးရှစွာ ထွက်ပေါ်လာသည့် အလင်းတန်းပေါင်း မြောက်မြားစွာ၏ ပြန့်လွင့်လာမှုမှာ တစ်ဖက်ရန်သူ မျက်စိ ကျိန်းလောက်ပေသည်။

မာကျောသော သံမဏိကို ရွေး၍ ပြုလုပ်ထားသော ကြောင့် အခြား 'ဓား လှံ' လက်နက်များကို ထိခတ်မိရုံနှင့် ပြတ်တောက် ကျိုးပဲ့ သွားစေနိုင်သည်။

တကယ့်ကို စွမ်းရည်ထက်မြက်သည့် မှော်ဓားတစ်ချောင်းသာ ဖြစ်ပါသည်။

ပန်းပဲဆရာကြီး ဗိဂျင်ဟိုးက တွေးခေါ်ကြံစည်မှု ရှိသူတစ်ယောက်သာ ဖြစ်၏။

မှော်ဓားကို ပြုလုပ်စီမံခြင်း မပြုမီကတည်းက ပေါ်ပေါက်လာနိုင်သည့် ပြဿနာကို လေးနက်စွာ တွေးတောပြီးသား ဖြစ်၏။

ထိုဓားကို မပြုလုပ်ပေးလျှင် သူ့အပေါ် ကျေးကျွန်ပိန်တ တစ်နည်းနည်းနှင့် မတရားဖမ်းချုပ် အပြစ်ပေးတော့မည်။ ထိုအခြေအနေမျိုး၌ သမီးလေး ချူယိ နှင့် သူ သေကွဲကွဲရမှာ ကြိမ်းသေသည်။

မှော်ဓားကို သူ လုပ်ပေးလိုက်သော်လည်း ပြဿနာက မအေးသေး။

လက်နက်ဟူသမျှ နှိမ်နင်းပေးနိုင်သည့် မှော်ဓား တစ်ချောင်းသာ ရှိခဲ့လျှင် နယ်စားကျေးကျွန်ပိန်မှာ ဘိုင်းလောကဘ၌ သွေးလွှမ်းသွားစေအောင် ဆိုးရွားစွာ ဒုက္ခပေးမည့်လူ တစ်ယောက် ဖြစ်လာနိုင်သည်။

ထိုအခါ ကျရောက်လာမည့် အန္တရာယ်ကို မည်သို့ ကာကွယ်မည်နည်း။

နယ်စားလက်ထဲ၌ရှိသော ဓားကို တုပယှဉ်ပြိုင်နိုင်သည့် ဓားတစ်လက် လောကထဲမှာ ရှိရပေတော့မည်။

ထို့ကြောင့် မှော်ဓားဖိုကို နယ်စားအတွက် ရည်ရွယ် သွန်းလုပ်ခဲ့သည်။



မှော်ဓားမအား နယ်စားမရိပ်မိအောင် သမီးလေး ချူယိကို အတွက် ရည်ရွယ်ပြုလုပ်ပေးခဲ့ခြင်း ဖြစ်၏။

'အဖေ့အတွက် မကြာခင်မှာ အကြီးမားဆုံး အန္တရာယ် ကျရောက်လာနိုင်တယ်၊ ဒီတော့ အဖေသာ တစ်စုံ တစ်ခုခု ဖြစ်ခဲ့ရင် ဟောဒီမှော်ဓားမကို ယူဆောင်ပြီး သမီး နန်ကင်း နယ်က ထွက်ပြေးပေတော့။

'အဖေ မြင့်မြတ်စွာ သွန်းလုပ်ထားခဲ့တဲ့ ဓားကို အသက်နဲ့လဲပြီး စောင့်ရှောက်ပါ သမီးရယ်၊ အဖေလို အမှန်တရားဘက်က ရပ်တည်နိုင်မယ့် စိတ်ဓာတ်ကို မွေးမြူပြီး သမီးဘဝတစ်လျှောက်လုံးကို မှော်ဓားတစ်ချောင်းနဲ့ ကြံ့ခိုင်အောင် ကာကွယ်ဖို့ပဲ'

မှော်ဓားဖိုကို မအစ်နှံမီ သမီးဖြစ်သူအား မှော်ဓားမကို ပေးအပ်ရင်း တဖွဖွ မှာကြားနေသည်။

အဖေပြောတာတွေ သမီး ဘာမှ နားမလည်နိုင်တော့ဘူး'

'အေးလေ ...အခု နားမလည်ပေမယ့် မကြာခင် သမီး နားလည် လာမှာပါကွယ်'

သမီးဖြစ်သူ စိတ်မကောင်း ဖြစ်မည်စိုး၍ သူကြားရသော သတင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာမှ ဖွင့်ဟမပြောခဲ့။

( ၃ )

### ဇီဂျင်ဟိုး၏ ကံကြမ္မာ

နယ်စား၏ အဆောင်တော် တစ်ခုလုံးက ငြိမ်သက် တိတ်ဆိတ်လျက်ရှိ၏။

ပန်းပဲဆရာကြီး ဇီဂျင်ဟိုးက မှော်ဓားကို အပ်နှံရန် နယ်စားထံ ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

လုံခြုံမှုအတွက် လက်နက်ကိုင် အစောင့်အကြပ် အထပ်ထပ် ချထားသည့် စကြံကို ကျော်ဖြတ်လာခဲ့သည်။

ပန်းပဲဆရာအား မြို့စား၏ ,တက်တော်သား အစောင့်များက ဝိုင်းရံ၍ အဆောင်တော်အတွင်းသို့ လိုက်လံပို့ဆောင်ပေးကြ၏။

သူ၏ စိတ်ထဲ၌ လိပ်ပြာမသန့် ဖြစ်မိသည်က လိုက်လံ ပို့ဆောင်သူများမှာ သူ့ကို ညွှန်ကြားသည်တစ်ဦးကို လိုက်ပို့နေသည်နှင့်မတူဘဲ အချုပ်သားတစ်ယောက်ကို နယ်စားထံ ဖမ်းခေါ်လာသည်နှင့် တူလှန်းလှ၏။

ဇီဂျင်ဟိုး ကြောက်မရွံ့ဘဲ ခြေလှမ်းမပျက် ဆက်လျှောက်လာခဲ့၏။

ခြသေ့်တံခါးပေါက်ကြီး ပွင့်သွားသည်နှင့် သူ့အား အပြုံးနှင့် အသင့်စောင့်ကြိုနေသော နယ်စားကြီး ကျောက်ပိရန့်အား တွေ့လိုက်ရ၏။

ကျောက်ပိရန့်၏အပြုံးက ဟန်ဆောင်မှုတစ်ခုကို ဖုံးကွယ်နေမှန်း သိသာ ထင်ရှားနေသည်။

ဘယ်လို ဟန်ဆောင်မှု မျိုးလဲ။

ဘယ်လို ကြံစည်ထားမှုလဲဆိုတာတော့ ဇီဂျင်ဟိုးရိပ်မိပေမယ့် တွေ့မြင်လိုက်ရချိန်အထိ ခန့်မှန်းရ ခက်လှ၏။

'သတ်မှတ်ထားတဲ့ အချိန်ကာလထက် မှော်ဓား တစ်လက် စောပြီးသွားလို့ ကျုပ်အနေနဲ့ ပန်းပဲဆရာကြီးကို ဘယ်လို ဆုလက်ဆောင်မျိုး ထပ်ပြီး ချီးမြှင့်ရမလဲ ပြောပါဦး'

'မလိုပါဘူး၊ ကျုပ်အတွက် ထိုက်တန်သင့်တဲ့ အခကြေးငွေ ရပြီးပြီပဲ၊ ဒီလောက်နဲ့ ကျေနပ်ပါတယ်'

ဇီဂျင်ဟိုးက ပြတ်ပြတ်သားသား ပြောဆိုလိုက်သဖြင့် မြို့စား၏မျက်နှာ သိသိသာသာ ပြောင်းလဲလာသည်။

မှော်ဓားအာ သူ့လက်ထဲမရောက်ရှိသေးသဖြင့် ချက်ချင်းပင် နှစ်ခြိုက် သဘောကျလေဟန် ရယ်မောရင်း....



'မှော်ဓားရဲ့အစွမ်းကို ကျုပ်ကြည့်ပါရစေဦး'

'အမာဆုံး ကျောက်တုံးတစ်တုံးသာ ယူခဲ့ပါလေ၊ ဘယ်လောက် အစွမ်းထက်မြက်တယ်ဆိုတာ သိရမှာပေါ့'

ဇီဂျင်ဟိုးက ပြောလိုက်သဖြင့် ... မြို့စား၏တပည့်များက ခြေညှိုးများအတပ်တပ်ကပ်နေသော ကျောက်တုံးတစ်တုံးကို အဆောင်တွင်းရှိ ကျောက်ဂူ... ထဲ တင်လိုက်ကြသည်။

ဇီဂျင်ဟိုးက ကတ္တီပါအိတ် အနီရောင်အစွပ်ကို ချွတ်ပစ်လိုက်၏။

တစ်ဆောင်လုံးက သူ့လက်ထဲ ကိုင်ဆောင်လာသည့် မှော်ဓားကို တအံ့တသြ ငေးမောကြည့်ရှုနေကြသည်။

ထူးဆန်းအံ့ဖွယ်ကောင်းအောင် လှပလွန်းသည့်မှော်ဓားက ပန်းပဲဆရာ ဇီဂျင်ဟိုး ဖန်ဆင်းလိုက်တာမှ ဟုတ်ပါလေစ ဟူသော မျက်လုံးများက စူးစမ်းလေ့လာ ကြည့်ရှုရင်း မားဆီသို့ အာရုံပြုမိလိုက်၏။

ဇီဂျင်ဟိုးက ဓားအိမ်မှ လျှပ်တစ်ပြက် ဆွဲထုတ်လိုက်လေသည်။

လေထဲ လက်ခနဲ ပြိုးပြိုးပြက်ပြက် ဖြစ်သွားသည့်ဓားရောင်ကြောင့် အားလုံးက ကြောက်လန့် တုန်လှုပ်သွားမိသည့်အတွက် နောက်သို့ ကပျာကယာ လှမ်းဆုတ်သွားကြ၏။

နယ်စားက မကြာခင် ပိုင်ဆိုင်ရတော့မည်မို့ ကျေနပ်ပီတိဖြစ်နေမိသည်။

အားလုံးက ကျောက်တုံးကို ခုတ်ပိုင်းပြမည့် ဇီဂျင်ဟိုး အား ငြိမ်သက်စွာ စိတ်ဝင်တစား ကြည့်ရှုနေမိကြ၏။

ဇီဂျင်ဟိုးက ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ကျောက်တုံးကို ခုတ်ပိုင်းရန် ချိန်ရွယ်လိုက်၏။

'ထန်...ဒလံ'

အတွင်းအားကို မှော်ဓား၌ အပြည့်အဝ အသုံးပြု၍ နှစ်ချို့ ကျောက်တုံးကြီးကို ခုတ်ပိုင်းပြလိုက်၏။

ကျောက်တုံးက တိခနဲ ပြတ်သွားခဲ့လေပြီ။

အခန်းတွင်းမှ အာမေဋိတ်အသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း'

နယ်စားက ဦးဆောင်၍ လက်ခုပ်ဩဘာသံ ပေးလျက် မှော်ဓား၏ အစွမ်းထက်မြက်ပုံကို ဂုဏ်ပြုလိုက်ကြသည်။

'ကျုပ် ပန်းပဲဆရာကြီး စီရင်တဲ့ မှော်ဓားရဲ့အစွမ်းကို ယုံကြည်သွားပါပြီဗျာ'

ကျောက်ပိရန်က ချီးမွမ်းခန်းဖွင့်၍ မှော်ဓားကို ပေး အပ်ရန် လက်ကမ်းလိုက်၏။

'ကျုပ် မှော်ဓားကို ဇီအတိုင်း မပေးအပ်နိုင်ပါဘူး'

'ဘာ...ဘယ်လို'

'ကျုပ်တို့ ပန်းပဲဆရာတွေဟာ ဓားတစ်ချောင်းဖြစ်လာဖို့ မှန်မြတ်သန့်စင်တဲ့ တရားကိုအားထုတ်ပြီးမှ အဆင့်ဆင့်ပြု လုပ်ရပါတယ် နယ်စားမင်း၊ ဒါကြောင့် ဓားမှာနတ်ဒေဝါ တွေ စောင့်ကြပ်နိုင်ပါတယ်'



'မှော်ဓားကိုမကိုင်ခင်မှာ သစ္စာဆိုဖို့ လိုလိမ့်မယ်'

မြို့စားက သူ့အား မလေးမခန့် ပြောဆိုနေသည်ဟုထင်၍ ဒေါသဖြစ်မိနေသော်လည်း မှော်ဓားက လက်ထဲရောက် မလာနိုင်သေးသဖြင့် အခက်တွေ့နေသည်။

'ကောင်းပြီလေ၊ ကျုပ်သစ္စာဆိုပါ့မယ်'

ဓားပေါ်သို့လက်တင်၍ နှုတ်မှအသံမထွက်အောင် ဖွဖွ လေး ရွတ်ဆိုလိုက်၏။

ဇီဂျင်ဟိုးက စိတ်ချယုံကြည်သွားသဖြင့် မှော်ဓားဖိုအား နယ်စား၏လက်သို့ ဆက်သလိုက်လေသည်။

'သိပ်ကို ကျက်သရေရှိတဲ့ဓားပဲ၊ ဒီဓားကြောင့် ကျုပ်ရဲ့ ဂုဏ်ရှိန်ဟာ အလိုလိုထပ်တက်ပြီးသား ဖြစ်သွားမှာ သေချာ တယ်'

ဓားကိုကိုင်လျက် လှည့်ပတ်ကြည့်ရှုရင်း အရမ်းကိုဝမ်းသာ နေသည်။

ဓားအိမ်မှ မှော်ဓားကို လှစ်ခနဲဆွဲထုတ်လိုက်ရင်း....

'ဝှစ်....ဝှစ်....ဝှစ်'

လေထဲတွင် ဝှေ့ယမ်း၍ စိတ်တိုင်းကျ ကစားကြည့် လိုက်၏။

သူ့အတွက် ပေါ့ပါးသွက်လက်စွာ ကစားနိုင်မည့် ဓား တစ်လက်ဖြစ်ကြောင်းကို ကောင်းစွာ သိရှိနားလည်လာခဲ့ သည်။

ဇီဂျင်ဟိုးကို လှမ်းကြည့်လိုက်သည်။

ဓီလိုနယ်မျိုး၌ ရှားပါးသော မှော်ဓားတစ်လက်ကို စီရင်ဖန်တီးခဲ့သော ဓားဝိဇ္ဇာပန်းပဲဆရာကြီးအဖြစ် မကြာမီ ထင်ပေါ်ကျော်ကြားလာဦးမည် ဖြစ်၏။

သူအပ်နှံထားသော ဓားဝိဇ္ဇာကျမ်းမှဓားကို ဇီဂျင်ဟိုး တစ်ယောက် ကောင်းကောင်း လုပ်ကိုင်တတ်သွားလေပြီ။

ထိုသို့ စဉ်းစားလိုက်မိသည်က ဇီဂျင်ဟိုးတစ်ယောက် လောကတွင် အသက်ရှင်နေအမျှ မှော်ဓားနောက်တစ်ချောင်း ကို တခြားတစ်ယောက်သို့ ထပ်မံမလုပ်ပေးပါဟု အာမ မခံနိုင်။

မှော်ဓားတစ်ချောင်းနှင့် ပြိုင်ဘက်ကင်းစွာ ဘုရင်တစ်ဆူ လို နေချင်လှသော သူ့အတွက် စိတ်အနှောင့်အယှက်တစ်ခု ဝင်လာသလို ခံစားလိုက်ရ၏။

ဓားကို လေးတဲခု့ယမ်း ခုတ်နေရပေမယ့် စိတ်မပါလှ ပေ။

ဇီဂျင်ဟိုးကို ရှေ့လျှောက် ဘယ်လို ဆုံးဖြတ်ရမည်ကိုသာ ခေါင်းထဲ ထည့်စဉ်းစား၍ အကြံထုတ်နေမိသည်။

'ကျုပ်ဘက်ကအဘဝန်ကျေပြီမို့ ပြန်ခွင့်ပြုပါဦးနယ်စား'

'အို... နေပါဦး၊ ဆုတော် လာဘ်တော် လးဗတွ ကပ်ယူ သွားဦးမှပေါ့'

'မလိုပါဘူး'

ဇီဂျင်ဟိုးက ချာခနဲလှည့်ထွက်ပြန် ပြင်ဆင်လိုက်၏။

မှော်ဓားကိုင်ထားသော သူ၏လက်နှစ်ဖက်က ဘီးလူး စီးသလို အသားတွေ တဆတ်ဆတ်တုန်လာခဲ့လေပြီ။



'ဩော်... မှော်ဓားက သွေးဆာလာပြီကော'

'ယား...'

'အား...'

အကြံပက်ဂက်လှသည့် နယ်စားက ကျေးဇူးတရားကိုမှ မထောက်ထဲ ပန်းပဲဆရာကြီး ဇီဂျင်ဟိုးနောက်သို့ လှားခနဲ ခုန်၍ ဓားဖြင့် ခေါင်းကို ခုတ်ပိုင်းပစ်လိုက်လေသည်။

အဆောင်တော်အတွင်း သွေးသံရဲရဲ မြင်ကွင်း တစ်ခု ပေါ်လာခဲ့ခြင်းဖြစ်၏။

လျှပ်တစ်ပြက် လှုပ်ရှားလိုက်သည့် နယ်စားကို အဆောင် တော် အတွင်းရှိလူများက နားမလည်နိုင်အောင် ဝိုင်း၍ ကြည့်ရှုနေကြသော်လည်း တုံ့ပြန် ပြောဆိုရဲသည့်လူ တစ် ယောက်မှ မရှိ။

နယ်စားက ဇီဂျင်ဟိုး၏ ခေါင်းပြတ်ကိုကိုင်ရင်း ...

အောင်ပြီကွ....အောင်ပြီ၊ သိုင်းလောကမှာ မှော်ဓား တစ်လက် ရရှိထားသူ ဘုရင်တစ်ဆူလို ငါဖြစ်တော့မယ်၊ အစွမ်းထက်လှတဲ့ မှော်ဓားကြောင့် သိုင်းလောကမှာ လူ အပေါင်းက ကြောက်ရွံ့ကြည်ညိုလှတဲ့ ဓားသမား ဖြစ်လာ မှာ အမှန်ပဲ။

'ဒါဟာ ငါ့အောင်မြင်မှုအတွက် ပန်းပဲဆရာရဲ့ သွေးနဲ့ ပထမဆုံး စတေးပစ်လိုက်တာပဲ၊ ဒါမှ မှော်ဓားတစ်ချောင်း နောက်ထပ် မပေါ်ပေါက်လာနိုင်မှာ၊ ဒီတော့ ကျူပင်ခုတ် ကျူငုတ်မကျန်အောင် မှော်ဓားနဲ့ပတ်သက်သမျှသိနားလည် တဲ့ သူ့အမီးကိုပါ အပြတ်ရှင်းပစ်လိုက်ကြ'

နယ်စား၏ကြိမ်းဝါးသံက ကြောက်မက်ဖွယ်ကောင်းလှပေစွ။

အတတ်ပညာတစ်ခုကို ကျွမ်းကျင်စွာ နားလည် တတ်မြောက်ခြင်းက လူတစ်ယောက်၏ ဘဝအတွက် ဆိုးရွားလှသည့် အန္တရာယ်တစ်ခုသာ ဖြစ်လေတော့သည်။

ငြိုပ်ဆိုးမွှေသော ခမ္ဘာ်ဓားတစ်ချောင်းကြောင့် ဇာဂျင်ဟိုး လူ့လောကထဲကပျောက်ကွယ်သွားခဲ့ရသလို သမီးဖြစ်သူ ချူယာကိုတစ်ယောက် အန္တရာယ်စက်ကွင်းမှ လွတ်ပါမည်လား။

( ၄ )

ကျူပင်ခုတ် ကျူငုတ် မကျန်စေရ

အဆောင်းရောင်ဆောက်၌ ဓားသမားတို့က ပန်းပဲဖိုသို့ ဆုန်းစိုင်းနှင်လာသည်။

'ခွပ်....ခွပ်'

'ခွပ်... ခွပ်'

အနက်ရောင် ဝတ်စုံများကို ဆင်မြန်း၍ လူသတ်လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် ဓားသမားများမှာ နယ်စား၏ လက်ပါးစေများများဖြစ်ကြ၏။

ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ရာ၌ ခိုင်းစေသည့်အတိုင်း စိတ်ချရသော လူသတ်အဖွဲ့ပါးကွက်သားအဖွဲ့သာ ဖြစ်၍

ယခုလည်း ဇင်္ဂျင်ဟိုး၏သမီး ချူယိကိုအား ရှင်းပစ်ဖို့ နယ်စားတာဝန်ပေး ခိုင်းစေချက်အရ ပန်းပဲဖိုသို့ ထွက်လာခဲ့ခြင်း ဖြစ်၏။

မြင်းခွာသံများကြောင့် ပန်းပဲဖိုတွင်းရှိလူများ ရှုတ်ရှက်ခတ် ဖြစ်သွားကြလေသည်။

အနက်ရောင် ဆိုင်းသမားများက ဇင်္ဂျင်ဟိုး၏ တပည့်များ လွတ်ထွက်မသွားနိုင်ရန် ဝိုင်းရံထားပြီးသား ဖြစ်နေရှာသည်။

'ဘယ်မှာလဲ... ဇင်္ဂျင်ဟိုးရဲ့သမီး'

'ဟို... ဟို... အိမ်ထဲမှာရှိပါလိမ့်မယ်'

အနက်ရောင် ဆိုင်းသမားတို့က မြင်းပေါ်မှဆင်း၍ အိမ်သို့ ဝင်ရန် ပြင်ဆင်လိုက်ကြ၏။

ချူယိကိုအတွက် ပြေးပေါက်မရှိအောင် ပိတ်ဆို့ထား လိုက်ကြလေပြီ။

'ဝုန်း...'

'ဝိုး... ဝှစ်... ဝှစ်'

'ဒုတ်... ဒုတ်'

'အား...'

အသိမ်ရှိ စွာ တံခါးကို တွန်းဖွင့်လိုက်သည့် ဓားသမား တစ်ဦး၏ရင်ဝသို့ မြားနှစ်စင်းက ရုတ်တရက် ဝင်သွားခဲ့လေပြီ။



အလစ်တိုက်ခိုက်ခံလိုက်ရသဖြင့် အားလုံးက စံအိမ်ထဲသို့ မဝင်ရဲကြဘဲ အပြင်မှ ဝိုင်းရံလျက် အခြေအနေကို အကဲခတ် စောင့်ကြည့်နေ လိုက်မိ၏။

'ဟေ့... အမိုက်မ၊ ထွက်ခဲ့စမ်း'

အမိန့်ပေး ခြောက်လှန့်သံ ပြုလိုက်ပေမယ့် စံအိမ်တစ်ခု လုံးက ငြိမ်သက်နေဆဲ။

ညည်းညည်းမျှပင် လှုပ်ရှားသံမကြားရသဖြင့် အနက်ရောင် ဆိုင်းသမားများ သံသယဖြစ်သွားမိ၏။

'အထဲကိုဝင်ဖို့ ပြင်ကြစမ်း'

ခေါင်းဆောင်လုပ်သူ၏ အမိန့်သံကြောင့် လှံသမားနှင့် ဓားသမားတစ်ဦးက အနားသို့ ရဲတင်းစွာ တိုးကပ်လာခဲ့ ပြန်သည်။

အဝင်အဝ တံခါးပေါက်၌ မြားဖောက်ခံရနှင့်သေဆုံးနေသူ၏ အလောင်းကို လွှားခနဲ ခုန်ကျော်၍ အသင့်အနေအထား နှင့် အတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။

ညွှန်းမဆောင်တစ်ခုလုံး မည်သူမျှမရှိ။

ချူယိကိုတစ်ယောက် ပျောက်ဆုံးနေလေပြီ။

ခေါင်းဆောင်လုပ်သူက အိမ်တွင်းသို့ဝင်လာရင်း ဉာဏ် များလှသည့် ချူယိကို၏ တံခါးနှင့် ဆက်သွယ်ထားသည့် ထောင်ချောက်တစ်ခုကိုကြည့်ရင်း မကျေမနပ်နိုင်အောင် ဖြစ် နေမိသည်။

'ဟောက်... ဉာဏ်များတဲ့ ဧကောင်မ'

ချူယီကိုက သူ့ဖခင်မှာကြားသည့်အတိုင်း မှော်ဓားမကို ယူဆောင်၍ လူယုံတော်ကိုခေါ်၍ သည်နယ်မှ ရှပ်ဖျက်ထွက်ခွာသွားခဲ့ရှာလေပြီ။

*　*　*

စေးလံလှသော တောင်ပိုင်းပြည်နယ် ဆူချူးမြို့ကလေးက ငြိမ်းအေးသာယာလှပေသည်။

လက်လုပ်လက်စား နေထိုင် စားသောက်သူ များလှသဖြင့် နေထိုင်ရသည်က ပိုကောင်းလှ၏။

ဆူချူးမြို့တွင် ဖွင့်လှစ်ထားသော ပန်းပဲဖိုကလေးက တူသံပေသံ ဆူညံစွာ ပေါ်ထွက်လာသည်။

ဖခင်၏ အမွေလုပ်ငန်းကို ထိုနယ်လေး၌ သမီးငယ် ချူယီကိုက လူယုံတော်တပည့်ဖြစ်သူ ဟိုက်ချိန်နှင့်ဆက်လက်လုပ်ကိုင်ရင်း ဇာတ်မြှုပ်နေထိုင်ခဲ့ကြ၏။

ဖခင်ဖြစ်သူအား နယ်စားက မတရား ဖမ်းဆီးသတ်ဖြတ်လိုက်သည်ဆိုသောသတင်းကို ကြားရသည့်အခါ ချူယီကို တစ်ယောက် ပြင်းထန်စွာ ကြေကွဲခံစားရသည်။



သူ့မှာတာဝန်ရှိသည်က ဖခင်ကြီးမသေသဆုံးမီ သူမအား ပေးအပ်ခဲ့သည့် မှော်ဓားမနှင့် တစ်နေ့ ပေါ်ပေါက်လာမည့် အန္တရာယ်ကို အသက်ပေး၍ ကာကွယ်သွားရန် ဖြစ်သည်။ ချူယီကို ရင်ထဲ၌ နာကျင်စွာ ခံစားနေရသမျှအစိုင်အခဲတစ်ခုမှာ ဖြစ်လာခဲ့ရရှာသည်။

သိုင်းပညာနှင့်ပတ်သက်၍ အဆင့်မြင့်သင်ကြားခွင့် မရှိနိုင်သေးသမျှ မှော်ဓားမ လက်ဝယ်ထားရှိမှုခြင်းမှာအန္တရာယ်တစ်ခုလို ဖြစ်နေရှာပေလိမ့်မည်။

နယ်စား ကျောက်ပိရန်၏ အန္တရာယ်ကလည်း မငြေးနိုင်သေး၍ သူ၏ မြှုပ်နှံထားသည့် ဘဝဟောင်းကို အချိန်အခါ မသင့်မီ လူသိရန် မဖြစ်နိုင်သေး။

သို့သော်....

သူက ဖခင်၏ပေးအပ်ထားသည့် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်ဟု ယတိပြတ် ဆုံးဖြတ်ချက်ချထားသူဖြစ်၏။

ထို့ကြောင့် သူကိုယ်တိုင် ဦးဆောင်လုပ်ကိုင်သည့် ပန်းပဲဖိုတွင် ဆူချူးမြို့ကလေးကို ကာကွယ်ပေးနိုင်ရန် အကောင်းဆုံး ဓားလှံလက်နက်တို့ကို ပြုလုပ်ပေးလျက်ရှိ၏။

'ကြိုတင်လာမှာထားတဲ့ ဓားဆယ်လက်ကို အမြန်ဆုံးပြီးစီးအောင် လုပ်ကိုင်ပေးလိုက်ဦးနော်'

ဟိုက်ချိန်ကို လှမ်းပြီး သတိပေးလိုက်၏။

'စိတ်ချပါ သခင်မလေးရဲ့၊ ပုံစံသွန်းဖို့ပဲ လိုပါတော့တယ်၊ မကြာခင် ပြီးစီးသွားမှာပါ'

ဟိုက်ချိန်က သူ့ငယ်ကြည်စိတ်ချအောင် စကားပြန်ပြောဆိုလိုက်၏။

သူက ဖခင်လက်ထက်ကတည်းက အားကိုးရသည့် သစ္စာရှိသော လူယုံတော်။

‘ငါတို့ဘဝဟာ ဒီလိုပဲ အာဏာစက်အောက်မှာ ရှောင်တိမ်းနေလို့ မဖြစ်ဘူး ဟိုက်ချိန်၊ အခြေအနေက မကြာခင် တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်တယ်၊ တို့ဘဝဟာရှေ့လျှောက် ဒီ့ထက် ကြမ်းတမ်းလာဖို့ပဲ ရှိတော့တယ်မဟုတ်လား။

‘ဒီတော့ သွားလာနေထိုင်ဘာတာအစ သတိဝီရိယရှိဖို့လိုပြီ၊ နယ်စား ကျောက်ပိရန် သတင်းကိုလဲ အမြဲ နားစွင့်ထားရမယ်’

ဟိုက်ချိန်ကို အမြဲလိုလို သူဖြစ်ချင်သော စိတ်ဆန္ဒကို ပွင့်လင်းစွာ တိုင်ပင်တတ်သည်။

ချူယီကို တစ်ယောက်က ပန်းလေးတစ်ပွင့်လို လှပနေသော်လည်း ရန်စောင်တတ်သောဆူးများနှင့် ရှိနေတတ်သော အဆိပ်ပန်းတစ်ပွင့်သာ ဖြစ်၏။

ဖခင်ဆုံးမခဲ့သော စကားကို သူဘယ်တော့မှ မမေ့၊ ဘဝကို ကြံ့ခိုင်အောင် နေထိုင်သွားနိုင်ရန် ကြိုးစားရပေဦးမည်။

ထိုနယ်သို့ ရောက်လာကတည်းက မိန်းမကြမ်းလေး တစ်ဦးလို ယောကျ်ားများနှင့် ရင်ပေါင်တန်း၍ ပန်းပဲလုပ်ငန်းကို ဦးစီးလုပ်ကိုင်လာခဲ့သူမို့ သူ့အသွင်က အနည်းငယ် ကြမ်းတမ်းစ ပြုလာခဲ့၏။



သူ့ပုံစံကို ကြည့်ပြီး တချို့ ယောကျ်ားလေးများပင် အနှောင့်အယှက်ပေးဖို့ အနားမကပ်ဝံ့အောင်ပင် ဖြစ်ရလေသည်။

( ၂ )

မှော်ဓားရှင် ကျောက်ပိရန်

မြင်ကွင်းက . နယ်စား ကျောက်ပိရန်၏ မှော်ဓားစွမ်းကို ပြသမည့် စိန်ခေါ် ယှဉ်ပြိုင်အတ်ပုတ်ပွဲလေး တစ်ပွဲသာ ဖြစ်သည်။

တစ်ဖက်မှ သူနှင့် ယှဉ်ပြိုင်မည့်ဓားသမားကလည်း သိုင်းလောက၌ ကျော်စောသည့် ထိပ်သီး သိုင်းဆရာကြီးတစ်ဦးပင် ဖြစ်၏။

မှော်ဓားပို၏အစွမ်းအစကို ပွဲဦးထွက် ပြသရမည်ဖြစ်သောကြောင့် ဓသွးတကြွကြွ ဖြစ်နေသည်။

ကြည့်ရှုနေသူများက ရင်တမမ ဖြစ်နေသော်လည်း တစ်ဖက် ပြိုင်ဘက် သိုင်းဆရာကြီးက ပကတိ တည်ငြိမ်အေးဆေးစွာ ရှိနေလေသည်။

'ကျုပ် ခင်ဗျားကို အနိုင်တိုက်ခိုက်နိုင်မှ သိုင်းလောကမှာ ဘုရင်တစ်ဆူဖြစ်မှာမို့ အခုလို ဖိတ်ခေါ်ယှဉ်ပြိုင်ရတဲ့အတွက် ကံဆိုးသွားမယ့် နေ့ရက်ဖြစ်ရင် ကျုပ်ဘက်က တောင်းပန်ရမှာပါလေ၊ ဟဲ....ဟဲ'

'သိပ်လဲ အပြောမကြီးပါနဲ့ နယ်စားမင်းရယ်၊ ဓားဆိုတာ အင်မတန် နတ်ကြီးတယ်၊ ကိုယ်ထင်ထားသလို ဖြစ်မလာတတ်ပါဘူးလေ'

'ကောင်းပြီ....ဒါဆို ခင်ဗျားဘက်က အသင့်ပြင်ထားပေတော့'

တစ်ဦးနှင့်တစ်ဦး ခုတ်ပိုင်း သတ်ဖြတ်နိုင်သည့် အကွာအဝေးတစ်ခုတွင် နှစ်ယောက်သား အသင့်နေရာယူထားလိုက်ကြ၏။

နှစ်ဦးစလုံးက ဓားရေး၌ ကျွမ်းကျင်သည့် သိုင်းသမားများဖြစ်၍ တစ်ဦးနှင့်တစ်ဦး အလစ်မပေးနိုင်လောက်အောင် စူးစိုက်ကြည့်နေကြ၏။

နယ်စား ကျောက်ပီရန်က မှော်ဓားကို ခေါထဲ၌ ဆတ်ခနဲ ဆွဲအထုတ် လက်ခနဲထွက်ပေါ် လာသည့် အလင်းတန်းကြောင့် ထိပ်သီး သိုင်းရာဇာကြီး အနည်းငယ် တုန်လှုပ်သွားမိလေသည်။

ထိုဓားမျိုးကို သူ့တစ်သက်နှင့်တစ်ကိုယ် မမြင်ဘူးခဲ့။



ထူးခြားလှသော အလင်းတန်းများက မျက်နှာပေါ်သို့ ဖျတ်ခနဲ ထိုးကျလာသည်။

သိုင်းပညာနှင့်ပတ်သက်၍ နယ်စားအပေါ် ကြောက်ရွံ့စိတ် မရှိသော်လည်း ထူးဆန်းသောဓားကို မြင်လိုက်ရသဖြင့် အလွယ်တကူ တိုက်ခိုက်ရန်မလွယ်ကြောင်း သတိထားမိလိုက်သည်။

ချွန်ထက်လှသော ဓားသွားက ပုစဉ်းတစ်ကောင် နားခိုလာတောင်မှ တခနဲ ပြတ်သွားနိုင်လောက်အောင် သေးသွယ် ထက်မြက်လွန်းလှပေသည်။

'ဝှစ်....ဝှစ်....ဝှစ်....ဝှစ်....'

လှုပ်ယမ်းရောက်ရှိလာသော ဓားချက်များက သွက်လက်မြန်ဆန်လွန်းသဖြင့် လွှားခနဲ ခုန်၍ ရှောင်တိမ်းနေရ၏။

နယ်စား၏ ဓားချက်က ပိုမို သွက်လက်နေသလို ထင်ရ၏။

သိုင်းရာဇာကြီး အနေနှင့် တုံ့ပြန် တိုက်ခိုက်ရန် အခွင့်အလမ်း မရရှိသေး၊ ဓားချက်များ တစ်ကိုယ်လုံး အမွန်းမခံရအောင် အသက်လု ရှောင်တိမ်းနေရသည်။

နယ်စားက မှော်ဓားစွမ်းကို ပြသလိုက်ရသဖြင့် နှစ်ခြိုက်သဘော ခွေ့နေသည်။

'ဘယ်လိုလဲ သိုင်းရာဇာကြီးရဲ့၊ အပိုင်ခုတ်လေဗျာ၊ ဟဲဟဲ'

မထိတထိ အပ်ဖျားလေးနှင့် ထိုးဆွသလို ပြောဆိုနေပေမယ့် တည်ငြိမ်ပြီးသား သိုင်းသမားကြီးက တစ်စက်ကလေးမှ ဣန္ဒြေ ပျက်မသွားခဲ့။

ဓားရိုးကို သတိကြီးစွာ ဆုပ်ကိုင်ရင်း မှော်ဓားဖိုမှ မှောင်ပြန်ဟပ်လာသည့် အလင်းတန်းများကို ဓားသွားနှင့် ကာရင်း တိုက်ကွက် အနေအထားကို စိုက်ကြည့်နေလိုက်၏။

ခြေကို သစ်ရွက်ကလေးတစ်ရွက် မြေပြင်ပေါ် ရှပ်တိုက်လွင့်မျောလိုက်သလို ရွှေ့လိုက်၏။

ကျောက်ပိန့်က လှုပ်ကမလှုပ်သော်လည်း သူ၏မျက်လုံးများက ဂနာမငြိမ် သိမ်းစွန်ငှက်တစ်ကောင်လို ရွှေ့နေသည်။

မကြာမီ ကြုံတွေ့လာမည့် အန္တရာယ်ကို စိတ်ထဲမှာ သိနေသည်။

ထို့ကြောင့် မှော်ဓားဖိုက သူ့အတွက် အနိုင်နှင့်အရှုံးကို အဆုံးအဖြတ် မပေးနိုင်သေး။

ဟိုင်း....တန်.......ဒလံ'

ဓားဦးချွန်နှင့်ထို၍ တိုက်ကွက်ဆင်လိုက်သောကြောင့်ပင် ထိခတ်သံတစ်ခု နားထဲသို့ စီးဝင်ရောက် လာခဲ့၏။

သံချိုး ထိခတ်သံများကို ဓားကျမ်း၏ အလိုအရ စနစ်တကျ ခွဲခြားတတ်ဖို့လိုသည်။

ပညာချင်းယှဉ်၍ တူညီနေသောအခါမျိုးတွင် တစ်ဖက်လူ၏ ပက်နက်ကို နားလည်တတ်ဖို့ လိုအပ်သည်။

သံမှာလည်း အဖိုအမ ခွဲခြားလို့ရသည်။

ပကတိမာကျောသောအရာကို ပေခုံပေါ်တင်၍ အချက်ပေါင်းများစွာဖြင့် ပုံသွန်း၍ ဓားဖြစ်လာသည့်အခါ သဘာဝတရားကြောင့် ဖြစ်ပေါ်လာရခြင်း မဟုတ်သဖြင့် အပျော့အမာ အထူးအပါး မတူညီနိုင်ပေ။



ထိခတ်သံကို နားထောင်၍ ဓားတစ်ချောင်း၏ အင်္ဂါရပ်ကို ခန့်မှန်းသိရှိနိုင်ရန် ဓားကျမ်းထဲမှ ကျောက်ပိရန့်လေ့လာသိရှိခဲ့ပြီး ဖြစ်၏။

ထို့ကြောင့် ထိပ်သီး သိုင်းရာဇာကြီး၏ဓားက မည်သည့်နေရာ၌ မာကျောမှုမရှိနိုင်ကြောင်းကို ချက်ချင်း သိရှိသွားခဲ့လေပြီ။

'ရွှမ်း'

ထန်း....ထန်း....ထန်း'

'ဒလံ....ဒလံ'

ဓားကို လေထဲ ချိန်ဆခုတ်ပိုင်းလိုက်ရင်း ပြင်းထန်စွာ တိုက်ခိုက်နေသည်။

ကျောက်ပိရန့်၏ ခုတ်ချက်များကို ဓားသွားခြင်း ခုခံကာကွယ်နေရာမှ....

ပါးနပ်လိမ္မာစွာ ပေါ့ပါးသွက်လက်ဆုံး ခုန်ကျော် ရှောင်တိမ်းလိုက်၏။

နယ်စားဟာ သူ ကြံရွယ်ထားသည့် ထောင်ချောက်ထဲ ကွပ်ခနဲ မဝင်လာနိုင်မှန်းသိ၍ တိုက်ကွက်အသစ်ကို ပြောင်းလဲပစ်ဖို့ ခေါင်းထဲ စဉ်းစားနေသည်။

သည်ပွဲ၌ သူ မှချနိုင်မှ ဖြစ်ပေလိမ့်မည်။

မှော်ဓား၏ အစွမ်းက တိုက်ခိုက်ရင်း ထက်မြက်လာကြောင်း သူ ယုံကြည်မိပေမယ့် အခုထိ အနိုင်တိုက်ခိုက်ခွင့် မလာနိုင်သေး။

'ဝှီး....ဝှီး....ဝှီး'

သိုင်းရာဇာကြီး၏ တိုက်ကွက်ဆင်လာသည့် ဓားချက်များ က ပြင်းထန်စွာ ဖြတ်သန်းလျက်ရှိ၏။

ထိုသို့ကြမ်းတမ်းပြင်းထန်လွန်းသည့် မုန်တိုင်းဓားချက်ကို ရှောင်တိမ်းရသည်မှာ လွယ်ကူလွန်းလှ၏။

လေထဲ၌ ခုတ်ပိုင်းရန် ပြင်ဆင်လိုက်သံ၊ လေတိုးသံကို နားဆင်ကြည့်ရုံနှင့် ဓားလမ်းကြောင်း၏ ဦးတည်ရာကို အလိုလို သိနေခြင်းကြောင့် ဖြစ်၏။

'ထန်း....ဒလန်...ခြမ်း'

မှော်ဓားဖိုက အပြင်းထန်ဆုံးဓားချက်ကို ကန့်လန့် တာရံ လိုက်သည်နှင့် ထိပ်သီး သိုင်းရာဇာကြီး၏ဓားကို မှော်ဓားဖို ၏ အသွားထက်ထက်က ခုတ်ပိုင်းပစ်လိုက်သကဲ့သို့ ဖြစ်သွား မိသည်။

ဓားကျိုးသွားခဲ့သဖြင့် အနိုင်အရှုံး အဖြေပေါ်သွားခဲ့ လေပြီ။

သို့ပေမယ့် နယ်စားကျောက်ပိရန်က သိုင်းလောကကို သွေးလွှမ်း အနိုင်လိုချင်သူ လူတစ်ယောက်သာ ဖြစ်သည်။

'ဝှစ်....ဝှစ်....ဝှစ်'

'နယ်စားး ဒီလောက် အကြံပက်စက်မယ်လို့ ကျုပ် မထင်ဘူး'

ဟား....ဟား....ဟား အနိုင်ရတာခြင်းအတူတူ ကျုပ်ရဲ့ မှော်ဓား အကြောင်းကို သိတဲ့လူဟာ သိုင်းလောကမှာ အသက်ရှင်ခွင့် မရှိစေရဘူး'

'ကိုင်း....'



'ဝိုး....ဝိုး'

လက်နက်မဲ့ ဖြစ်သွားရှာသည့် ထိပ်သီးသိုင်းရာဇာကြီးကို သတ်ဖြတ်နိုင်ရန် ပြင်းထန်စွာ အားထုတ်လိုက်သည်။

'ထန်....ဒလန်.. ဒုတ်'

'ဟာ....'

သိုင်းရာဇာကြီးက အနီးရှိ သံတုတ်တစ်ချောင်းနှင့် မိုးခုတ် လိုက်သော မှော်ဓားကို ဖြတ်၍ ကာစလိုက်သော်လည်း သံကိုစား၍ ထက်မြက်လာပြီဖြစ်သော မှော်ဓားက သံတုတ်၏ အလယ်ကို တိခနဲ ခုတ်ပိုင်း ဖြတ်တောက် ပစ်လိုက်ပြန်သည်၊

သိုင်းရာဇာကြီးမှာ မျက်စိကိုမယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားစေခဲ့သည်

'စွပ်'

'အား'

'ဟား....ဟား....ဟား....ဟား'

သတိတစ်ချက် လစ်သွားသည်ကို အသင့်စောင့်ဆိုင်း နေသည့် နယ်စားက ဓားဖြင့် ရင်ဝကို ထိုးသတ်၍ ဂုဏ်ယူ ဝင့်ကြွားစွာ ရယ်မောလိုက်သည်။

မှော်ဓားဖို၏ ဓားစွမ်း ထက်မြက်ပုံကို အားလုံးက ကောင်းစွာသိရှိနားလည်ခဲ့ကြလေပြီ။

မှော်ဓားရှင် ကျောက်ပိရန်အား သိုင်းလောက၌ ပြိုင်ရန် မှော်ဓားရှိမှသာ စွမ်းဆောင်နိုင်မည်ဟု သတင်းစကား ပျံ့နှံ့ ခဲ့လေပြီ....

## ( ၆ )

'တောက်....ဓားကျမ်းကို အမေသာအချာမဖတ်မိလို့ ပန်းပဲဆရာကြီး ဇီဂျင်ဟိုးဆိုတဲ့အကောင်ဏ ငါ့ကို လူလည်လုပ်ခဲ့တာကွ'

'တကယ်တော့ ဓားကျမ်းရဲ့ စာမျက်နှာ (၂၃၆) မှာ မှော်ဓားအစွမ်းဆိုတာ အဖိုနဲ့အမ မှောင်နှံလုပ်မှ အစွမ်းထက်မြက်နိုင်သည်တဲ့၊ အခုတော့ မှော်ဓားမကို သူလုပ်ပေးထားပြီး ငါ့ကို မအပ်ဘူးဆိုတာ သိသာပေါ်လွင်နေပြီပဲ'

နယ်စားဏ သိုင်းရာဇာကြီးနှင့် ပွဲဦးထွက် သတ်ပုတ်တိုက်ခိုက်ရသည့်ပွဲ၌ မှော်ဓားဖိုကို ကိုင်ဆောင်ပြီး အနိုင်တိုက်ရန်အနည်းငယ် အခက်အခဲရှိလာသဖြင့် မှော်ဓားနှင့်ပတ်သက်

၍ သံသယဖြစ်လာခဲ့မိရာမှ ဓားကျမ်းကို လှန်လှောကြည့်ရှုမိရာမှ ပန်းပဲဆရာ ဇီဂျင်ဟိုး၏ လျှို့ဝှက်ချက်များကို သိရှိသွားခဲ့လေပြီ။

မှော်ဓားဖိုရှိသလို မှော်ဓားမလည်း ရှိရပေတော့မည်၊ ယခုတော့ မည်သို့ လုပ်ရမည်နည်း။

ပန်းပဲဆရာ ဇီဂျင်ဟိုးကလည်း သေဆုံးသွားခဲ့လေပြီ ဖြစ်သောကြောင့် မှော်ဓားမတစ်ချောင်း ရရှိဖို့ မလွယ်လှပေ၊

ဇီဂျင်ဟိုးက မှော်ဓားမ တစ်ချောင်းကို လုပ်ခဲ့မည်လား။

အကယ်၍ လုပ်ခဲ့ပြီးပြီဆိုလျှင် ထိုမှော်ဓားမ တစ်ချောင်းမှာ သမီးဖြစ်သူ ချူယာ့ကိုထံမှာ ရှိနေမှာ သေချာသည်။

ချူယာ့ကို ဘယ်မှာရှိနေသည်ကို အမြန်သိရှိရန် စုံစမ်းမှ ဖြစ်ပေတော့မည်။

• • •

မှော်ဓားမဘစ်လက်၏သတင်းကို မကြာခင်အချိန်အတွင်း စုံစမ်းရရှိလေသည်။

'မင်းတို့ရတဲ့သတင်းဟာ အမှန်ပဲလား'

'သိပ်သေချာတာပေါ့ နယ်စားမင်း၊ ဇီဂျင်ဟိုးရဲ့ သမီး ချူယာ့ကိုနဲ့ လူယုံတော် ဟိုက်ချိန်ဟာ ဆူချူးမြို့ကို ထိမ်း



ရှောင် ထွက်ပြေးသွားပြီဆိုတာ သဆောင်းအတိအကျ ရနေ သားပဲ'

ငွေလှံစောင် ခုလျန်က သူကြားသိခဲ့ရသမျှကို နယ်စား အား ပြောဆိုလိုက်၏။

နယ်စားက အကြမ်းပန်းကန်ကိုတော့၍ ရေနွေးပူပူ တစ်ခွက်ကို မှုတ်၍သောက်ရင်း နားထောင်နေလိုက်၏။

'သူတို့ကို တွေ့ပေမယ့် မှော်ဓားမကို ရလိမ့်မယ်လို့ထင်ထားလို့ ရပါ့မလား'

သံတင်းပုတ် ချပ်းရှန်က ကြားထဲမှ မနေနိုင်တော့....

'ဆင်တစ်ကောင်လုံး တွေ့ထားမှတော့ ဆင်ခြေရာခံဖို့ လိုမယ်မထင်ပါဘူး၊ မှော်ဓားမကို ရတဲ့နည်းနဲ့ ဘောင်းယူရုံ ပဲပေါ့'

'ဒီတစ်ခါတော့ ပြေပြတ်ရှင်းလို့ မဖြစ်ဘူးကွ၊ ဒီကောင်မကို ရှင်းပစ်လိုက်ရင် တို့အတွက် ဖွတ်မရ ဓားမဆုံး ဆိုသလို ဖြစ်နေပါကွာ'

နယ်စားက မှော်ဓားမကို အဆုံးအရှုံးမခံနိုင်သဖြင့် ပူပန်သော လေသံဖြင့် ပြောဆိုလိုက်၏။

'ဒီအတွက်မပူပါနဲ့နယ်စားမင်း၊ ချူယာ့ကိုတို့ကို နယ်စားရှေ့မှောက်အရောက် ဖမ်းခေါ်ခဲ့မှာပါ'

ယုံကြည်စိတ်ချရသော တပည့်များ၏ စကားကြောင့် သဘောခွဲသွားလေသည်။

( ၃ )

## ငှက်ဆိုးတစ်ကောင်၏ည

မီးခလောင်အောက်၌ ပြုလုပ်ပြီးသားဓားတို့က အရောင် တလက်လက် တောက်ပလျက် ရှိ၏။

ဓားလှ လက်နက်တို့ကို ချူယ ကို ငေးကြည့်နေရင်း ဖခင်ကြီးကို သတိရနေမိသည်။

ဖခင်မကြိုက်သော အလုပ်ကို သူလုပ်မိခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ရ၏။

ဖခင်ကြီးက လူသတ်လက်နက်များကို မလုပ်ချင်၍ ပန်းပဲအလုပ်ကို တစ်နေ့စွန့်လွှတ်ဖို့ စိတ်ကူးထားသူ ဖြစ်၏။

သို့ပေမယ့် သူ့ရည်ရွယ်ချက်အတိုင်းဖြစ်မလာမီ နယ်စား၏ အမေမွခိုင်းစေမှုကြောင့် မှော်ဓားကို ပြုလုပ်ပေးရင်း အသက်ခံရရှာလေပြီ။

ချူယ°ကို ကတ္တ°ပါအိတ်ထဲမှ မှော်ဓားကို ထုတ်ကြည့်လိုက်မိ၏။

မီးရောင်အောက်၌ စူးရှသော ဓားသွားက စိန်များလို အလင်းများစွာ ပြန့်ထွက်လာသည်။

ဖခင်ကြီး၏ နောက်ဆုံးဖန်ဆင်းခဲ့သည့် လက်ရာမြောက်လှသည့် ဓားတစ်လက်။

မှော်ဓားမက သူ့အတွက် အသက်နှင့် ထပ်တူထပ်မျှ အမြတ်တနိုး တန်ဖိုးထားရသည့် ပစ္စည်းတစ်ခုသာ ဖြစ်၏။ မှော်ဓားကို ထုတ်ကြည့်လိုက်တိုင်း နယ်စားအပေါ် ကလဲ့စား ချေလိုသည့် ပြင်းပြသော စိတ်ဆန္ဒများက မခံချိမခံသာ ဖြစ်မိ၏။

ထိုအခါမျိုး၌ မှော်ဓားကိုကိုင်၍ တိုက်ခိုက်လိုသည့် စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့မိသည်။

သို့ပေမယ့် သူ့ဘဝက မစွမ်းသာသေး။

အင်အားနည်းသော မိန်းမသားတစ်ယောက် ဖြစ်နေသည့်အပြင် သိုင်းပညာနှင့်ပတ်သက်၍ ပြည့်စုံစွာ ဆည်းပူးခွင့် မရရှိနိုင်သေးသဖြင့် စိတ်ဆန္ဒများစွာကို မျိုသိပ်ထားရတာကြာခဲ့လေပြီ။



စိတ်ကို ဖြေဖျောက်နိုင်ရန် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် လက်ကို ဖြည်းညင်းစွာ ဖြေရင်း မှော်ဓားကို ဓားအိမ်တွင်းသို့ ပြန်သွင်းလိုက်မိသည်။

သည်ဓားကို ထုတ်ကြည့်သည့်ညတိုင်း သူ့အတွက် အိပ်စက် မရနိုင်သောက်အောင် တုန်လှုပ် ချောက်ချားရစမြဲ။

အပြင်ဘက်၌ လသာနေသည်။

လရောင်က ကွင်းပြင်သို့ ဖြန့်ခင်းထားသဖြင့် သူ့မြင်ကွင်းက ရှင်းလင်းသင်ရှားစ ပြုနေ၏။

'အူ....ဝူ.......ဝူ'

ဆွဲငင်စွာ အူလိုက်သည့် ခွေးသံကြောင့် စိုးရိမ်ကြောင့်ကျစိတ် တစ်ခုက ဝင်လာသည်။

မှော်ဓားကို ကပျာကယာ သိမ်းလိုက်၏။

စံအိမ်တွင်း အိပ်စက်မပျော်နိုင်သေးသူက သူတစ်ယောက်တည်း ရှိ၏။

လူယုံတော် ဟိုက်ချိန်က တစ်နေ့တာ ပင်ပန်းလွန်းသဖြင့် တခေါခေါနှင့် နှစ်ခြိုက်စွာ အိပ်မောကျနေသည်။

ဖန်မီးအိမ်မှ မီးစာကို လျှော့ရင်း အသံကို ဆက်လက်နားစွင့်နေမိ၏။

'ဖြောက်....ချွတ်....ချွတ်'

ချုံတိုး၍ နင်းလျှောက်လာသည့် ခြေသံက အနားသို့ တရွေ့ရွေ့ တိုးကပ်လာခဲ့လေပြီ။

တံခါးရွက်နားသို့ ကပ်လျက် အပြင်ဘက်သို့ အသာလေး ချောင်းကြည့်လိုက်မိ၏။

'ဟာင်....ရန်သူ'

မျက်နှာကို အဝတ်နက် စည်းနှောင်ထားသည့် ရန်သူနှစ်ဦးက လက်နက် ကိုယ်စီနှင့် စံအိမ်နားသို့ ကပ်လာခဲ့လေပြီ။

ချူယီကို တုတ်တုတ်မျှ မလှုပ်ရဲသေး။

ရန်သူနှစ်ဦးကို ခုခံဖို့ အားမာန်ရှိနေသော်လည်း မည်သို့ အဆင့်ရှိသော သိုင်းသမားများ ဖြစ်သည်ကို မသိ၍ ဆုံးဖြတ်ရ ခက်လှပေသည်။

ကြမ်းပြင်နှင့် ဖဝါးကို ခြေသံမကြားရအောင် ဖွဖွ လေး ရွှေ့လိုက်ရင်း ဟိုက်ချိန်ကို လှုပ်နှိုးလိုက်သည်။

'ဟိုက်ချိန်....ထစမ်း....ထစမ်း'

'ရှူး... အပြင်မှာ ရန်သူ'

ဟိုက်ချိန်ကို ခပ်တိုးတိုးလေး ကပ်ပြောလိုက်၏။

သူက အကင်းပါးလှသူဖြစ်၍ ဓားကိုကိုင်လျက် တံခါးပေါက်နား ပြေးကပ်လိုက်မိ၏။

'ထောက်....ထောက်....ဂျွတ်'

ရန်သူနှစ်ဦးက အထဲ၌ အိပ်စက်နေကြပြီဟု ယူဆကာ အပြင့် တံခါးကို အသာအယာကုတ်၍ ဖွင့်ဖို့ ကြိုးစားနေသည်။

'ဒေါက်....'

'ကျွီ....'



အပြင်ဘက်၌ ခတ်ထားသည့်သော့ ပြုတ်ကျသွားသံနှင့် မရွေ့မနှေး မှောင်နေသော အခန်းဆီသို့ အလင်းတန်း တစ်ခုက ရောက်ရှိလျက် တံခါးပေါက် ပွင့်သွားခဲ့လေပြီ။

'ဒေါက်....ဒေါက်'

'ဟိတ်....ထန်....ထန်....ထန်'

ရန်သူနှစ်ယောက် အထဲသို့ ရောက်မလာ နိုင်သေးခင် ဟိုက်ချိန်က အစွမ်းကုန် ကာကွယ် တိုက်ခိုက်လိုက်၏။

အသစ်တိုက်ခိုက်လိုက်သော်လည်း သတိရှိနေသည့် ရန်သူနှစ်ဦးက တိုက်ကွက်အား ကြောက်အား လန့်အားနှင့် ကာကွယ်နေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

အမှောင်ကို ကျင့်သားရနေလေဟန်နှင့် ဓားချက်များကို ခုန်ပျံရှောင်တိမ်းလျက် ရှိသည်။

တိတ်ဆိတ် ကြုံရှယ်လာသမျှ အကြံကို သူတို့က ဦးသွားသောကြောင့် ရန်သူနှစ်ယောက်စလုံးမှာ တိုက်ရင်းခိုက်ရင်း တံခါးပေါက်နားသို့ ပြန်လည်ဆုတ်ခွာစ ပြုလာခဲ့၏။

'ဝှီး... ဝှစ်....ဝှစ်'

ချူယီကိုက လေ့ကျင့်ထားသည့် 'နှင်းဆီဆူး' ဆံထိုး ပေါက် ပညာကို သုံး၍ လေထဲ၌ လက်နက်စူး လေးငါးချောင်းကို ပစ်လွှတ်လိုက်၏။

'ထန်....ချ... ဒေါက်'

'ဒုတ်....'

'အား....'

လေတိုးသံကိုနားစွင့်၍ သူမ၏လက်နက် ဆူးငါးချောင်းကို ဓားဖြင့်ခုတ်ထုတ်နိုင်ရန် ကြိုးစားပေမယ့် ဆံထိုး တစ်ချောင်းက လက်မောင်းသို့ စိုက်ဝင်သွားခဲ့လေပြီ။

'ယား....'

'ဝှစ်....ဖတ်....ဖတ်'

ရန်သူနှစ်ယောက်စလုံးက ကြောင်ရိုင်းများလို အမြင့်မှ လွှားခနဲခုန်ချရင်း အမှောင်ထုထဲ တိုးဝှေ့ ထွက်ပြေးသွားလေတော့သည်။

'ဆက်မလိုက်နဲ့တော့ ဟိုက်ချိန်'

ရန်သူနှစ်ဦးအား ဆက်လိုက်ရန် ပြင်ဆင်နေသည့် ဟိုက်ချိန်၏ လက်မောင်းကိုဆွဲရင်း တားမြစ်လိုက်၏။

'တောက်....တစ်ယောက်မှ မမိလိုက်တာ နာလွန်းလို့ပါ သခင်မလေးရယ်'

ဟိုက်ချိန်က ဒေါသအရှိန် မပြေသေး၍ တဖျစ်တောက်တောက် ပြောဆိုနေသည်။

'ကိစ္စမရှိလောက်ပါဘူးကွယ်၊ ငါ့ကိုမှာ အန္တရာယ်တစ်ခု ရှိနေပြီဆိုတာ ကြိုတင်သတိပေးလိုက်သလိုပဲပေါ့'

ချူယီကိုက တည်ငြိမ်အေးဆေးစွာ ပြောလိုက်၏။

'ငါတို့ ဒီဒေသမှာ ဆက်နေလို့မဖြစ်တော့ဘူး ဟိုက်ချိန်၊ ရှပ်ဖျက်ပြီး အန္တရာယ်ပြုလာတဲ့သူဟာ မှော်ဓားနဲ့ တစ်နည်းနည်းတော့ ပတ်သက်နေမယ့်သူပဲ'

'ဒီတော့ အစစ အရာရာ အရင်တက် သတိဝီရိယရှိဖို့ လိုလာပြီလေ'



သေမင်းက လက်တစ်ကမ်းအလို၌ ရောက်ရှိနေပြီဟု ချူယီကို သိရှိလိုက်လေပြီ။

ထိုမြို့ကလေးတွင် နေလာခဲ့သည်မှာ ကြာမြင့်လာခဲ့ပြီဖြစ်သော်လည်း ထိုသို့ ရန်မူတိုက်ခိုက်သည့်သူ တစ်ဦး တစ်ယောက်မှ မရှိခဲ့။

ယခုတော့ ရှိခဲ့လေပြီ။

ရှပ်ဖျက်၍ ဝင်ရောက် တိုက်ခိုက်ဖို့ ကြိုးစားသူများက မည်သူနည်း။

နယ်စား ကျောက်ပိရန်၏ လက်ပါးစေများက လွဲ၍ အခြားမရှိနိုင်ခဲ့။

မှော်ဓားမအတွက် သူမ၌ အဖလးနက်ဆုံးသော တာဝန်တစ်ရပ်တော့ ရှိပြီ။

နယ်စားကျောက်ပိရန်က သူမ၏ ဖခင်ကြီး ကြိုတင်တွက်ဆထားသကဲ့သို့ မှော်ဓားဖို တစ်ချောင်းနှင့် သိုင်းလောက တစ်ခုလုံးကို ခြိမ်းခြောက်နေပြီ။

ထိုသတင်းကို သူမကြားခဲ့ရတာ ကြာပြီ။

သို့ပေမယ့် အချိန်မတန်မီ သူတို့ ရုပ်ဖျက် စာတမ်းမြှုပ်နေထိုင်ရာ နေရာသို့ သိသွားမည်စိုး၍ မထိပါခဲ့။

ယခုတော့ သူတို့နေထိုင်ရာသို့ လုံခြုံမှုမရှိနိုင်သလို အနက်ရောင် သိုင်းသမားများစေလွှတ်၍ တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်ရန် နယ်စားက စေလွှတ်လိုက်ပြီ မဟုတ်ပါလား။

သို့နယ်၌ နယ်စား၏ အန္တရာယ်ကို သူတို့ဘက်မှ ကာကွယ်တုံ့ပြန်ပေးမည့်သူဟူ၍ မရှိနိုင်။

ထို့ကြောင့် ရည်ရွယ်ချက် မအောင်မြင်မီ တစ်နေရာရာသို့ တိမ်းရှောင်ပြေးရပေတော့မည်။

လောလောဆယ် သူတို့ကိုအန္တရာယ်ပြုသူက မည်သူနည်း။ သိရှိထားဖို့တော့လိုပြီ။

( ဂ )

## ဖြစ်ချင်းကတော့ တူလေတော့

ဆူချူးမြို့ကလေးက နံနက်ခင်းဖြစ်၍ လူများရှုပ်ထွေးစပြုလာခဲ့လေပြီ။

ကုန်သည် ၁ ကုန်ရောင်းမှုလုပ်ငန်းနှင့် တောင်းပိုင်းပြည်နယ်တစ်ခုလုံး၌ ရောင်းဝယ်မှု အချက်အချာပြုရာ နယ်မြေဖြစ်၍ ထိုအချိန်မျိုး၌ ကုန်သည် ပွဲစားတို့က ခြေရှုပ်နေသလို မိုက်ကြေး ခွဲသူများ၊ သိုင်းသမားများ၊ ငွေရလျှင် မျက်နှာချိသွေးဘတ်သည့် မိန်းမများနှင့် ဈေးတစ်ခုလုံး လူစီးကြောင်းကြီးက စီးဆင်းနေသလိုဖြစ်နေသည်။

ချူယီကိုနှင့် ဟိုက်ချိန်တို့နှစ်ယောက်လည်း လူစီးကြောင်းထဲတွင် အတူရောလှင့်လိုက်ပါလာသည်။

'တစ်ခုခု စားသောက်ကြရအောင် ဟိုက်ချိန်'

'ကောင်းသားပဲ'

ချူယီကိုက ဦးဆောင်၍ စားသောက်ဆိုင်ထဲသို့ ခေါ်လာခဲ့၏။

ဆိုင်ထဲ၌ လူရှင်းပြနေပြီဖြစ်သည်။

စားပွဲထောင့် တစ်နေရာ၌ သူတို့ထံသို့ စူးစမ်းသော အကြည့်နှင့် စိန်းစိန်းကြီး ကြည့်နေသူ သုံးလေးဦးကို တွေ့လိုက်ရသည်။

ဤနယ်မြေ၌ ထိုလူများကို မိုက်သွေးကြွ ရန်စောင်နေတတ်သူက မရှားလှသည်။ အရေးစိုက်နေစရာတော့ လိုလိမ့်မည်မထင်။

'ခေါက်ဆွဲပြုတ်နှစ်ပွဲ'

စားသောက်ဖွယ်တို့ကို လှမ်းမှာရင်း စားပွဲထောင့်နေရာလွတ် တစ်ခု၌ နှစ်ယောက်သား ထိုင်လိုက်ကြ၏။

'ငါတို့လိုအပ်တဲ့ ပစ္စည်းပစ္စယတွေ စုံဘာနဲ့ အစီအစဉ်အတိုင်း သတ်မှတ်ရက်မှာ ပြောင်းရွှေ့မှု ဖြစ်မယ်၊ ဒီတော့ ပန်းပဲဖိုမှာရှိတဲ့ အပ်ထည်ပစ္စည်းတွေကို ရက်ပိုင်းအတွင်း ပြီးပြတ်အောင် လုပ်ပေးဖို့ မှမေ့နဲ့'

လိုအပ်သမျှ အသေးစိတ် အချက်အလက်များကို စဉ်းစားမိတိုင်း ချူယီကိုက သည့်တစ်ခါတော့ အကွက်စေ့စေ့နှင့်



ခြေရာဖျောက်နိုင်ရန် ဟိုက်ချိန်ကို တစ်ခုပြီးတစ်ခုမှာ ကြားနေမိ၏။

စားပွဲထိုးက အငွေ့တလူလူထွက်နေသည့် ခေါက်ဆွဲပြုတ်ပန်းကန်ကို လာချပေးသဖြင့် သူတို့ပြောလက်စ စကားကို ရပ်ပစ်လိုက်၏။

အပူသက်သာစေရန် တူနှင့် ခေါက်ဆွဲပြုတ်ကို ညှပ်၍ ခေါက်ဆွဲကြားမှ အစေ့များကို ထုတ်ပစ်လိုက်၏။

'ခင်ဗျားတို့ တစ်နေ့ အသေဆိုးနဲ့ သေမယ့်လူတွေပဲ'

ခေါက်ဆွဲစားမည်အပြု ရုတ်တရက် ထွက်ပေါ်လာသည့် စကားသံကြောင့် တစ်ဖက်မြင်ကွင်းဆီသို့ အာရုံပြုလိုက်မိ၏။

ဆိုင်ထဲသို့ သူတို့ဝင်လာစဉ် မိုက်တိမိုက်ကန်း အကဲခတ်ကြည့်ရှုနေသူ သုံးဦးက လူငယ်လေးတစ်ဦးကို အနိုင်ကျင့်ဖို့ ကြိုးစားနေသည်။

နံနက်ခင်းမြင်ကွင်းတစ်ခုက မကြာခင် အကြည်းသန် အရုပ်ဆိုးသော အခြေအနေသို့ ရောက်ရှိသွားခဲ့ပေတော့သည်။

'ဖြန်း....'

လူရွယ်ကလေးက ကြမ်းတမ်းရိုင်းပျစွာ ခေါ်ကားခံလိုက်ရသဖြင့် ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲ လဲကျသွားလေတော့သည်။

'ခွေးကောင်လေး မင်းဘိုးအေနောက် လိုက်သွားချင်သလား'

အင်အားကြီးသူသုံးဦးက နိုင်ဘက်စီးနင်း ပြုနေသည့်အတွက် ကိုယ်နှင့်မဆိုင်သေမယ့် စာနာစိတ်ကြောင့် ဒေါသဖြစ်လာခဲ့ရသည်။

လူရွယ်လေးက ခေသူမဟုတ်၊ ရှိသမျှ အင်အားလေးနှင့် လူမိုက်သုံးယောက်ကို တိုက်ခိုက်ရန် ပြင်ဆင်လိုက်၏။

'ဟိုက်....'

'ယိုင်....'

'ဖြောင်း....'

'အင့်....'

အပျော့ပျောင်းဆုံး တိုက်ကွက်နှင့် စတင်တိုက်ခိုက်လိုက်သော်လည်း သုံးယောက်စလုံးက အထင်အမြင်သေးသောသဘောဖြင့် ညင်သာစွာ ရှောင်တိမ်းလိုက်၏။

သို့သော် မျှော်လင့်မထားသော ကန်ချက် ပြင်းပြင်းတစ်ချက်ကြောင့် လူမိုက်လုပ်ချင်သူတစ်ယောက် မရှုမလှ ခံစားသွားရရှာလေသည်။

ချူယီကို လူရွယ်လေးအား အနိုင်ရလိုသောသဘောနှင့် ပြုံးလိုက်ရင်း စိတ်ထဲ၌ ကျိတ်၍ အားပေးနေလိုက်မိသည်။

ဟိုက်ချိန်ကတော့ အားမလိုအားမရ ဖြစ်လေဟန်နှင့် တပြင်ပြင် လုပ်နေသည်။

ပွဲကကြည့်ကောင်းပြီ။ ကျားနာသုံးကောင်က သင်ကြားထားသည့် သိုင်းပညာကိုမှ အားမနာနိုင်ဘဲ လူရွယ်လေးအား တကယ့်ရန်သူကြီးသဖွယ် အငြိုးကြီးစွာ တိုက်ခိုက်နေ၏။

'ဂွစ်....ဖတ်....ဖတ်'



'ဖြောင်း....ဖတ်....ဖတ်'

အကြမ်းနှင့်အနု အပျော့နှင့်အမာ ပေါင်းစပ်နေသော ကိုယ်ခံပညာအရ လူရွယ်လေး၏ ခုခံကာကွယ်နေသည့် အနေအထားက အပျော့ပျောင်းဆုံး သိုင်းကွက်များပမာ အသက်အရွယ်နှင့်လိုက်အောင် လှပ ရသဆပ်နိုင်လွန်းသည်။

သစ်အားတန်းလေးတစ်ခုပေါ်၌ ဝက်ဝံလေးတစ်ကောင် ရှောင်တိမ်း ကစားပြနေသလို လှပစွာ တိုက်ခိုက်နေသူကလေးအား လူသုံးယောက်က စိုင်းတိုက်ခိုက်ဖို့ မလွယ်ကူလှပေ။

'ဟိုင်း....'

'ဖြောင်း....ဖြောင်း'

ပြင်းထန်လှသော ကန်ချက်ကြောင့် သိုင်းကွက်ပျက်သွားရလေသည်။

ဝဲကန်တော့သဖွယ် သေပေါ် ဝဲ့ယမ်း တိုက်ခိုက်လိုက်သည့် တစ်ပတ်လည်ကန်ချက်ကြောင့် သုံးယောက်စလုံးက မရှုမလှ ခံစားသွားကြ၏။

လူရွယ်လေးကို ဘယ်လိုမှ နိုင်ဖို့မလွယ်မှန်းသိသွား၍ ဓားကိုယ်စီ ထုတ်လိုက်ကြသည်။

'ဟိတ်....ရပ်လိုက်ကြစမ်း'

ဟိုက်ချိန်က မခံနိုင်သဖြင့် ဓားကိုယ်စီနှင့် ဝိုင်းရံထားသူများကို ဟိန်းဟောက် အမိန့်ပေးလိုက်လေသည်။

'ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဘာကြောင့် ဝင်ရှုပ်ဖို့ ကြိုးစားချင်ရတာလဲ ကိုယ့်လူ'

'ပွဲက ကြည့်မကောင်းတော့ဘူးလေ၊ သတ္တဝါနဲ့ လက်နက်နဲ့မှ မမျှ တစ်ဖက်သတ်ဆန်လွန်းရာ ကျနေပြီ'

'အို....ဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး၊ ကျုပ်တို့ချင်း ပြေလည်ရင် ပြီးတာပါပဲ'

'သိပ်ခက်တာပဲ မိတ်ဆွေ၊ မပြေလည်လို့ အခုလိုဖြစ်နေရတာ မဟုတ်လား'

ဟိုက်ချိန်ကလည်း စကားကို ထော်လော်ကန့်လန့် ပြောတတ်သူမို့ ပြဿနာကရှည်ဖို့ သေချာနေပြီ။

ဓားကိုင်ထားသူ သုံးယောက်က သူတို့ဘက်ကို အာရုံရောက်သွားသည်။

ချူယံကိုကလည်း အသင့်အနေအထား ပြင်ဆင်ထားလေပြီ။

'ဝှမ်....ဝှမ်....ထန်း....ထန်....ဒလံ'

'ရှပ်....ရှပ်....အား'

လင်းလတ်သွားသည့် ဓားချက်များက လျှပ်ပြက်သလို ဖြစ်လျက် ပြေးဝင်ခုတ်ပိုင်းသူထဲမှ တစ်ဦးအား ကြက်ခြေခတ် သဏ္ဌာန် အမှတ်အသားအဖြစ် ပညာပေးလိုက်လေပြီ။

'ယား'

'ခွမ်း....ချလွမ်း'

'ဝှစ်....ဒုတ်'

ချူယံကိုကလည်း ဆံထိုးလက်နက်ဖြင့် ပစ်ခတ်လိုက်လေသည်။



လက်နက်ပုန်းက ပခုံးသို့ထိမှန်သွားသဖြင့် သေွးများ ယိုစီးကျလာခဲ့လေသည်။

သုံးယောက်စလုံးက အခြေအနေ မဟန်နိုင်မှန်း သိသွား ကြ၍ တစ်ချိုးတည်း လစ်ပြေးကြလေတော့သည်။

လူရွယ်လေးက ကျေးဇူးတင်ရှိသော မျက်လုံးတစ်စုံနှင့် ချူယံကိုနှင့် ဟိုက်ချိန်တို့အား ငေးကြည့်ရင်း လျှောက်လာခဲ့၏။

'ကျေးဇူး တင်ပါတယ်ဗျာ၊ အစ်မတို့ အစ်ကိုတို့သာ မကယ်ရင် ဒီကောင်ကြီးတွေက ဝိုင်းပြီး အမဲဖျက်ကြမှာ'

'ဘာယ်လို ဖြစ်ရတာလဲကွာ၊ ရန်ငြိုးရှိလို့လား'

'မရှိပါဘူး၊ ကျွန်တော့်အဖေ လက်ထက်ကတည်းက သိမ်းဆည်းလာခဲ့တဲ့ မိုးမခဓားဆိုတာကို လိုချင်လို့ ဒီလိုပဲ နောက်က တကောက်ကောက်လိုက်ရင်း အန္တရာယ်ပြုနေတာ ပါပဲ'

'အဖေကတော့ သေရှာပြီလေ၊ အဖေ့အမွေကို ဆက်ခံမိတာ ကျွန်တော့်အတွက် မှားယွင်းနေပြီလားတော့ မပြောတတ်တော့ပါဘူးဗျာ၊ အန္တရာယ်စက်ကွင်းထဲက မလွတ်နိုင်ဘူး'

အဖြစ်ချင်းတူနေသဖြင့် ချူယံတစ်ယောက် အရမ်းကို အံ့အားသင့်သွားရှာသည်။

လောကထဲ၌ အလွန်ထူးဆန်းလှစွာသော လက်နက်ပစ္စည်း တို့ကို လူကြီး မိဘများက အနာဂတ် အမွေအနှစ် တစ်ခု

အဖြစ် ထားရစ်ခဲ့ကြသော်လည်း ကျန်ရစ်သူ သားသမီးများ အတွက် ထိန်းသိမ်းနိုင်ဖို့ မလွယ်ကူလှပေ။

'မောင်ရှေး အဖေနာမည် ဘယ်သူလဲကွယ်'

'မိုးမခဝါး ဟန်ဖေပါ'

'ဟင်'

ချူယ°ကို၏မျက်နှာက မသိမသာ ပျက်စပြုလာခဲ့၏။ ဟိုက်ချိန်ကတော့ သတိထားမိပုံ မပေါ်ချေ။

လူရွယ်ကလေးက အဝေးသို့ နှုတ်ဆက်ထွက်သွားသည့်တိုင် အတွေးက ပြတ်နိုင်ရှာသေး။

'အင်း... မိုးမခဝါး ဟန်ဖေးဆိုပါလား'

'မိုးမခဝါး ဟန်ဖေးကို သခင်မလေး သိလို့လားဟင်'

ထိုအချိန်က အမူအရာ ပျက်နေသည့် သူမ၏ပုံစံကို သတိပြုမိလိုက်ပုံရ၏။

နှစ်ယောက်သား လမ်းလျှောက်လာခဲ့ရင်း ပွင့်လင်းစွာ မေးလိုက်သည်။

'ဖေဖေမဆုံးခင်မှာ မိုးမခဝါး ဟန်ဖေးအကြောင်းကို ပြောပြသွားဖူးတယ် ဟိုက်ချိန်၊ တကယ်တော့ မိုးမခဝါး ဟန်ဖေးဆိုတာ ဖေဖေ့ရဲ့ မဟာရန်သူတော်ကြီးပဲ'

'ဘယ်လို... မဟာရန်သူတော်... ဟုတ်လား'

'ဟုတ်တယ်.... ဟိုက်ချိန်၊ သားသမီးဆိုတာ မိဘပေးတဲ့ ကောင်းမွေကို ခံစားထိုက်တယ်၊ ဆိုးမွေကိုလဲ ငြင်းပယ်လို့ မရနိုင်ပါဘူးလေ၊ ဖေဖေ့မှာ ဆိုးရွားလှတဲ့ အတိတ်ရဲ့ ရန်ကြွေး မပြေမှုတွေ ရှိနေသေးတာ အမှန်ပါပဲ'



'သံသရာဆိုတာ ကြမ္မာရဟတ်လို တစ်ပတ်လည်လာတတ်တာပဲ မဟုတ်လား၊ ဒီတော့ တစ်နေ့မှာ မိုးမခ ဟန်ဖေးရဲ့ မကျေလည်တဲ့ ရန်ကြွေးကို အဖေ့ကိုယ်စား သခင်မလေး ဘယ်လို ပေးဆပ်ရမယ်ဆိုတာကို တွေးမိလေတိုင်း ရင်လေးနေမိတယ်လေ'

'ကျွန်တော်ဖြင့် ဘယ်လို နားလည်ရမှန်းတောင် မသိတော့ပါဘူး သခင်မလေးရယ်'

ဟိုက်ချိန်ကိုတော့ အတိတ်အကြောင်းကို ယုံကြည်စိတ်ချစွာ ပြောပြထားဖို့သင့်ပြီဟု ယူဆမိသည်။

## ( ၉ )

**အတိတ်က မမေ့နိုင်စရာ**

အတိတ်ဟူသည် ဗဏ္ဍာရီတစ်ပုဒ်လို မမေ့ကောင်းသော အရာသာ ဖြစ်၏။

ထိုအချိန်က ယူနန်ကေရာဇ် ဩဇာအာဏာ ကြီးထွားစပြုနေချိန်ဖြစ်၏။

လက်နက် ဓားလှံဆူးဆောက် မလုပ်ရဟူသော အမိန့်ကို လွန်ဆန်ခဲ့သည့်အတွက် တစ်နယ်တစ်ကျေးသို့ ဇော်ဂျင်ဟိုးတစ်ယောက် ထွက်ပြေး တိမ်းရှောင်နေရှာ၏။

ဇာဂျင်ဟိုးမှာ သိုင်းလောကကို အစော်ကား မခံနိုင်သည့် သိုင်းသမား တစ်ဦးဖြစ်သည့်အတွက် ဖိနှိပ်ချုပ်ချယ်ခံနေရချိန်တွင် တစ်ဖက်မှ တပည့်တပန်းများကို သိုင်းပညာသင်ပေးခဲ့ပြီး တက်သည့် ပညာနှင့် အကောင်းဆုံး ဓားလှံလက်နက်များကို ပြုလုပ်ပေးရင်း နယ်မြေဒေသ တော်လှန်ရေး အစပျိုးပေးခဲ့သူ မျိုးချစ် သိုင်းသမားကြီး တစ်ဦးသာ ဖြစ်၏။

'ဒီလိုသာ ငြိမ်ခံနေရင် ငါတို့နယ်မြေကို မကြာခင် တိုင်းတစ်ပါးက အုပ်ချုပ်သွားမှာ အမှန်ပဲ၊ ဘိုးဘွားစဉ်ဆက် အမွေဆက်ခံရတဲ့ သိုင်းပညာကို တိုင်းပြည်အတွက် သစ္စာရှိရှိ မသုံးချဖို့ပဲ'

ဝေးလံသော အရပ်၌ မည်မျှ ဒုက္ခဆင်းရဲ ခံနေခဲ့ရစေကာမူ အသည်းနှလုံးပမာ ချစ်ခင်တွယ်တာရသည့် သိုင်းပညာအမွေအနှစ်အတွက် ဇာဂျင်ဟိုးတစ်ယောက် သစ္စာပျက်ခြင်း မရှိခဲ့။

တောင်ပေါ်ဒေသရှိ မျိုးချစ် လူငယ်များကို စုစည်း၍ သိုင်းပညာကို သင်ကြားပေးရင်းကျရောက်လာမည့်အန္တရာယ်ကို ကာကွယ်ရန် အသင့်ပြင်ဆင်ထားခဲ့လေပြီ။

မိုးမခဓား ဟန်ဖေး။

သူ၏ ဟန်ပန်မှာ မင်းသားလို နွဲ့မည်ထင်ရသော်လည်း မိုးမခဓားဟူ၍ နယ်စားမြို့စားတို့က အာဏာတည်တံ့ရေးအတွက် မြှောက်စားထားသဖြင့် သူ၏ကိုယ်ကျိုးအတွက်ကို ဓားချက်က ပြင်းထန်လှသူ ဖြစ်၏။



သူ ကိုယ်တိုင် သိုင်းပညာဖြင့် ရာထူးဂုဏ်ရှိန် မြှောက်စားခံရဖို့အတွက် နယ်စားတို့အား ပုန်ကန် ခြားနားတိမ်းရှောင်နေသူများကို ရက်စက်စွာ လိုက်လံနှိမ်နင်းခဲ့နေသူ ဖြစ်၏။

တစ်ခါတစ်ရံကျတော့ မြင်းကမလှုပ် ခုံကလှုပ်ဆိုသလို မိုးမခဓား ဟန်ဖေးက ဆုငွေ လာဘ်လာဘကို မျှော်ကိုး၍ အမိန့်မရခင် လူဆိုးလော လူကောင်းလော ခွဲခြားမနေဘဲ အသံလေး သဲ့ခနဲ ကြားလိုက်ရုံနှင့် မျက်နှာလိုမျက်နှာရ အပျောက်ရှင်းပစ်လေ့ ရှိ၏။

အဆင့်မြင့် သိုင်းသမားတစ်ဦး ဖြစ်သည့်အပြင် အစွမ်းထက်မြက်လှပါသည်ဆိုသော မိုးမခ ဓားရိပ်အောက် အသက်ပျောက်သွားရသူတွေ မနည်းတော့။

မိုးမခဓား ဟန်ဖေးက ဒုစရိုက် ရှာဖွေနှိမ်နင်းရေး သက်သက်သာ တာဝန်ယူရသည့် သိုင်းသမားကြီး တစ်ဦးသာ ဖြစ်လေသည်။

ယခုလည်း ဇာဂျင်ဟိုးကို ရှာဖွေ နှိမ်နင်းဖို့ကိစ္စအတွက် သူ့ခေါင်းထဲသို့ ရောက်ရှိနေပြန်သည်။

* * *

'ဇာဂျင်ဟိုးကို ဖမ်းမိန့် မပေးထားပေမယ့်သူဟာ အပြစ်ရှိတဲ့ တရားခံတစ်ယောက်ဆိုတာထင်ရှားနေပြီပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ကို အပြတ်ရှင်းပစ်ရလိမ့်မယ်'

'ဇော်ဂျင်ဟိုးဟာ အဆင့်မြင့် သိုင်းသမားတစ်ယောက်ပဲ၊ သူ့ကို လွယ်လွယ် ရှင်းပစ်လို့ မရနိုင်ဘူးထင်တယ်'

'ဒီအတွက် ကျုပ်တာဝန် ထားစမ်းပါလေ'

ဇော်ဂျင်ဟိုးအပေါ် အထင်ကြီး တုန်လှုပ်ခြင်း မရှိလေဟန် ပြောကြားလိုက်၍ မိုးမခစားဆီသို့ ဆုပ်ကိုင်လိုက်သည်။ ဟန်ဖေးက သိုင်းလောကတွင်ဘုရင်တစ်ဆူလို ကိုးကွယ်ခံနေချင်လှသူ ဖြစ်၏။

အဆင့်မြင့် သိုင်းပညာနှင့် ပတ်သက်၍ အတွင်းအားနှင့် လေသိုင်းပညာကို အထူးကျွမ်းကျင်စွာ တတ်မြောက်ထားသူဖြစ်၍ မာန်မာနတရားက ပြင်းထန်လွန်းလှ၏။

မိုးမခစား ဟန်ဖေးဆိုသော သရဖူကို သူ့အား ပေးအပ်ခဲ့သော မြို့စားနယ်စားများဘက်မှ ရပ်တည်၍ တရားသည် မတရားသည်ကို နားမလည်ဘဲ ပြည်သူလူထုဘက်မှ ရပ်တည်သော သိုင်းသမားတိုင်းကို စိန်ခေါ် ရှင်းပစ်တတ်သည်။

အဆိုးရွားဆုံး အနက်ရောင် သိုင်းသမားဟု သူ့အား မမြင်နိုင်လောက်အောင် ရာထူးဂုဏ်ရှိန်များ အထပ်ထပ်တာရံ ဖုံးကွယ်ပစ်တတ်လေသည်။

ထို့ကြောင့် မိုးမခစား ဟန်ဖေးလုပ်သမျှကို အကောင်းမမြင်တတ်သူ ဟူ၍ နည်းပါးလှသည်။

ယခုလည်း ဇော်ဂျင်ဟိုးက တစ်နေ့ လျှမ်းလျှမ်းတောက်အောင်မြင်လာမည့် သိုင်းသမားတစ်ယောက်ဟု သိုင်းလောကတစ်ခုလုံးက အသိအမှတ် ပြုထားသူဖြစ်၏။



မျှော်လင့်မထားသော အမှားတစ်ခုကြောင့် မြို့နှင့်ဒဝးရာသို့ ရှောင်ပြေးနေရသူ ဖြစ်၏။

ထိုအကြောင်းကို ဟန်ဖေးက ကောင်းစွာ သဘောပေါက်နားလည်ပြီးသား ဖြစ်၏။

ထို့ကြောင့် ဇော်ဂျင်ဟိုးအား ကြောက်ရွံ့နေရသည့် မြို့စားနယ်စားတို့ကို သွေးထိုးလှုံ့ဆော်၍ တရားခံလုံးလုံး ဖြစ်ရလေအောင် အပြစ်တင် ပြောဆိုခဲ့၏။

ဇော်ဂျင်ဟိုးက ဝေးလံ ခေါင်းပါးသော အရပ်ဒေသသို့ ရောက်ရှိသွားရသော်လည်း သူ၏နေထိုင်တတ်သော စရိုက်သဘာဝအရ လူချစ်လူခင် ပေါများခဲ့ရုံမက သူ့အပေါ် ကြည်ညိုစိတ်ဖြင့် ယုံကြည်စွာ ခေါင်းဆောင်တစ်ယောက်နှယ် သဘောထားလာခဲ့ကြ၏။

ဇော်ဂျင်ဟိုး၏ သတင်းကို နယ်စားများထံသို့ ရောက်ရှိသွားခဲ့လျှင် သူ့အပေါ် ယုံကြည်ကိုးစားလိုစိတ် တစ်စတစ်စလျော့နည်းလာမည်ကို ဟန်ဖေး ကောင်းစွာ သိရှိနားလည်လာခဲ့၏။

ထိုအခါ တစ်နေ့တခြား မနာလိုဝန်တိုတတ်သော စိတ်များနှင့် ဇော်ဂျင်ဟိုးအား လောကထဲက အပြီးအပိုင် ထွက်ခွာသွားရအောင် နည်းအမျိုးမျိုးနှင့် ကြံစည်နေမိသည်။

ယခုတော့ သူကိုယ်တိုင် ယှဉ်ပြိုင်တိုက်ခိုက်ရပေတော့မည်။

## ( ၁၀ )

စိန်စံခါသံ

ဝန်းကျင်တစ်ခုလုံးက မြူနှင်းမှုန်များ လွှမ်းခြုံထားသဖြင့် အုံ့ဆိုင်းမှိုင်းဝေလျက် ရှိသည်။

တောင်ပေါ်မှမြူနှင်းများသိပ်သည်းစွာကျလာတတ်ချိန်ဖြစ်သည်။

အအေးဓာ ပိုလာသည်။

ဈောအုပ်တစ်ခုအတွင်းမှ တောင်ယာ ခုတ်နေသည့်လူများဓာတော့ ဝမ်းရေးအတွက် အေးစိမ့်မှုဒဏ်ကို အန်တုလျက် လှုပ်ရှား နေတစ်စမြဲ ဖြစ်သည်။

ဇီဂျစ်ဟိုး ရင်ထဲ၌ လွမ်းဆွတ်နေမိသလို ခံစားနေရ၏။ နယ်ရှစ်ခွင်၌ မှိုင်းမှုန်ရီဝေစွာ ကျဆင်းနေသည့် မြူနှင်းများက သမီးလေး ချူယိ ကိုအား လွမ်းအောင် ဖန်ဆင်းနေရပြီ။

အသက်ရှင်လျက်နှင့် သားအဖနှစ်ယောက် ဝေးနေရသည့်အတွက် ရင်မှာ သောက မီးတောက်များက လောင်ကျွမ်းနေရှာခဲ့သည်။

မိတဆိုး သမီးလေး ချူယိ ကိုအား မပြစ်နိုင်ခသာအခြေအနေကြောင့် သူစိမ်းတရံနှင့် ခေတ္တထားရစ်ခဲ့ရသည့်မို့ စိတ်မချနိုင်အောင် ခံစားရသည်။

သို့ပေမယ့် မတတ်နိုင်သည်လို့သာ တိမ်းရှောင်မပြေးနိုင်ခဲ့လျှင် သူ့အား မတရားဖမ်းဆီး နှိပ်စက်အတ်ဖြတ်ကြပေတော့မည်။

သူ့ကိုယ်သူ ဓားလှံလက်နက်ကို လုပ်ပေးခဲ့မိသည့်အတွက် အပြစ်မရှိဟု ခံယူထားပြီး ဖြစ်သည်။

သူ့အပေါ် တရားခံဖြစ်အောင် အဆိုးရွားဆုံး ဒုက္ခပေးခဲ့သူမှာ မိုးမခေါ်း ဟန်ဖေးဖြစ်ကြောင်း သူ ကောင်းကောင်းသိခဲ့ပေမယ့် ရန်ငြိုးမရှိ၊ သူ့သိုင်းပညာကို သင်ခဲ့မဉ်တတည်းကလဲ့စားချေ သတ်ဖြတ်ရန်ဟူသော ဆိုးရွားသည့်စိတ်ဆန္ဒမရှိခဲ့။

အဖြူရောင်သိုင်းသမားတစ်ယောက်အဖြစ် လောကကြီးထဲတွင် အသက်ရှင် နေထိုင်သွားချင်လှသည်။



ကံအကြောင်းမလှ၍ ဖြစ်ပျက်လာရသောပြဿနာအတွက် တစ်နေ့အမှန်တရားအတိုင်း ရဲရဲကြီး ရင်ဆိုင်မည်ဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်။

သူတို့ နေထိုင်ရာနယ်ကလေးတွင် မျက်နှာဖြူများအဆက်အသွယ် ရှိနေသောကြောင့် တစ်နေ့နယ် မြို့ကာကွယ်ရန် လက်နက်အင်အားရှိစေအောင် ဓားမြှင်ခြင်းကိုဖောက်ဖျက်၍ လုပ်ကိုင် ပေးလိုက်ရခြင်း ဖြစ်၏။ သည်အတွက်သူ့စိတ်ထဲတွင် လိပ်ပြာမသန့် မဖြစ်ဖူးခဲ့။

သူ့အပေါ် မျိုးချစ်စိတ်ရှိသော တိုင်းသူပြည်သားတချို့က နားလည်သော်လည်း မြို့စား နယ်စားကို ကပ်ဖားစားသောက်နေသူ တချို့က ဇီဂျစ်ဟိုး ကြီးစိုးလာမည်ကိုကြောက်လန့် တုန်လှုပ်နေကြသည်။

'ဆရာ'

နှင်းတောထဲသို့ ဖြတ်သန်းလာသော တပည့်တစ်ယောက်က လှမ်းခေါ်လိုက်သဖြင့် အတွေးကို ဖြတ်တောက်ပစ်လိုက်သည်။

'ဘာကိစ္စလဲဟေ့'

'လူတစ်ယောက် တောင်ခြေကနေ မြင်းတစ်စင်းနဲ့ပစ်ခတ်ပြီး စာလာပို့သွားပါတယ် ဆရာ'

ဇီဂျင်ဟိုးက စာကို ကမန်းကတန်း လှမ်းယူလိုက်ရင်းစဉ်းစားနေမိသည်။

'ဘာစာပါလိမ့်၊ အင်း....ငါ့အတွက်တော့ အရေးတကြီးကိစ္စတစ်ခုခုပဲ'

စာကိုဖောက်၍ ဖွင့်ဖတ်ကြည့်လိုက်လေသည်။

ဇီဂျင်ဟိုး

ကမ္ဘာကြီးကကျဉ်းကျဉ်းလေးပါ၊မပြေးမလွတ်မယ် အတူတူ မင်းနဲ့ငါ ဓားချင်းယှဉ်ခုတ်ဖို့ မြစ်ပါဆိစ်ကို လာခဲ့၊အဲဒီနေ့ဟာ မင်းဘဝအတွက် အဆုံးအဖြတ်ပဲ။

မိုးမခဓား ဟန်ဖေး

'ဒေတာက်'

ဒေါသစိတ်ကြောင့် အသွားများ တဆတ်ဆတ် တုန်နေမိသည်။

ဟန်ဖေးကို လျော့တွက်ထားလို့ မဖြစ်တော့။

တရားခံဖြစ်စေအောင် ဒုက္ခပေးရုံမှ အားမရသေးဘဲ ဘဝတစ်ခုလုံးကို ဆက်ပြီး အန္တရာယ်ပေးဖို့ ကြိုးစားလာပြန်သည်။

ဇီဂျင်ဟိုးအဖို့ အမီးလေးနှင့် ခွဲခွာနေရသဖြင့် ခံစားနေသည့်ကြားမှ ခြိမ်းခြောက်စာရောက်ရှိလာသဖြင့် ပိုမိုနာကြည်းစိတ်များ ပေါ်လာခဲ့၏။

မိုးမခဓားဟန်ဖေးအား အပြတ်ရှင်းပစ်မှ ဖြစ်ပေတော့မည်။

* * *



'ဝှစ်....ဝှစ်'

'ဝှီး....ဝှီး....ဝှစ်....ဝှစ်'

ဓားချက်က လေကိုပိုင်းဖြတ်မိတိုင်း ထက်မြက်ထိရှသံကို ကြားနေရသည်။

သူ့ခန္ဓာကိုယ်တစ်ခုလုံး သွက်လက်ပေါ့ပါးမှု အပြည့်ရှိနေသည်။

ယှဉ်ပြိုင်တိုက်ခိုက်ရမည့်ဆိုသော အသံကြောင့် အတွင်းအားက ပိုပြီးပြင်းထန်နေသည်ဟု ထင်မိ၏။

ဇီဂျင်ဟိုး တစ်သက်လုံး လေ့ကျင့်လာသမျှထဲတွင် သည်တစ်ကြိမ်က အပြင်းထန်ဆုံး လေ့ကျင့်နေရခြင်းသာ ဖြစ်ပေလိမ့်မည်။

သည်ပွဲ၌ သူရှုံးနိမ့်သွားခဲ့ပါလျှင် တရားခံလုံးလုံးဖြစ်မှာ။

အမှန်တရားကို ဘယ်လိုမှ သက်သေပြစရာမရှိအောင်ဖြစ်သွားပေလိမ့်မည်။

* သူသေဆုံးသွားသည့်တိုင်အောင် မဟုတ် မမှန် စွဲချက်တင်၍ သမီးလေး ချူယာ ကိုအား တရားစွဲဆိုကြပေဦးမည်။

အများစုက သူ့ဘက်က နေချင်ပေမယ့် မိုးမခဓား ဟန်ဖေးက ဓားမိုးခြောက်လှန့်ထားသဖြင့် အမှန်အတိုင်း ဖြစ်လာနိုင်ဖို့ဆိုတာ မလွယ်လှ။

သူ့တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေသည်။

မောဟိုက် နွမ်းနယ်မှုအတွက် နားနေဖို့ စိတ်ကူး၍မရနိုင်သေး။

လေ့ကျင့်ရင်း အသက်ကို ပြင်းပြင်း ရှူနေမိသည်။

ဓားကို ငွေယမ်း ကစားနေရလျှင် နဂါးကြည်းစိတ်တို့က ပျောက်ကွယ်၍ သိုင်းကွက်များကိုသာ အာရုံထဲ ပိုမို ရောက်ရှိလာတတ်သည်။

ရင်ထဲ၌ မွန်းကျပ်ပိတ်လှောင်စွာ ခံစားနေရသမျှ တို့ အစိုင်အခဲထုကြီးအတွင်းမှထိုးဖောက်လွတ်မြောက်နိုင်အောင် ခစ်ထွက်သွက်လေး လှုပ်ရှားရင်း လေ့ကျင့်ခဲ့ရသည်။

မိုးမခဓား ဟန်ဖေး အာရုံထဲ၌ မြင်ယောင်နေမိသည့် သဏ္ဍာန်....

'ဟား....ဟား....ဟား....ကမ္ဘာက ကျဉ်းကျဉ်းလေးပါ'

နားထဲသို့ သဲ့သဲ့တိုးဝင်လာသော လှောဝ်ပြောင် ရယ်မောသံ တစ်ခု....

'ကဲကွာ'

'ဝှစ်....ဝှစ်....ဝှစ်'

အာရုံထဲ ရောက်ရှိရန် ကြိုးစားနေသော အရုပေါင်းများစွာကို လှုပ်ရှားမှုတစ်ခုဖြင့် ဖျက်ဆီးပစ်လိုက်လေသည်။

အတွင်းအား စွမ်းအင်ကို အသုံးပြု လေ့ကျင့်နေရခြင်းဖြစ်၍ ကြွက်သားများက တင်းမာလျက် ကိုင်ဆောင်ထားသောဓားက သံတုံးကြီးကို လက်ထဲသို့ ထည့်ထားရသလိုပင် လေးလံနေသည်။

ငွေ့ယမ်းခုတ်ပိုင်းရသောအခါ အားအင်များပင် ကုန်ခန်း၍ လူတစ်ကိုယ်လုံး နုံးချည့်ပင်ပန်းစွာ ခံစားလိုက်ရသည်။

ဇီဂျဝ်ယိုး လေ့ကျင့်မှုပြီးသည်နှင့် သစ်ပင်ခြေရင်း မြက်ခင်းတစ်ခုပေါ်သို့ လှဲအိပ်ပစ်လိုက်၏။



နေခြည်လေးက သစ်ရွက်များကြားမှ သူ့ထံသို့ အမောပြေ ကျီစယ်ရောက်ရှိလာခဲ့သည်။

သို့ပေမယ့် ပြာဝေနေသော မျက်လုံးများကို သူမဖွင့်နိုင်သေး၊ လေနုအေး၏ တိုးဝှေ့လာမည့်အချိန်ကို စောင့်မျှော်နေမိသည်။

# ( ၁၁ )

'ဇီဂျင်ဟိုး....ဧသြာ်....အတော်သတ္တိကောင်းရှာတာပဲကိုး'

ချိန်းဆိုထားသည့် နေရာသို့အရောက် မိုးမခဓား ဟန်ဖေးက ကျောက်ဆောင်ကွယ်တစ်ခု နောက်ကွယ်မှ ဘွားခနဲထွက်လာခဲ့သည်။ သူကလည်း ဓာတိသစ္စာ တည်ကြည်စွာ တစ်ယောက်တည်း ရောက်လာခဲ့ခြင်းဖြစ်၍ တော်သေးသည်၊

'ကျုပ်က စိန်မခေါ်ခင်ကတည်းက မရဏဓေတာနဲ့ကို အရင်ကြိုလွှတ်လိုက်ချင်တာလေ'

မျက်မှောင်ကြုတ်၍ မိုက်ကန်းစွာ စကားဆိုရင်း ခြေစုံရပ်ကြည့်နေလိုက်သည်။

'မိုးမခဝေး ဟန်ဖေးဟာ ခင်ဗျားခုလို ရှောင်ပြေးနေရတာကို မကြည့်ရက်လို့ ကောင်းရာမွန်ရာ ပို့မလို့ပါ၊ ဟဲ....ဟဲ'

'မလိုပါဘူး ဟန်ဖေးရာ၊ ဓားတစ်လက်ဆိုတာ နတ်ကြီးပါဘယ်၊ အနိုင်အရှုံးကို တရားနည်းလမ်းတကျ အဆုံးအဖြတ် ပေးသွားမှာပါ'

မြစ်ဝါမြစ်၏ စီးဆင်းသံကို အတိုင်းသား ကြားနေရသည်။

စိန်ခေါ်ယှဉ်ပြိုင် သတ်ဖြတ်ရန် ဓားသမားနှစ်ယောက် အသင့်ပြင်ထားကြလေပြီ။

'ယား....'

'ယား....ထန်....ထန်'

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ပင် လှုပ်ရှားမှုတို့ အသက်ဝင်သွားခဲ့လေပြီ။

တစ်ဦးနှင့်တစ်ဦး လေထဲတွင် ညာသံပေးလျက် ဝဲပျံတိုက်ခိုက်နေကြသည်။

ကိုယ်ဖော့ပညာနှင့် အဆင့်မြင့် လေသိုင်းပညာကို တတ်ကျွမ်းကြသူများ ဖြစ်ကြ၍ ရှူးပျံနှစ်ကောင် ဝဲပျံတိုက်ခိုက်နေသလို ဖြစ်နေသည်။

ပြင်းထန်သော မီးပွင့်လာမှုကြောင့် ဓားကိုင်ထားသော လက်ပင် ကျဉ်စက်နှင့်အတို့ခံရသလို ထုံကျဉ်သွားခဲ့၏။

ဇီဂျင်ဟိုး၏ အတွင်းအားကို ကောင်းကောင်း သိရှိသွားခဲ့ရှာလေပြီ။

'ရှမ်း....ရှမ်း....ရှမ်း'



အောင်မြင်သော မိုးမခသိုင်းကွက်ဖြင့် တရကြမ်း ဝင်ရောက် တိုက်ခိုက်လျက် ရှိ၏။

ဇီဂျင်ဟိုးက ဓားလမ်းကြောင်းနှင့် ဖိလာဆန့်ကျင်ပြု၍ လွှားခနဲ ခုန်ရှောင်တိမ်းလျက် ရှိသည်။

မိုးမခဝေး ဟန်ဖေးအဖို့ မည်မျှ တုံ့ပြန် တိုက်ခိုက်နေစေကာမူ အသာစီးမရနိုင်။

ဇီဂျင်ဟိုး၏ တစ်ချက်ကောင်း တိုက်ခိုက်မှုကြောင့် ပြန်လည်ဆုတ်ခွာ ရတာတစ်မြဲ ဖြစ်၏။

'ဘယ့်နှယ်လဲ ဟန်ဖေးရဲ၊ မိုးမခဝေးကြီး ကျုပ်ကိုပေးခဲ့တော့မလို့လား'

အခမာမ ပြန်နိုင်လောက်အောင် ရှပ်ပျက်ဆင်းပျက် ဖြစ်နေသူ ဟန်ဖေးကို မခံချိမခံသာအောင် ပြောဆိုလိုက်၏။

'ထွီ....မတန်မရာစကားကို မပြောစမ်းနဲ့၊ ဒီပွဲမှာ နိုင်အောင်သာတိုက်'

'ထန်း....ထန်း....ဒလန်'

'ထန်း....ထန်း'

နှစ်ယောက်စလုံး၏ တိုက်ကွက်များသည် ပို၍ သွက်လက်မြန်ဆန်လာသည်ဟု ထင်ရ၏။

'ဝှီး....ဝှီး....'

တစ်ချက် တစ်ချက် ဇီဂျင်ဟိုးထံမှ ထိုးဖောက် ရောက်ရှိလာသည့် ဓားချက်မှ....က ဟန်ဖေး၏အနီးမှ ပွတ်ကာသီကာလေး....

ဟန်ဖေးက သူ့ထက် တိုက်ခိုက်မှုအတွေ့အကြုံ ပိုမို ရင့်ကျက်သည့် သိုင်းသမားတစ်ဦးဖြစ်၏။

သို့သော် ဒေါသစိတ်ကိုမထိန်းချုပ်နိုင်သဖြင့် တိုက်ကွက်များ လွဲမှားနေသည်ကိုသတိရတိုင်း သူ့စိတ်ထဲမလုံခြုံသလိုလို ဖြစ်နေမိသည်။

မိုးမခဓားဟု ဂုဏ်ယူဝံ့ဖော်ကျူးစရာမရှိရလောက်အောင် ဓားချက်တိုင်းက ပိုင်နိုင်စွာ ခုတ်ပိုင်းနိုင်ခြင်းမရှိခဲ့။

ဇော်ဂျင်ဟိုးကတော့ ကိုယ်တိုင် အမြော်ခံနိုင်သည့်အပြင် ဇွဲကောင်းလှသည့်အတွက် အဆက်မပြတ် တိုက်ခိုက်နေသည့် ဓားချက်တိုင်းက ဟန်ဖေးသာ အရှောင်အတိမ်း မကျွမ်းကျင်ခဲ့ပါလျှင် တဒင်္ဂအတွင်း၌ ပွဲပြီးသွားနိုင်သည်။

အကြိတ်အနယ် တိုက်ခိုက်နေရင်းနှင့် ကျောက်ဆောင်တစ်ခုပေါ်သို့ ရောက်ရှိလာခဲ့ကြ၏။

နှစ်ဦးစလုံးက ကိုယ်ဖော့ပညာ ကို အားကိုးပြု၍ ကျောက်တုံးလေးများပေါ်၌ လျှပ်တစ်ပြက် လူပ်ရှား တိုက်ခိုက် နေပုံမှာ အသည်းယားစရာ ကောင်းလှပေသည်။

'ထန်....ထန်....ချလွမ်'

ဇော်ဂျင်ဟိုး၏စိတ်ထဲ၌ နာကြည်းစွာ ခံစားနေရသမျှ အားလုံးကို ဓားကိုင်ထားသောလက်၌ စုစည်းအောင် အာရုံပို့ထားသဖြင့် သူ၏ဓားချက်တိုင်းက ဟန်ဖေးထက် ပိုပြီး ပြင်းထန်လွန်းနေသည်။

ဟန်ဖေး၏ တစ်ကိုယ်လုံး ဇောချွေးများ ပြန်နေသည်။



သူက စ၍ စိန်ခေါ်သည့်ပွဲမို့ သူသာရှုံးခဲ့ပါလျှင် သိုင်းလောက တစ်ခုလုံး၌ သေဆုံးသွားသည့်တိုင် ပြောစရာကျန်ပေတော့မည်။

ပြီးတော့ ဇော်ဂျင်ဟိုးတစ်ယောက် ဟန်ဖေး နေရာသို့ ရောက်ရှိလာတော့မှာ သေချာသည်။

( ၁၂ )

အဆင့်မြင့် သိုင်းသမား ရှားပါးလှသည့် နယ်မြေ၌ အနက်ရောင် သိုင်းသမား ရှားပါးလှသည့်နယ်မြေ၌ အနက်ရောင် သိုင်းသမားဖြစ်စေ၊ အဖြူရောင် သိုင်းသမားဖြစ်စေ နယ်စား မြို့စားများက မွေးမြူဖို့မခဲယဉ်းလှ။

အခုတော့ တစ်ဂူထဲ ခြသေ့်နှစ်ကောင် အောင်းနေရမည့် ကိစ္စမို့ တစ်ယောက်ယောက် သေဆုံးမှသာ ထိုကိစ္စက ပြီးပြတ်ပေတော့မည်။

ယား....'

'ထန်း....ထန်း....ခြမ်း'

ကျောက်စွန်းလေးများ တစ်ခုနှင့် တစ်ခု နိုင်းလျောက်ခုန်လွှားရင်း အတွင်းအားကို အပြည့်အဝ အသုံးပြု၍ တိုက်ခိုက် လိုက်၏။

နှစ်ဦးသား ခေါ်းသွားခြင်း ညီ၍ ကြိတ်ဆွဲမိနေကြဆဲ....

အတွင်းအားပြိုင်ဆိုင်မှုတူညီနေသည်မို့ မရှည် အားအင်သုံးနိုင်ဖို့ အခက်တွေ့သွားစေနိုင်သည်။

တစ်ဦးနှင့်တစ်ဦး လုံးဝ အလျှော့မပေးဘဲ ဇွဲနပဲကြီးစွာအားခြင်း ပြိုင်နေပါက အတွင်းအားများ ကုန်ဆုံးသွားဖွယ်ရာသာရှိ၏။

'ယား....'

ထို့ကြောင့် နှစ်ယောက်သား မှန်ကန်အားကို အသုံးပြု၍ ဖယ်ခွာရန် ကြိုးစားလိုက်သဖြင့် နှစ်ယောက်စလုံး အဝေးသို့ လွင့်စဉ်လျက် ခေါးနှစ်လှက်မှာ ရေထဲသို့ပြုတ်ကျသွားလေသည်။

နှစ်ယောက်စလုံး ခုခံကာကွယ်ရန် မွေးရာပါ လက်နှစ်ဖက်နှင့် ခြေထောက်သာကျန်တော့သည်။

'ယား....'

'ဖြောင်း....'

'အင့်....'

ဟန်ဖေးက ပိတ်ဆို့နေသော ထွက်ပေါက်တစ်ခုကို ရယူရန်အတွက် ဇော်ဂျင်ဟိုးအား ပြေး၍ ပစ်ကန်တိုက်ခိုက်လိုက်သည်။

ဇော်ဂျင်ဟိုး အလစ်ခံလိုက်ရသဖြင့် လွင့်စဉ်သွားလေသည်၊



မျှော်ဓက်လျက်သား လဲကျနေရာမှ မြေသို့ လက်ထောက်၍ ရုတ်တရက် ကုန်းထလိုက်သည်။

ဟန်ဖေး မပြေးနိုင်အောင် ခြေနှစ်ချောင်းကို ဆန့်ထုတ်ပစ်ကန်လိုက်၏။

'ဘုန်း....'

ဟန်ဖေး လွတ်လပ်မှုမရှိတော့၊ ဇော်ဂျင်ဟိုးက ကျောက်ဆောင် လမ်းချိုးလေး ထင်ခုလုံးကို လွတ်ထွက်မသွားအောင် ပိတ်ဆို့ထားလေပြီ၊

ပွဲဓာ ဆုံးဖြတ်၍မရနိုင်သော်လည်း ကိုယ်ဖော့ပညာနှင့် အတွင်းအားပညာ၌ ဇော်ဂျင်ဟိုးက သာလွန်သဖြင့် ဟန်ဖေးမှာ သတိနှင့်ရင်ဆိုင်နေရရှာသည်။

'ဗိုး....ဗိုး'

လေတိုးသံတဟူးဟူးနှင့် လက်ဝါးရိုက်ချက်ကို ဟန်ဖေး ပြင်းထန်လွန်းသဖြင့် တိုက်ကွက်ဆင်ခွင့်မသာဘဲ နောက်သို့ ဆုတ်၍နေရရှာသည်။

'ခွပ်....ဘုန်း....ဘုန်း'

ကျောက်စကျောက်နများ ရွှေလက်ဝါးသိုင်းကွက်ကြောင့် ဖွားခနဲ ဖွားခနဲ လွင့်စဉ်ထွက်သွားရှာတော့သည်၊

ဟန်ဖေးက အရှိန်ပြင်းစွာ ရောက်ရှိမလာနိုင်စေရန် လက်ချင်း ပူးကပ်ဟန့်တားရင်း ကုန်ဆုံးသွားသည့် အတွင်းအားကို ကူးစက်ဖြည့်ဆည်းခွင့်မရအောင် ကြံစည်လိုက်၏။

'ဗိုး....'

ဇီဂျင်ဟိုးက လက်ကိုရင်အောင်ခွာရင်း လက်ဝါးရိုက်ချက် ခပ်ပြင်းပြင်းတစ်ချက်ကို မျက်နှာဆီသို့ ဖြတ်ရိုက်ချလိုက်လေသည်။

ဟန်ဖေးက နောက်တစ်လှမ်းဆုတ်၍ ရှောင်ရှားလိုက်ရင်း လက်ကိုလိမ်ချိုးပစ်ရန် ကြိုးစားလိုက်သည်။

'ဖြောင်း....အား'

ဇီဂျင်ဟိုး၏ ကျန်လက်တစ်ဖက်က အရှိုက်သို့ ပြင်းထန်စွာ ရိုက်ပုတ်ပစ်လိုက်လေသည်။

လေက တဟူးဟူးတိုက်ခိုက်နေသည့်အကြား အောက်သို့ ပြုတ်ကျမသွားအောင် သဲကြီးမဲကြီး တိုက်ပွဲဆင်နွှဲနေလေသည်။

အတွင်းအားဖြင့် ရိုက်ပုတ်သံများက အနိုင်အရှုံး အဆုံးအဖြတ် ပေးနိုင်ရန်အတွက် ပြင်းထန်စွာ ဖို့ခွင်းစပြုလာခဲ့လေပြီ။

ဟန်ဖေး၏ တိုက်ကွက်ကို ကြည့်ရှုခြင်းအားဖြင့် တဖြည်းဖြည်း စိတ်ဓာတ်ကျဆင်းနေမှန်း သိသာပေါ်လွင်နေသည်။

'ဝိုး....ဝိုး'

ပိုင်နိုင်စလာက်ပြီအထင်နှင့် လှစ်ခနဲ အလစ်ရိုက်ပုတ်လိုက်သည်။

တိုက်ကွက်ကို နောက်သို့ဆုတ်၍ ရှောင်ရှားလိုက်ရင်း ရင်တထိကို အတွင်းအား ခပ်ပြင်းပြင်းနှင့် တွန်းလွှတ်လိုက်လေသည်။

'အား'



ဟန်ဖေးတစ်ယောက် ကျောက်ဆောင်ပေါ်မှ ကြောက်မက်ဖွယ် စူးစူးရှားရှား အော်ဟစ်သံနှင့်အတူ အောက်သို့ အရှိန်နှင့် လွင့်စဉ်ပြုတ်ကျသွားခဲ့လေတော့သည်။

'ဝုန်း....ခွပ်'

ကျောက်ဆောင်စွန်းတစ်ခုနှင့် ထိခိုက်မိပြီး ရေစီးပေါ်သို့ ဗွမ်းခနဲ ပြုတ်ကျသွား၏။

ဟန်ဖေးတစ်ယောက် လောကထဲတွင် မိုးမခအားသရဖူ ရရှိထားသူဟူ၍ ဝံ့ကြွားနိုင်လိမ့်မည် မဟုတ်တော့ပါ။

ရေစီးနှင့်အတူ မျောပါသွားသော ဟန်ဖေးအား ငေးကြည့်ရင်း စိတ်မကောင်းဖြစ် ကျန်ခဲ့ရှာလေသည်။

အမှန်တော့ ဇီဂျင်ဟိုး အောင်မြင်သူအဖြစ် ဂုဏ်ယူဝံ့ကြွားလိုခြင်း မရှိ။

## ( ၁၃ )

မိုးမှခိုစား ဟန်ဖေး မသေ

ဟန်ဖေးတစ်ယောက် နှာကျင်စွာ ခံစားနေရသည့် ဒဏ်ရာများစွာဖြင့် သူတည်းခိုရာဆီသို့ ဒယီးဒယိုင်နှင့် ရောက်ရှိလာခဲ့လေတော့သည်။

'ဟင်....ဆရာ၊ ဖြစ်မှဖြစ်ရလေ ဆရာရယ်'

စီလင်၍ သူကြည်ညိုလေးစားသည့် ဆရာဖြစ်သူ ဟန်ဖေးအား မမျှော်လင့်ဘဲ ဒဏ်ရာများနှင့် တွေ့မြင်လိုက်ရသဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရှာသည်။

စီလင်ရှုတစ်ယောက် ဟန်ဖေးထံ တပည့်ခံတာ ကြာမြင့်ခဲ့ပြီ။ ဟန်ဖေးက လျှို့ဝှက်နေထိုင်တတ်သူ တစ်ယောက်ဖြစ်၍ သူနှင့် ပတ်သက်သမျှ မည်သူမျှမသိရှိခဲ့၊ ယခုလည်း ဘာဖြစ်လာမှန်း မသိ။

'ဘယ်လိုဖြစ်လာတာလဲဆိုတာ ကျွန်တော့်ကို ပြောပြပါဦး ဆရာ'

'ငါ အရှုံးတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရပြီ တပည့်၊ ငါ မကြာခင် သေရတော့မယ်'

ဟန်ဖေးက လူဆိုးလူမိုက်တစ်ဦး၏ ဘဝနိဂုံး မရောက်မီ မှားယွင်းခဲ့သမျှကို ကြေကွဲစွာ နောင်တရလေဟန်နှင့် ပြောဆိုနေသည်။

'ဟာ....မဟုတ်တာပဲ ဆရာရယ်၊ အချိန်မီ အကောင်းဆုံး သမားတော်တစ်ယောက်နဲ့ ကုသလိုက်ရရင် ဒဏ်ရာအားလုံး ပျောက်ကင်းသွားမှာပါ၊ ဘာမှ အားမငယ်ပါနဲ့ ဆရာရယ်'

စီလင်ရှုက ပြုံးမဲ့ အားပေးနေသလောက် ဟန်ဖေးမှာ ရှင်သန်း တက်ကြွမှုမရှိ။

'မဖြစ်နိုင်ပါဘူး တပည့်ရာ၊ ငါ့ကိုယ်ငါ သိပါတယ်၊ ငါ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ အစိတ်အပိုင်းတစ်ခုဟာ အတွင်းအားနဲ့ တိုက်ခိုက်ခံရလို့ ပျက်စီးစပြုနေပြီကွ'

'ဗျာ....'

'အို....ဆရာမသေစေရဘူး....'

'ဆရာ့ရဲ့ဒဏ်ရာကို ဖြစ်တဲ့နည်းနဲ့ ကယ်မယ်'

ဟန်ဖေး၏ ပါးစပ်မှ သွေးများ ယိုစီးကျလာခဲ့၏။



အကောင်းကြွေဒဏ်ရာ တစ်ခုမို့ မည်သည့်သမားတော်နှင့် အချိန်မီ ကုသရမည် မယ်အောင် ဖြစ်နေသည်။

ထိုသို့သော ဒဏ်ရာကို ကုသနိုင်သူမှာ နှင်းတောင်မှ ဘွားဘွားစံတစ်ယောက်သာ ရှိ၏။

စီလင်ရှုတစ်ယောက် ခေါင်းအေးအေးနှင့် စဉ်းစားရင်း ဟန်ဖေးအား လှည်းပေါ်တင်၍ နှင်းတောင်ဘွားဘွားစံ ဆီသို့ အမြန်ဆုံး ထွက်လာခဲ့၏။

* * *

နှင်းတောင်က ခိုက်ခိုက်တုန်အောင် အေးမြလွန်းလှသည်။

ဟန်ဖေးတစ်ကိုယ်လုံး ဝါဂွမ်းကပ်ကို သိုင်းပတ်ထားပေမယ့် တုန်ယင်နေဆဲ။

စီလင်ရှုက မြင်းကို နှင်တံတို၍ ခရီးတစ်လျှောက်လုံး မနားတမ်း လှုပ်ရှား မောင်းနှင်လာခဲ့ရ၍ သွေးပူစ ပြုနေပြီမို့ အေးစက်ခြင်းကို သတိမမူပုံရချေ။

ဆရာဖြစ်သူ အသက်ရှင်နိုင်ရေးအတွက် ပူပင်သောကပ်နေသည်။

ဟန်ဖေးက သူ့အတွက် မိဘဆိုလည်းဟုတ်၊ ဆရာဆို လည်းဟုတ်သည်။

ဥတစ်လုံး တစ်ကောင်ကြွက်ဘဝနှင့် ဆရာထံ၌ မှီခိုနေ ထိုင်ရသူမို့ တွယ်ရာမဲ့ဖြစ်ရသော သူ့ဘဝတွင် ဟန်ဖေး သာ မှီခိုရာ ဖြစ်ခဲ့ရသည် မဟုတ်လား။

ဟန်ဖေးတစ်ယောက် သူ့ကို တပည့်သား တစ်ယောက်ဟု အသိအမှတ်ပြုရုံထက်မပိုခဲ့။

မိုးမခ ဝေးသခင်အဖြစ် လူပုံလယ် ဝံ့ကြွားလိုခြင်းအတွက် သာ အားထုတ်ခဲ့သည်။

သူ လုပ်ကိုင်နေသည့် တရားနည်းလမ်းမကျသော ကိစ္စ များကိုမသိစေရ။

ရိုးသားသော တပည့်ဖြစ်သူ စီလင်ရှုကတော့ ဆရာကို အနက်ရောင် သိုင်းသမား တစ်ယောက်ဟု မမြင်နိုင်ရှာပေ။

ဟန်ဖေးက ဝေဒနာကို နာကျင်စွာ လူးလိမ့်ခံစားနေရာမှ အားယူထဖို့ ကြိုးစားလိုက်၏။

စီလင်ရှုကို လှမ်းကြည့်လိုက်မိသည်။

တစ်ကိုယ်လုံး ရွှဲရွှဲစိုအောင် တစ်လမ်းလုံး မြင်းလှည်း ကို တရကြမ်း မောင်းနှင်လာရတတ်ဆော်လည်း သူ့ပုံစံက မောပန်းလေဟန် မရှိ။

ကြည့်ရှုနေရင်း စီလင်ရှု၏ ဘဝရှေ့ရေးကို တွေးမိတိုင်း သနားနေမိ၏။

'စီလင်၊ အား....ကျွတ်....ကျွတ်....မင်း သိပ်ပင်ပန်းနေပြီ၊ လှည်းကို ခဏရပ်ပါဦးကွာ'



'ဆရာ'

စီလင်ရှု လှည်းကို အရှိန်သတ်ရပ်ပေးလိုက်၏။

'မင်းရဲ့စိတ်ဓာတ်ကို ငါ အရမ်းလေးစားပါတယ်ကွာ၊ ဒါပေမယ့် ငါက သေရမယ့်လူပဲ၊မင်းအတွက် အပင်ပန်းခံ ပြီး ခေါ်ဆောင်သွားရတာပဲ အချိန်ကုန်လှပါပြီ'

'ဩော်....ဆရာရယ်'

ဟန်ဖေး အားယူ၍ ပွေ့ထူရန် အမူအရာ ပြုလိုက်သဖြင့် စီလင်ရှုက ပွေ့ထူလိုက်သည်။

ဟန်ဖေးက သူ အမြတ်တနိုးထားသည့် မိုးမခဝေး၏ သင်္ကေတ အမှတ်တံဆိပ်ပါသော လက်စွပ်တစ်ကွင်းကို ချွတ်၍ စီလင်ရှု၏လက်သို့ ပြောင်းလဲ တပ်ဆင်ပေးလိုက်ရင်း ကျေနပ်စွာ ငေးကြည့်လျက်....၊

'ဆရာ့အတွက် နောက်ဆုံးအချိန်ကို ရောက်ပြီ၊ ဒါကမင်း နဲ့ အထိုက်တန်ဆုံးအမွေပဲ၊ ငါရှိတဲ့နောက် ဟောဒီလက်စွပ်ကို ပြပြီး နှင်းတောင် ဘွားဘွားဝဆီကိုသွားပြီးပညာဆက်သင် ပေတော့'

'ဆရာ....စကားများတွ သိပ်မပြောနဲ့'

'မင်း သေသေချာချာနားထောင်စမ်း၊ငါ့အတွက် ဇီဂျစ် ဟိုးကို လက်စားချေ....'

'ဆရာ....ဆရာ'

ဟန်ဖေးက စိတ်ကိုတင်း၍ သူ ပြောဆိုခြင်း သည့်စကား ကို နောက်ဆုံး အခိပ္ပာယ် ဖော်ကျူးပြောဆိုသွားခဲ့ရှာလေ ပြီ။

စီလင်၍ မိုးမခဝေးသခင်၏ သင်္ကေတ အမှတ်တံဆိပ် ပါသော လက်စွပ်ကလေးကိုကြည့်ရင်း စိတ်မကောင်း ဖြစ်နေမိသည်။

ထိုလက်စွပ်က သူ၏အမွေဟု ဆိုခဲ့၏။

ပြီးတော့ နှင်းတောင်ဘွားဘွားဝ ထံ အကူအညီတောင်းခံ၍ ပညာဆက်သင်ဖို့လည်း မှာခဲ့သေး၏။

ဟန်ဝေးက သူ့အတွက် အခုဝန်ကျေပွန်သော ဆရာ တစ်ဆူသာ ဖြစ်တော့သည်။

သူ ခရီးဆက်ရဦးမည်က နှင်းတောင် ဘွားဘွားဝ ဆီ ဖြစ်၏။

( ၁၄ )

နှင်းတောင် ဘွားဘွားဝ

အပြင်ဘက်၌ အေးစိမ့်နေပေမယ့် ဂူထဲဝင်လိုက်သည်နှင့် စိတ်ထဲမှာ နွေးထွေးသွားသလို ထင်ရ၏။

ထုံးကျောက်ခေတ်က အအေးကို လုံခြုံအောင် ထိန်းပေးထားသည့်အပြင် သဘာဝကို ပြောင်းလဲစေသည့် ထူးဆန်းသော မီးထင်းဖိုကလေးက လိုဏ်ဂူထဲတွင် လူသားတစ်ဦး ကာလများစွာ နေနိုင်အောင် ဖန်ဆင်းထားလေသလား ဟု တောင် ထင်မိရသည်။

ဂူတစ်ခုလုံး ဆေးမြစ်နံ့က လှိုင်ထွက်နေသည်။

အရွက်ခြောက်များ တိရစ္ဆာန်များ၏ သေကျေပျက်စီး သွားရာမှ ခြောက်ဆွေးနေသော ရုပ်ကြွင်းများကို အမှုန့်ပုံကြီးတစ်ခုလို ဆေးဖော်စပ်ရန် စုပုံထားသည်ကို တွေ့ရ၏။

'ဒေါက်....ဒေါက်....ဒေါက်'

နှင်းတောင်ဘွားဘွားဝ၏ တောင်ဝှေးနှင့် သွားနေသံကလွဲ၍ တခြားအသံမှ မကြားရအောင် ပကတိ ငြိမ်သက်တိတ်ဆိတ်နေသည်။

အကြောင်းစုံကိုသိရှိသွားသဖြင့် ဘွားဘွားဝက သူ့ကို တပည့်အနေနှင့် လက်ခံနိုင်ဖို့အတွက် လေးနက်စွာ စဉ်းစားနေခြင်း ဖြစ်၏။

အဘွားက အသက်အရှည်ဆုံး နေထိုင်သူ ဖြစ်၏။

ဇရာကြောင့် မျက်နှာပေါ်မှ အရေပြားတို့က တွန့်လိမ်နေသည်။

တစ်ခေါင်းလုံး ဆံပင်ဖြူများ ဖြူဆွတ်၍ ခြောက်သယောင်းစပြုနေသည်။

တောင်ဝှေးကို အားပြုနေထိုင်ရသူ ဖြစ်ပေမယ့် အရေးကြုံလာလျှင် မယုံကြည်နိုင်လောက်အောင် လျင်မြန် ဖျတ်လတ်လွန်းလှသည်ဟု ကြားဖူးသည်။

မကြာက်စရာအကောင်းဆုံးက ပန်းဝတ်ဆံလိုစူးရှလှသော နှင်းတောင် ဘွားဘွားဝ၏ မျက်လုံးများပင် ဖြစ်သည်။

ဘွားဘွားဝ၏ ဆက်ထဲမှ လက်စွပ်ကိုကြည့်ရင်း တစ်ခုတစ်ရာကိုပြောဖို့ စဉ်းစားနေသည်။



စီလဝ်ရှုအဖို့ ဘွားဘွားဝထံမှ ပေါ်ထွက်လာမည့် စကားသံကို စောင့်ဆိုင်းနေရသည်မှာ များစွာရင်ခုန်လွန်းလှသည်။

စကားတစ်ခွန်းက သူ့ဘဝတစ်လျှောက်လုံး၏ အဆုံးအဖြတ်သာ ဖြစ်တော့သည်။

အကယ်၍သာ ဘွားဘွားဝက သူ့အား တပည့်အဖြစ် လက်မခံခဲ့ပါလျှင် သူ့အတွက် မျှော်လင့်ချက်တစ်ခုနှင့် ဝေးရဦးမည်။

သူ့မှာ ပညာတမစုံ၊ နေရာကလည်း မရှိသည့် ဘဝမို့ ဟန်ဖေးသေဆုံးသွားကတည်းက ဘယ်ကိုရှေ့ဆက်ရမှန်းမသိ အောင် စဉ်းစားရခက်လှသည်။

'အိမ်း....မင်းအတွက်တော့ ဒီမှာနေစရာ ရှိနိုင်ပါတယ်၊ ပညာသင်ဖို့မသင်ဖို့ ကိစ္စကိုတော့ ဘွားဘွာ စဉ်းစားရဦးမယ်ကွယ့်'

'ဗျာ...'

ဘွားဘွားဝ၏ စကားကြောင့် အားဝယ်သလိုလို ဖြစ်သွားမိသည်။

'မင်း သင်ကြားချင်တဲ့ သိုင်းပညာဆိုတာ ဒီလိုအရပ်မှာ သင်ကြားဖို့အတွက်အတော့်ကို ခက်ခဲပင်ပန်းလှတဲ့ ကိစ္စတစ်ခုပဲ၊ ဒါကြောင့် အရင်ဦးစွာ စိတ်ဓာတ်ကြံ့ခိုင်မှုရှိမရှိ စမ်းသပ်ကြည့်ဖို့ လိုမယ်'

'ဟုတ်ကဲ့၊ ကြိုက်သလို စမ်းသပ်နိုင်ပါတယ် ဘွားဘွား'

'ကောင်းပြီလေ၊ ဒါဆို ငါနဲ့မင်းလိုက်ခဲ့ပေတော့'

ဂူထဲဝင်လိုက်သည်နှင့် ဘွားဘွားဝ ်က ကျောက်တံခါးကို ပိတ်လိုက်၏။

တိတ်ဆိတ်ငြိမ်သက်မှုကြောင့် စိတ်အာရုံက မအည်မငြိမ်ဖြစ်လာပြန်သည်။

ဂူအတွင်းရှိ အနံ့အသက်များက ထွက်သက်ဝင်သက်ပြုလုပ်နေသည့် အသက်ရှူလမ်းကြောင်းကို ပိတ်ဆို့ချင်သလို မွန်းကျပ်စွာ ခံစားရသည်။

'ဟီး....ဟီး....ဟီး....ဟား....ဟား....ဟား'

စိတ်ချောက်ချားစရာ တစ္ဆေသရဲကြီးတစ်ကောင်၏ အော်ဟစ် ရယ်မောလိုက်သံလိုလို မြည်ဟည်းသံကြီး တစ်ခုက အနှောင့်အယှက် ပြုလာပြန်သည်။ သူ့စိတ်တွေ မတည်မငြိမ်ဖြစ်ချင်လာသည်။

ဘွားဘွားဝ ်က စိတ်ကိုစမ်းသပ်လိုက်ခြင်းဖြစ်၏။

သူ မည်မျှရဲရင့်ကြောင်း သတ္တိရှိကြောင်းကို ပြသရပေတော့မည်။

'ကျွိ ....'

ဝတ်ရုံအနက်ခြုံလွှမ်းထားသည့် မည်းမည်းအရိပ်သဏ္ဍာန်တစ်ခုက သူ့ထံသို့ ရွေ့လျှာသည်။

'ဖြောင်း....'

'ဝုန်း....'

ခွန်အားကို အပြည့်အဝ အသုံးပြု၍ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

'ဂလှောက်....ဂလောက်'

( ၁၅ )

ဘွားဘွားဝ ်၏ လှည့်ကွက်ကို အံ့အားသင့် ငေးမှောနေစဉ်....

'ဝှီ...ဝုန်း'

ထူးခြားစွာ တပ်ဆင်ထားသော လက်နက်ပုန်းများက ကျောက်ဂူနံရံများကို ကန်လျက် သူ့ထံသို့ အရှိန်ပြင်းစွာ အဆက်မပြတ်ရောက်ရှိလာသည်။

'ဖြောင်း....ဖြောင်း'

တိုးဝင်လာသမျှကို အတွင်းအားဖြင့် ရိုက်ထုတ်၍ ပစ်နေမိသည်။

'ဝုန်း....ခွပ်'

မမျော်လင့်သော လက်နက်ပုန်းတစ်ခုက လူတစ်ယောက်အလစ်တိုက်ခိုက်လိုက်သလို နောက်စေ့အား အရှိန်ပြင်းစွာ ခိုက်မိလိုက်၏။

သူ့မျက်လုံးများ ပြာဝေသွားခဲ့လေသည်။

မျက်လုံးမှ မြင်နေရသောအလင်းများက တဖြည်းဖြည်း မှုန်ဝါးစ ပြုလာခဲ့ပြီး တစ်ကိုယ်လုံး လေထဲ လွင့်မျောသွားသလို ပေါ့ပါးစွာ မြောက်တက်သွားခဲ့၏။

သူ သတိမေ့မြောသွားခဲ့ရလေပြီ။

ဇီဂျင်ဟိုး တစ်ယောက် ကျောက်ပိရန်လက်ထက်၌ ငပြစ်မှ တင်းလွတ်ခွင့်ရခဲ့၏။

နယ်စားကျောက်ပိရန်က ဇီဂျင်ဟိုးအား မင်းမှုထမ်းရန် ပြောဆိုသော်လည်း သူက အကြိမ်ကြိမ် ငြင်းဆိုခဲ့သည်။ အရွယ်ရောက်လာပြီဖြစ်သော သမီးလေး ချူယီကိုနှင့်အတူ အေးချမ်းစွာနေထိုင်ရင်း ပန်းပဲလုပ်ငန်းကို အအောင်မြင်ဆုံး လုပ်ကိုင်သည်။

ဓားလှံ လက်နက်များကို လုပ်လိုခြင်းမရှိတော့။

ထို့ကြောင့် တခြား လယ်သမားအသုံးအဆောင်ပစ္စည်းများကိုသာ သူ၏ ပန်းပဲဖိုဌ လုပ်ကိုင်လျက်ရှိ၏။

မိုးမခ ဟန်ဖေးတစ်ယောက် သေသလား ရှင်သလား မသိရသေးသော်လည်း သူနှင့် ပတ်သက်၍ ဇီဂျင်ဟိုး မမေ့နိုင်သေး။



'အဖေ့ကို ကြည့်လိုက်ရင် တမှိုင်မှိုင်တတွေတွေနဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က အကြောင်းကိုပဲ ပြန်စဉ်းစားနေတုန်းပဲလား'

'မှန်တယ်....သမီး၊ အဖေ့ကြောင့် အဆင့်မြင့်သိုင်းပညာရှင် တစ်ယောက် မမျော်လင့်ဘဲ လောကထဲက ထွက်သွားတာကို မေ့မိတိုင်း ရင်ထဲမှာ အနုထိ ကြေကွဲစွာ ခံစားနေမိတုန်းပဲ'

'ဒါဆတော့ သူ့ရဲ့ကြမ္မာက ဒီလို ဖန်လာဖို့အတွက် သူပဲ ကြံစည်ခဲ့တာကိုး အဖေရဲ့'

ဖခင်ပြောပြသဖြင့် မိုးမခဓား ဟန်ဖေးနှင့်ပတ်သက်သမျှ အားလုံး သိရှိထားပြီး ဖြစ်၏။

မသေသင့်ဘဲ သေဆုံးသွားရသူအတွက် ရန်တုံ့ရန်ကြေး တစ်ခုကို ပေးဆပ်ရန် ကြောက်ရွံ့နေခြင်းတော့မဟုတ်။

ချူယီကို ဖခင်၏စိတ်ထားအရင်းခံကို သိရှိထားပြီး ဖြစ်၍ ဇီဂျင်ဟိုး ဘာကြောင့် အခုလို ခံစားနေရသည်ကို နားလည်မိ၏။

မိုးမခဓား ဟန်ဖေး၌ မျိုးဆက် ရင်သွေး ရှိခဲ့ပါလျှင် တစ်နေ့မဟုတ် တစ်နေ့ သူ့ဖခင်အား သတ်ဖြတ်သွားသူကို လက်စားချေဖို့ လိုက်လံရှာဖွေပေလိမ့်မည်။

သွေးကလဲ့စား သံသရာက ဘယ်အခါမှ ဆုံးလိမ့်မည် မဟုတ်။

ဖခင်က သူမကိုဆုံးမထားသည့်အတိုင်း တို့ပြန်လက်စား ချေခြင်းကို ရှုံ့မုန်းခဲ့၏။

သူ့ဘဝ၌ သည်လိုအဖြစ်မျိုးနှင့် ဘယ်အခါမှ မကြုံပါရစေနဲ့ဟု စိတ်ထဲ၌ ဆုတောင်းနေမိသည်။

*　　*　　*

စီလင်ရှု နေခြည်အစန်းကို မျက်နှာမူလိုက်၏။

လင်းလက်ထင်ဟပ်လာသည့် အလင်း၏ အနွေးဓာတ်က ခန္ဓာကိုယ်ထဲထိ စီးဝင် ရောက်ရှိသွားလေသလား ထင်ရသည်။

သူ သိုင်းပညာကို ဘွားဘွားဝါထံမှ အခြေခံ ကောင်းကောင်း ရရှိနေပြီဖြစ်၏။

အင်သေးသေးသည့် နှင်းခဲတုဖက် သိုင်းလေးကွက်နှင့် အတူ နှင်းတောထဲ၌ လှုပ်ရှားလေ့ကျင့်နေမိသည်။

အအေးဓာတ်ကို သူ မမှုတော့။



နှင်းတောင်၌ ခြောက်လကြာမြင့်အောင် နေထိုင်လာသူ ဖြစ်၍ သူ့အဖို့ သည်လောက်အေးမြမှုက အဆန်းမဟုတ်။ ရေခဲလောက်သည်အထိ အအေးပိုလာလျှင်တော့ ကျောက်ဂူထဲ၌ လေ့ကျင့်ရ၏။

## ( ၁၆ )

## အနုက်ရောင်သိုင်းသမားကို မုန်းတဲ့ဆူ

ဘွားဘွားဝ ကို မိဘအရင်းပမာ သံယောဇဉ်တွယ်လာ ရသူမို့ တစ်နေ့ထာ သင်ကြားပေးသမျှ သိုင်းကွက်အနည်း ဝယ်ကို ကျွမ်းကျင် တတ်မြောက်ရန်အတွက် အပင်ပန်းခံ ဝေလ့ကျင့်ရတော့သည်။

သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုတွင် သူ့ဘဝက အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက် ဖြစ်ရလိမ့်မည်ဟု ယုံကြည်သည်။

သိုင်းပညာသင်ကြားနေစဉ် သူ့ရင်ထဲ၌ အမိကရှိနေသော ရည်ရွယ်ချက်တစ်ခုက ဆရာဖြစ်သူ မိုးမခဓား ဟန်ပေး၏

မအောင် မှာကြားသွားသည့် စကားတစ်ခွန်းကိုသာ သတိရမိသည်။

ဇီဂျင်ဟိုးဆိုတာ မည်သူနည်း။

ထိုကိစ္စနှင့်ပတ်သက်၍ နှင်းမောင်ဘွားဘွားဝ အား သူဖွင့်ဟတိုင်ပင်ခဲ့ခြင်း မရှိ။

သူ့စိတ်ထဲ၌ ဇီဂျင်ဟိုးအား အနက်ရောင်သိုင်းသမား တစ်ယောက်ဟု စွဲမှတ်ထင်လျက်....။

မိုးမခေါးဟန်ဖေးကိုအဖြူရောင်သိုင်းသမားတစ်ယောက်ဟု ကိုးကွယ်ယုံကြည်မိနေခြင်းသာ ဖြစ်၏။

အနက်ရောင်သိုင်းသမားတို့ကို သူလွန်စွာ ရွံမုန်းသည်။

သူ့ဘဝအား တစ်ကောင်ကြွက်ဖြစ်လာအောင် မိဘနှစ်ပါးကို အသွန်တော်မပေးနိုင်၍ ရက်စက်စွာ သတ်ဖြတ်ခဲ့သည်မှာ အနက်ရောင် သိုင်းသမားများပင် ဖြစ်၏။

ထို့ကြောင့် တစ်နေ့ သူ့ဘဝ အဆင့်မြင့်သိုင်းသမားဖြစ်လာခဲ့လျှင် အနက်ရောင်သိုင်းသမားတို့အား တိုက်ခိုက်အနိုင်ယူမည်ဟု အခိုင်မာဆုံး ဆုံးဖြတ်ထားခဲ့၏။

ဆူချူးမြို့သို့ မြင်းသုံးစီးနှင့် လူသုံးယောက် ဝင်ရောက်လာသည်။

ရက်စက်ကြမ်းကြုတ်သော မျက်နှာများနှင့် လမ်း၌တွေ့သမျှ လူများကို စေ့စေ့ကြည့်ရင်း တစ်စုံတစ်ယောက်ကို ရှာဖွေနေသည်။

သုံးယောက်စလုံးက ကြေးစားအနက်ရောင် ဓားသမားဖြစ်ကြောင်း သိသာနေသည်။



သူတို့ မည်သူ့ကို ရှာဖွေနေမှန်းကိုတော့ မသိနိုင်သေး။

သို့ပေမယ့် လူများကို အနှောင့်အယှက်ပြုရန် ရောက်ရှိလာသည့် ခွေးရူးများဖြစ်သောကြောင့် လမ်းပေါ်၌ သွားလာနေသူများက အကြည့်ခြင်းမဆိုင်းဝံ့ဘဲ ခေါင်းငုံ့၍ ကိုယ့်လမ်းကိုယ် ခပ်သုတ်သုတ်လေး သွားနေကြ၏။

'မင်းတို့ပြောတဲ့အတိုင်း သေချာလို့လား'

မုတ်ဆိတ်မွေးကို ခပ်တိုတိုဖြတ်ထားသူက ကျန်နှစ်ယောက်ကို မြင်းပေါ်မှ လှမ်းမေးလိုက်၏။

ဆံပင်ကို ရှည်လျားစွာထုံး၍ မြင်းမြီးလိုချထားသူက မြင်းပေါ်မှ ဆင်းလိုက်၏။

'ဒီကောင် ဒီတည်းခိုဆောင်က ပြေးမလွတ်နိုင်ပါဘူး'

'ဒါဖြင့် သွားကြည့်ကြစမ်း'

ဆံပင်ရှည်ရှည်နှင့် ပုကွကွနှစ်ယောက် တည်းခိုဆောင်ဆီသို့ ထွက်လာခဲ့ကြ၏။

'ဝုန်း....ဝုန်း'

'ခင်ဗျားတို့ ကျုပ်ကို လွှတ်နော်'

မကြာမီ အော်ဟစ်သံများနှင့်အတူ လူတစ်ယောက်အား ဝက်တစ်ကောင်လို ကြိုးနှင့်တုတ်နှောင်၍ ခေါ်လာခဲ့၏။

လူမဆန်သည့် မြင်ကွင်းကြောင့် အားလုံး စိတ်မချမ်းမသာ ကြည့်နေမိရုံကလွဲ၍ ဘာမှမတတ်နိုင်။

နယ်စားရဲ့သမီးအတွက် ဆောင်းချပေးနေသည့် ပန်းတစ်ခိုင်ကို ကံဆိုးချင်တော့ သူ၏ချစ်သူက လိုချင်လှ၍ ပေးလိုက်မိသည်။

မပြောပလောက်သော ကိစ္စအတွက် တရားခံအဖြစ် ဖမ်းဆီး၍ ကြံရွယ်ကြ၏။

ထိုလူက ရင်မဆိုင်ဝံ့သဖြင့် ဆူညံပွက်လောရိုက်ကာ ပုန်းအောင်းနေရာမှ ချက်ချင်း သတင်းရရှိသွားသဖြင့် ဖမ်းမိသွားခဲ့ခြင်း ဖြစ်သည်။

'တိတ်စမ်း....အခုမှ ခွေးလိုအော်မနေစမ်းနဲ့၊ မင်းအဖြစ်မင်းသိတယ် မဟုတ်လား'

အနက်ရောင် သိုင်းသမားကို ခေါင်းဆောင်လာသူက မညှာမတာ လှမ်းခေါက်လိုက်၏။

စီလင်ရှုတစ်ယောက် လူအုပ်ထဲမှ ကိုးဇော့ကြည့်ရင်း မသေသင့်ဘဲ သေဆုံးရတော့မည့် အသက်တစ်ချောင်းအတွက် သက်ပြင်းကို ချလိုက်မိ၏။

'သွားကြစမ်း....သွားကြစမ်း၊ ကိုယ်နဲ့မဆိုင်ဘဲ ဘာလို့ စပ်စုချင်ရတာလဲ သေချင်လို့လား'

လူအုပ်ကြီးအား ကျဲနှင့်သွားများမောင်းသလို နှင်ထုတ်နေသည့်အဖမ်းခံထားရသူများ ကယ်တင်မည့်သူမရှိရှာ၍မျက်နှာငယ်လေးနှင့် စိတ်အား ငယ်နေရှာသည်။

စီလင်ရှု စိတ်ကို ထိန်းမထားနိုင်တော့ လမ်းလယ်တွင် ငူငူကြီးရပ်လျက် သိုင်းသမားကြီးများကို ငေးကြည့်နေလိုက်သည်။

'သွားလေကွာ၊ ဘာ ကြောင်တောင်တောင် လုပ်နေတာလဲ'



အနက်ရောင် သိုင်းသမားကြီးက နှင်လွှတ်ပေမယ့် သူက တုတ်တုတ်မျှမလှုပ်။

'ကျုပ် သူ့ကိုယ်စား လျော်ကြေးပေးပါ့မယ်၊ သူ့ကို လွှတ်ပေးပါဗျာ'

'ဘာ....လျော်ကြေး ဟုတ်လား၊ဟား....ဟား.... အဇဂဏောင်ပဲ၊တရားခံကို လျော်ကြေးပေးလို့ အဖြစ်က လွှတ်မတဲ့လား၊ဟား....ဟား'

'ဟား....ဟား....ဟား'

လှောင်ပြောင် ရယ်မောသံများကြောင့် စီလင်ရှု၏ မျက်နှာမှာ နီမြန်းစ ပြုလာခဲ့၏။

# ( ၁၇ )

ဒေါသများ ထိန်းထားသည့်ကြားက ထောင်းခနဲ ထွက်ရှာခဲ့လေပြီ။

'ဒါ မတရားမှုပဲ၊ ခင်ဗျားတို့ သူ့ကို လွှတ်ပေးဖို့ သင့်တာပေါ့'

'ဘယ်လို....မတရားမှု ဟုတ်လား၊ ဟေ့ကောင်တွေ သူ့ကိုပါ အဆစ်ဖမ်းခေါ်ခဲ့'

အနက်ရောင် သိုင်းအမစားနှစ်ဦးက သူ့အား ဖမ်းခေါ်ရန် ရှေ့သို့ တိုးလာခဲ့၏။

'သတ္တိရှိရင် ကျုပ်ကို ကြိုက်သလို စမ်းကြည့်နိုင်ပါတယ်၊ အသက်ငယ်ပေမယ့် အဆိပ်ပြင်းထယ်နော်'

စီလင်ရှအ တဲ့တိုးပြောချရင်း စိန်ခေါ်လိုက်သည်။

'ဩော်....မင်းက ကြားချောင် သေချင်တဲ့ အခေအာင်ကိုး'

အနက်ရောင် သိုင်းသမားနှစ်ဦးက ဓားကို အသင့်ပြင်၍ တိုက်ခိုက်ရန် ဝိုင်းရံလာခဲ့သည်။

သူက အသင့်ဖြစ်နေလေပြီ။

ရန်သူကို မျက်ခြည်ပြတ်မခံဘဲ လှုပ်ရှားမည့်အနေအထားကို ကျောက်ဆစ်ရုပ်လို ငြိမ်သက်စွာ စောင့်ကြည့်နေလိုက်သည်။

သူ၏ စိတ်ထဲတွင် မိခင်၊ ဖခင်အား သတ်ဖြတ်ခဲ့သည့်အနက်ရောင် သိုင်းသမားကြီးများ၏ မုံရိပ်များကို နှာကြည်းဖွယ် ထင်ဟပ်ပေါ်လာလေတိုင်း ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလိုက်သည်။

'ယား....ဝှစ်....ဝှစ်....ဘုန်း....အင့်'

တစ်ဦးက တရကြမ်း သိုင်းကွက်မဲ့ ဝင်ရောက်ခုတ်ပိုင်းရန် ကြံရွယ်သည်။

စီလင်ရှအ ပိုင်ကွက်ဝင်လာသော်လည်း သွေးသံရဲရဲနှင့် ပွဲကို မစချင်သဖြင့် ခြေဖြင့် ပစ်ထန်လျက် ရှောင်တိမ်းထွက်လိုက်၏။



ဇန်ချက်က အားပျော့လှသဖြင့် သူ့အား သိုင်းပညာသင်စ ကလေးငယ်တစ်ဦးပမာ အထင်အမြင်သေးစွာဖြင့် ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ရန် ဝိုင်းရံထားပြန်သည်။

'ထန်း....ထန်း'

'ချွလွမ်....ခြိမ်'

အနက်ရောင် သိုင်းသမားကြီးနှစ်ဦး ထင်သလို ဖြစ်မလာနိုင်ခဲ့။

ခုတ်ချက်တိုင်းကို စီလင်ရှက မဒးတစ်ဆက်ဖြင့် မလွတ်တမ်း ဓာကွယ်၍ ရှောင်တိမ်းထွက်သွားသဖြင့် ခုတ်ချက်တိုင်းက လွဲချော်သွားခဲ့၏။

တကယ်တော့ သူ၏ ဟန်ပြုထားသော ရှောင်ကွက်ကို အပိုင်တွက်၍ ခုတ်မိလိုက်ခြင်းကြောင့် ထပ်မံ လွဲနေခြင်းဖြစ်သည်။

အနက်ရောင် သိုင်းသမားကြီး နှစ်ဦး စလုံး အံတော့ ကို အရှက်ရလေပြီ။

သူတို့အား အသက်အရွယ်အားဖြင့် ငယ်ရွယ်သူ စီလင်ရှက မကြောက်မရွံ့ဘဲ ပညာခန်းပြ ဓာကွယ်ရှောင်တိမ်းနေသည့်အတွက် ဒေါသထွက်လျက် တရှူးရှူးတရှဲရှဲ ဖြစ်နေသည်။

အကယ်၍သာ စီလင်ရှအား နိုင်အောင်မတိုက်ခိုက်နိုင်ခဲ့ပါလျှင် လူအများရှေ့မှောက်၌ မဟာ အရှက်တော် ကွဲပေတော့မည်။

စီလင်ရှု၏ မဟုတ်မခံ တုံ့ပြန်တတ်သော မြေမွေး တစ်ကောင်လို စိတ်ဓာတ်မျိုးကိုတော့ ဝိုင်းရံကြည့်ရှုနေကြသူများ တစ်စိတ်ဝင်စားတာ ရှိနေကြတာ သေချာလှသည်။

အနိုင်အရှုံး အဆုံးအဖြတ်ကို မသိရသေးသဖြင့် အောင်ဟစ်အားပေးနိုင်ခြင်း မပြုနိုင်သော်လည်း စီလင်ရှုကိုသာ အနိုင်ရပါစေကြောင်း ဆုတောင်းနေမိကြသည်။

နေရောင်အောက်၌ အသက်ဝိညာဉ် ဇီဝိန်ခြွေပစ်မည့် ဓားများက ဝင်းခနဲ လက်ခနဲ အမဲဖျက်သလို ညှာတာမှုကင်းမဲ့သော ဝပုန္နလှုမျက်လုံးရိုင်းများကလည်း ကြောက်မက်စရာ သူတစ်ပါးကို ကူညီရင်း ရန်ပွဲ၌ သားကောင်ဖြစ်ခဲ့ရရှာသူ စီလင်ရှုကတော့ သည်လောက် တိုက်ခိုက်မည့်ပွဲကို မလေ့ကျင့်ခန်းတစ်ခုပမာ သဘောထားနေမိရှာသည်။

သူ့အတွက် ပထမဦးဆုံး အနက်ရောင် သိုင်းသမားများကို အနိုင်ယူရမည့် ပွဲဦးထွက်အောင်ပွဲဟု စာစ်ထစ်ချယုံကြည်ထားခဲ့၏။

အနက်ရောင် သိုင်းသမားဟူသည် ကြီးနိုင် ငယ်ညှဉ်း အင်အားခြင်းပြိုင်ဆိုင်ဖို့သာ အလေးအနက်ထားသူများဖြစ်ကြ၏။

သိုင်းပညာနှင့်ပတ်သက်၍ မြင့်မြတ်စွာ တန်ဖိုးထားတတ်သူများ မဟုတ်။

ထို့ကြောင့် သိုင်းပညာက သူတို့အပေါ် ကျိန်စာသင့်ခံရလေသည်။



သူတို့ကိုင်ဆောင်အောဓားပင် သူတို့အသက်ကို လုံခြုံမှုမရှိပါလေစဟု လိပ်ပြာမသန့် ရှိနေတတ်စမြဲဖြစ်၏။

'ခုတ်ကြလေ၊ ကျုပ်ကို နိုင်အောင် ခုတ်ကြပါလား'

စီလင်ရှု၏ အစွမ်းအစကို သိရှိသွားသဖြင့် ဓားကိုင်လျက်ဝေးမောနေသည့် သိုင်းသမားများ၏စိတ်ကို ဆွပေးလိုက်လေသည်။

'ထန်း....ထန်း....ထန်း'

'ရှပ်....'

'အား....'

ဝင်းခနဲ လက်ခနဲ ဝေ့ယမ်းလိုက်သော ဓားရိပ်အောက်၌ အနက်ရောင် ဓားသမားတစ်ယောက် အရှပ်ကြိုးပြတ်သလို လဲကျသွားရှာလေပြီ။

ကျန် တစ်ယောက်က နာကြည်းစွာဖြင့် ပိုင်း ခုတ်ရန်အတွက် လွှားခနဲ ခုန်ဝင် ရောက်ရှိလာပြန်သည်။

'ယား....'

'ရှမ်း....ရှမ်း'

တင်းကျပ်စွာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လာသည့် ဓားချက်များကို ရှောင်တိမ်းလိုက်ရင်း ခေါင်းဆောင်လုပ်သူကို ရှုထည့်တည်နှင့် စိုက်ကြည့်လိုက်၏။

'ကျုပ် လူမသတ်ချင်ဘူး၊ ခင်ဗျားတပည့်ရဲ့အလောင်းကိုကောက်ပြီး ဇီနေရာက လှည့်ပြန်သွားပေတော့'

ခေါင်းဆောင်လုပ်သူ၏ မျက်နှာတစ်ခုလုံး လပေ့ပ် ဖမ်းသလို ညိုမည်းလာသည်။

သွေးအိုင်ထဲ၌ လဲကျ သေဆုံးနေသည့် အလောင်းနှင့် တစ်လှည့် စီလင်ရှုကိုတစ်လှည့် စိုက်ကြည့်ရင်း မနေကျမနပ် ဖြစ်နေရှာသည်။

'တောက်....သိကြသေးတာပေါ့ကွာ'

သူကိုယ်တိုင် တိုက်ခိုက်ရန်အတွက် စက်ဆုပ် ရွံရှာဖွယ် ကောင်းသည့် မျက်နှာနှင့် မြင်းပေါ်မှ ဒေါသတကြီး ဆင်း လာခဲ့၏။

သူ၏ မျက်လုံးများက မီးဟုန်းဟုန်း တောက်နေဆဲ....

ပွဲက ပို၍ ကြည့်ကောင်းတော့မည် ဖြစ်သောကြောင့် ပရိသတ်က စီလင်ရှုဘက်မှ ရင်တမမဖြစ်နေမိကြ၏။

စီလင်ရှုက သွေးပေနေသောဓားကို ဂုဏ်ယူ ဝံ့ကြွားစွာ ဖြင့် ရွှေတိုးလာသည့် ရန်သူနှစ်ယောက်ကို မြင်သာအောင် နေရောင်အောက်၌ ပြသနေဆဲ။

သူကိုယ်တိုင် လေ့ကျင့်မှု အပြည့်အဝရှိထားသော သိုင်း သမား တစ်ယောက်ဖြစ်၍ လုံးဝ တုန်လှုပ်ခြင်းမရှိ အတွေ့ အကြုံ ရင့်ကျက်မှုရှိသော သိုင်းသမားကြီး တစ်ယောက်လို ပကတိ တည်ငြိမ်လွန်းလှ၏။

'ဝှစ်....ဝှစ်'

'ထန်း....ဒလွံ....ဒလွံ....ဒုတ်....ဒုတ်'



ဉာဏ်နီ ဉာဏ်နက် များလှသည့် ရန်သူထံမှ အဝါရောင် အလင်းတန်းလေးတစ်ခု လက်ခနဲ ထွက်လာသဖြင့် ဓားဖြင့် အသာလေး ပက်ထုတ်ပစ်လိုက်သည်။

( ၁၈ )

လက်နက်ပုန်း မရဏစေတမန် ဓားလေး နှစ်ချောင်းက လျှမ်းမဏမ်း၍ လွင့်၍ စိုက်ဝင်နေရှာသည်။

'ဘယ်ဆိုးလို့လဲကောင်လေးရဲ့ မျက်စိလျှင်သားပဲကိုး'

'ဒါက ကျုပ်ရဲ့ အလေ့အကျင့်တစ်ခုပါ ခင်ဗျား ဘာမှ ထွေထွေထူးထူး ချီးကျူးနေစရာ မလိုပါဘူး'

ကျားရိုင်းနှစ်ကောင်က ကြက်ခြေခတ် ပုံသဏ္ဍာန်နှင့် တစ်ကိုယ်လုံး အပိုင်းပိုင်းပြတ်သွားလောက်အောင် ထက်မြက်လွန်းလှသည့် ဓားမာန်အပြည့်ပါလျှက်။

'ကောင်လေး သတိထားနော် သတိထား'

ဝိုင်းဝန်းကြည့်ရှုနေသူများက မနေသာတော့ဘဲ ကြားက အရဲစွန့်၍ အော်ဟစ် သတိပေးလိုက်သံကို အတိုင်းသား ကြားနေရသည်။

သူ သတိတစ်ချက်လေးမှ လွတ်မသွား။

သူတို့နှစ်ယောက်ကြားမှ မည်သည့်နည်းဖြင့် ခုန်ပျံကျော် လွှားရမည်ကိုသာ ခေါင်းထဲ စဉ်းစားနေမိသည်။

'ထန်း....ထန်း....ထန်း'

'ခြွမ်း....ခြွမ်း....ခြွမ်း'

ပြင်းထန်စွာ ဝင်ခတ်မိသောကြောင့် မီးပွင့် ထွက်လာ သော ဓားချက်များက ယိမ်းတိုက်ထားသကဲ့သို့ တစ်သံတည်း ထွက်လျက် အကွက်စိပ်စိပ်ဖြစ်လာကြောင်း သတိထားမိလိုက် သည်။

ဓားချက်တိုင်း အထွင်းအားကိုသုံး၍ ခုခံကာကွယ်နေ၏ သဖြင့် တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေသည်။

'ဟိုင်း....'

'ရွှမ်း....ရွှမ်း'

'အား....အား'

ပိုင်နိုင်လှသော ဓားချက်ကြောင့် ရန်သူနှစ်ယောက်၏ လက်မောင်းမှ သွေးများ ပွက်ခနဲ ထွက်လာခဲ့လေပြီ။

သူ့အစွမ်းအစကို မယှဉ်နိုင်မှန်း သိသွားကြသဖြင့် လက် မောင်းမှ ရရှိသွားသည့် ဒဏ်ရာတို့အား ဖုံးအုပ်လျက် မြင်း ဆီသို့ အရောက်ပြေးသွားကြလေတော့သည်။



'ဘယ်လိုလဲ၊ အများနဲ့တစ်ယောက်တောင် မနိုင်လို့ ထွက် ပြေးသွားကြရပြီလား'

လူအုပ်ထဲမှ အနက်ရောင်သိုင်းအမား ရှက်သွားလောက် သည့် အသံတစ်သံက သူတို့အား မလုံမလဲ ဖြစ်သွားစေ သည်။

သူ့ထံသို့ အားကိုးအထင်ကြီးသည့် မျက်လုံးများနှင့် စိုက် ကြည့်ရင်း ကာယအင်ရှင်ကြီးတစ်ယောက်လို လေးစား ကြည် နူးခြင်း များစွာနှင့် ရောက်ရှိလာခဲ့ကြ၏။

'မောင်ရင့်အမည်က ဘယ်သူလဲဟင်'

'မောင်ရင် ဇာတိမြို့မှာ နေဦးမှာလား'

မေးခွန်းပေါင်း များစွာတို့ကို အလိုက်သင့်ဖြေကြားရင်း ထိုနေရာမှ အမြန်ဆုံး ထွက်ခွာသွားရန် ဆုံးဖြတ်ချက်ချလိုက် မိသည်။

သူ့အတွက် သည်တနေ့မှစ၍ အနက်ရောင် သိုင်းသမား များကို ရှာဖွေနှိမ်နင်းတိုက်ခိုက်၍ အားမာန်သစ်များ ဖြစ် ပေါ်လာခဲ့လေပြီ။

ပွဲဦးထွက် အနိုင်ရလိုက်သော သိုင်းသမား တစ်ဦး၏ အောင်မြင်ခြင်း ပီတိကို ဘယ်အရာနှင့်မှ ဖလှယ်ရနိုင်လိမ့်မည် မထင်ပါ။

# ( ၁၉ )

## မှော်ဓားတစ်ချောင်းအတွက် တာဝန်

ချူယီကို လေးနက်စွာ စဉ်းစားနေမိသည်။

တစ်ချိန်က သိုင်းလောကမှ ပြဇာတိက္ကမကြီးမားလှသည့် မိုးမခဓား ဟန်ဖေး၌ သားသမီး ဘယ်နှစ်ယောက်တောင်ရှိခဲ့သနည်းဆိုသည့် ကိစ္စသာဖြစ်သည်။

စင်စစ် ဟန်ဖေး၏ သားသမီးဆိုသော လူများနှင့် တိုးခဲ့ရသည့်တိုင် သူမအတွက် ဘာကြောင့် ဒါန္တရာယ် မရှိရသနည်း။

ဟန်ဖေးက သားသမီးများအပေါ် မိုးမခဓား သိုဝ်းကွက်ကို အမွေအနှစ် တစ်ခုအနေနှင့် ပေးခဲ့ဟန် မတူချေ။

ထို့ကြောင့် သူမရှိသည့်နောက်ပိုင်း တစ်ချိန်က အနိုင်အဖိခံရသည့် အနက်ရောင် သိုင်းသမားများက ဟန်ဖေး၏ မျိုးဆက်သွေးကို အခုလို လိုက်လံတိုက်ခိုက် လက်စားချေတာလည်း ဖြစ်နိုင်သည်။

သူမအဝကရော သူတို့နှင့် ဘာများ ထူးသေးသနည်း။

မှော်ဓားမတစ်ချောင်းကို ကိုင်၍ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ရုံမျှ သိုင်းကွက်အနည်းငယ်ဖြင့် ဘဝ တစ်လျှောက်လုံးကို လုံခြုံမှုရှိအောင် ဘယ်လိုနေထိုင်သွားရမည်ကို စဉ်းစားရခက်လှပေသည်။

ဟိုက်ချိန်မှာ လူယုံတော်တစ်ဦးအနေနှင့် သူ၏ အပါးမှာ ကာကွယ်ပေးသော်လည်း အများနှင့်တစ်ယောက် အရေးကိစ္စကြုံလာလျှင် အလွယ်တကူ အနိုင်ရလိမ့်မည် မဟုတ်။

မှော်ဓားမကို အသက်လို စောင့်ရှောက်ထားမှ ဖြစ်ပေတော့မည်။

ယခု သူတို့ထံ မကြာမီက ရောက်ရှိလာသော အန္တရာယ်တစ်ခုက မှော်ဓားကို အကြောင်းပြု၍ ရောက်ရှိလာခြင်းသာ ဖြစ်၏။

'စဉ်းစားပါဦး သခင်မလေး၊ တခြား နယ်တစ်နယ်ကို ပြောင်းဖို့အတွက် အခြေကျတဲ့ လုပ်ငန်းကြီး တစ်ခုလုံးကို အစကပြန်ပြီး တည်ထောင်ရမယ့်ကိစ္စက လွယ်မှာမဟုတ်ဘူး နော်'



'ပြီးတော့ ကျွန်တော်တို့ကို ရက်စက်စွာ ဆီးကြို တိုက်ခိုက်ဖို့ ရောက်လာတဲ့ ခေါင်းစွပ်နဲ့ သိုင်းသမားတွေဟာ နယ်စား ရဲ့လူတွေလို့ အသေအချာ မပြောနိုင်ပါဘူး'

ဟုတ်သည်။ ဟိုက်ချိန်ပြောသလို တခြား၌ အောင်မြင်ပြီးသား ပန်းပဲလုပ်ငန်းကြီးကို ထားရစ်ခဲ့ပြီး တစ်နယ်တစ်ကျေး၌ လုပ်ငန်းသစ် တည်ထောင်ဖို့ဆိုတာ မလွယ်လှ။

နယ်စားက သူမထံ မှော်ဓားတစ်ချောင်းရှိကြောင်း အသိရှိသွားလျှင် သည်လို ခိုးကြောင်ခိုးဝှက် လာရောက်လုပ်ကြံ နေစရာမလိုဘဲ အာဏာသုံး၍ ပြောင်တိုက်ခိုက်သွားနိုင်သည်။

ချူရီကို စဉ်းစားမိသည်က သူ့ထံ ရောက်ရှိလာသော အန္တရာယ်ကို မည်သူက စေခိုင်းလိုက်သလဲဆိုသည့် ကိစ္စသာ ဖြစ်သည်။

'အေးလေ....တစ်ပတ်လောက်တော့ ဟိုက်ချိန်ပြောသလို အခြေအနေကို စောင့်ကြည့်ပါဦးမှာပေါ့'

နယ်စား ကျောက်ပိရန်အတွက် ဆူချူးမြို့၌ ဖြစ်ပေါ်နေသော ပြဿနာများကို အကျိုးအကြောင်းနှင့် ဆက်စပ်တွေးတော ကြည့်နေမိသည်။

ဇင်ဂျင်ဟိုး၏ သမီးဖြစ်သူထံမှ မှော်ဓားတစ်ချောင်း ရှိနေမှန်း သိပါလျက်နှင့် ရအောင် မယူနိုင်လျှင် သူ အလွန် ညံ့ဖျင်းရာ ကျပေတော့မည်။

မှော်ဓားကို တိုက်ခိုက်ရယူခြင်းမှာ ကြေညာမောင်း ခတ်၍မဖြစ်။ တခြား ဂိုဏ်းအဖွဲ့များက သူ့ထက်ဦးစွာ သိမ်းပိုက်သွားတော့မည်။

ထို့ကြောင့် တိတ်တဆိတ် လုပ်ကြံသတ်ဖြတ် ခိုင်းလိုက်ခြင်း ဖြစ်သည်။

သို့ပေမယ့် အကြံအစည်က မအောင်မြင်ခဲ့။

'မှော်ဓားနှင့်ပတ်သက်လို့ ဆူချူးမြို့မှာ ဇိဂျင်ဟိုးကို လိုက်လံစုံစမ်းနေတဲ့ လူတစ်ယောက် ရောက်ရှိနေတယ်ဆိုတဲ့ သတင်းအတိအကျ သိရတယ်'

'ဒါကြောင့် ငါတို့ဘက်က လုံးဝအချိန်ဆွဲနေလို့ မဖြစ်ဘူး'

'ဟုတ်ပါတယ်၊ စုံစမ်းတဲ့လူဟာ ရက်ပိုင်းအတွင်းမှာ အနက်ရောင် သိုင်းသမားတစ်ယောက် သတ်ဖြတ်ပြလိုက်သေးတယ်တဲ့'

ကျောက်ပိရန်က ဇိဂျင်ဟိုးအား လိုက်လံစုံစမ်းနေသူမှာ မှော်ဓားတစ်ချောင်း သုမီးဖြစ်သူထံ၌ရှိကြောင်း သတင်းအတိအကျ ရရှိသွား၍ ဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်သွားတော့သည်။

'မှော်ဓားဖိုဟာ ဒီအတိုင်းသာ လပေါင်းကြာကြာထားရင် စွမ်းအင်သတ္တိတွေ လျော့ပါး သွားတော့မည်ဆိုတာ မင်းတို့သိထားကြ'

'မှော်ဓားရှင် ကျောက်ပိရန်ဆိုတဲ့ နာမည်တစ်လုံးသာ သိုင်းလောကထဲက ပျောက်သွားရင် မင်းတို့အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်'



ကျောက်ပိရန်မှာ တပည့်များကို ခြိမ်းခြောက် ပြောဆိုနေပြန်သည်။

သူ့စိတ်ထဲတွင်က မှော်ဓားမကို မရမချင်း ကျိန်စာသင့်ခံထားရသူ တစ်ယောက်လို ကတုန်ကယင် ဖြစ်နေမိသည်။

( ၂၀ )

'ကျွန်တော်တို့ ဗီတစ်ခါတော့ အခြေအနေကို စောင့်ကြည့်ပြီးမှ တိုက်ခိုက်ကြရင် ကောင်းမယ်၊ နို့မဟုတ်ရင် ဗီကောင်မလေး ဗီမြို့က ထွက်ပြေး သွားလိမ့်မယ်'

ငွေလှ ဗိုလ်ချုပ်စကားကို အလေးအနက်ထားသောဟန်ဖြင့် ကျောက်ပိရန် ခေါင်းလေး တညိမ့်ညိမ့်လုပ်ရင်း စဉ်းစားနေမိသည်။ ပြီးမှ....

'ဘယ်နှစ်ရက် အခြေအနေ စောင့်ကြည့်မှာလဲ'

'အလွန်ဆုံး အစ်ပတ်ပေါ့'

'ကောင်းပြီလေ၊ မင်းတို့ဘက်ကပိုင်ရင် ပြီးတာပဲ၊ ကောင်မလေး ဆူချူးမြို့က ထွက်မပြေးသွားဖို့တော့ အသေအချာ ဂရုစိုက်ဖို့လိုမယ်၊ အခြေအနေထူးတာနဲ့ ငါ့ဆီကို ချက်ချင်း သတင်းပို့ကြ'

ကျောက်ပိယန်က စကားကိုဖြတ်ရင်း အခန်းတွင်းသို့ ဝင်လာခဲ့သည်။

ချူယင်ကို သိုင်းပညာကို ဟိုက်ချိန်နှင့်အတူ လေ့ကျင့်နေမိသည်။

မှော်ဓားကို ကိုင်မိလိုက်သည်နှင့် တစ်ခုခု ပူးကပ်လာသလို ခံစားမှုများဆူပွက်လာသည်။

ဓားကို ဖခင် ပေးအပ်ခဲ့သည့် တာဝန်အရ အသက်အန္တရာယ်ကို ကာကွယ်ဖို့ လှုပ်ရှား လေ့ကျင့်နေရသော်လည်း ပိုမိုသွက်လက်စွာ ကစားနေမိသည်။

ဟိုက်ချိန်က မေ့လျော့နေသည့် သိုင်းကွက်များအား ကူညီ ပြသပေးသဖြင့် အစစအရာရာ အဆင်ပြေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လှုပ်ရှားဟန်တိုင်းတိကျသော သိုင်းကွက်ကိုနင်း၍ ကစားနေရသဖြင့် အလွန် ပင်ပန်း နွမ်းနယ်လွန်းလှ၏။

လေ့ကျင့်မှု မှန်ကန်ဖို့သာ အဓိကကျသဖြင့် အခြေခံလောက်သာ တတ်မြောက်သော်လည်း ပြင်းပြင်းထန်ထန် လေ့ကျင့်နေမိသည်။

မှော်ဓားမကား သူမနှင့် ထိုက်တန်သော ဖခင်၏အမွေပစ္စည်းတစ်ခုကဲ့သို့ လိုက်ဖက် တင့်တယ်လှပေသည်။



အတောင်ကို ထူးခြားချက်ရှိသော ဓား တစ်လက်ဖြစ်ကြောင်း သိလာရသည့်အခါ ကိုယ်နှင့်မှ ထိုက်တန်ပါ့မလား ဟု စိတ်ထဲ၌ စိုးရိမ်နေမိသည်။

အမှန်စင်စစ် သိုင်းပညာကို မထောက်တခေါက် တတ်မြောက်ရသူ သူမနှင့် ထိုဓားက ထိုက်တန်မည် မဟုတ်ပေ ဟု အားငယ်စွာ တွေးမိသည့်အခါတိုင်း သစ်ရွက်တစ်ရွက်ပမာ ပေါ့ပါးသည့်ဓားက ပိုပြီး လေးလံလွန်းလှသည်။

'နားပါဦးလား သခင်မလေးရယ်၊ ဒီလောက်ဆို တစ်နေ့တာအတွက် တာဝန်ကျေလောက်ပါပြီ'

ချွေးများ စို့ရွှဲနေသည့် သူ့ကို ဟိုက်ချိန်က ကြည့်ရင်း လှမ်းပြောလိုက်၏။

ဓားကွက်များကို အမြန်လှုပ်ရှားနေရာမှ ဖြည်းဖြည်းခြင်း လျော့ချလိုက်၏။

လေ့ကျင့်မှုကို ရပ်တန့်လိုက်မှ မောဟိုက်ပင်ပန်းမှု ပိုလာကြောင်း သိသာလာသည်။

ချွေးကို ခါးမှာထိုးထားသော ပဝါနှင့်သုတ်ရင်း ဟိုက်ချိန်ရှိရာသို့ လျှောက်လာခဲ့သည်။

'တို့ပြန်ကလဲ့စား ချေလိုမှုအတွက် အခုလို ကြိုးစားနေရတာ မဟုတ်ပါဘူး ဟိုက်ချိန်ရယ်၊ သခင်မတော့ သိုင်းပညာနဲ့ သွေးလှုမ်းမှုကို စိတ်ထဲမှာ မလိုလားဘူး'

'စဉ်းစားကြည့်လေ ပညာရပ်တစ်ခုကို ဆိုးရွားတဲ့ ရည်ရွယ်ချက်နဲ့ ဆင်ခြင်မှုမဲ့စွာ လေ့ကျင့်နေသူတစ်ယောက်ဟာ

ဘယ်လိုမှ အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး'

ရင်ထဲရှိသမျှ ပြောပြလိုက်ရသဖြင့် ပေါ့ပါး လန်းဆန်းသွားသလို ဖြစ်သွားမိသည်။

'သခင်မလေးဟာ ဆရာ့လို မြင့်မြတ်တဲ့ စိတ်ထားရှိတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်၊ ဒါပေမယ့် မှော်စားကို ကိုင်မိပြီဆိုတာနဲ့ ရန်သူကို မိတ်ဆွေလို မေတ္တာတရားထားနေလို့ မရဘူး'

'ဟိုက်ချိန်ပြောတာကို လက်ခံပါတယ်၊ ဒီလိုဆို ရန်သူလား မိတ်ဆွေလား ဘယ်လိုခွဲခြားကြမလဲ'

သူမ၏ အမေးစကားကြောင့် ဟိုက်ချိန် တွေဝေသွားမိသည်။

တကယ်တော့ သူ့စကား၏ အဓိပ္ပာယ် ခည်မျှလေးနက်ကြောင်းကို ဟိုက်ချိန်တစ်ယောက် ကောင်းကောင်းသိသည်၊

ဒါကတော့ ဘယ်လောက်ဟန်ဆောင်ကောင်းတဲ့ ရန်သူပဲဖြစ်ဖြစ် လောဘ ဒေါသကို မထိန်းချုပ်နိုင်တဲ့ တစ်နေ့မှာ မိတ်ဆွေစစ်စစ်ပါလို့ ဖုံးကွယ်လို့မရနိုင်တဲ့ မျက်နှာဖုံးတစ်ခုက ကျွတ်ကျလာမှာပဲလေ'

နှစ်ယောက်သား တည်းခိုရာစံအိမ်ဆီသို့ လျှောက်လာခဲ့ကြ၏။

ထူချူးမြို့ကလေးက ထွက်ခွာသွားဖို့ ကိစ္စအတွက်ရော သခင်မလေး ဘယ်လို စဉ်းစားထားသေးသလဲ



တစ်ခါက ပြောဖူးသည့်စကားတစ်ခွန်းအတွက် ဟိုက်ချိန်တာ မေ့လျော့နေပြီအထင်နှင့် ထပ်မံ မေးပြန်လိုက်သည်။

'အင်း... အခုအခြေအနေအတိုင်းဆိုရင်တော့ ရန်သူဟာ ဘယ်လိုအန္တရာယ်မှမပေးတဲ့ ငြိမ်သက်နေတာ အမှန်ပဲ၊ ဒီလိုသာ ငြိမ်းအေးနေရင်တော့ ဒီမြို့ကလေးက ပြောင်းဖို့လိုမယ် မထင်ပါဘူး'

ဟိုက်ချိန်က ထိုမြို့ကလေးမှာ အခြေတကျ နေထိုင်လိုသူဖြစ်၍ သူမပြောသော စကားကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားဟန်ရှိသည်။

( ၂၀ )

**မိုးမခေါ၏ မျိုးဆက်အမွေ**

စီလင်ရှတ်စ်ယောက် ဇီဂျင်ဟိုး၏ သတင်းကို စုံစမ်း၍ မရနိုင်အောင် ဖြစ်နေသည်။

ဆရာဖြစ်သူ မိုးမခေါ်ဟန့်ပေးအား ဓာတ်ပေးလိုက်မိခြင်းအတွက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ရပေဦးမည်။

နှင်းတောင်ဘွားဘွားဝထံမှ သိုင်းပညာကို သင်ကြားတတ်မြောက်ခဲ့ပြီး ခွင့်ပြုချက်အရ သူလွန်စွာ ရှုံမုန်းသော အနက်ရောင် သိုင်းသမားများကို နှိမ်နင်း တိုက်ခိုက်ရင်း

ဓနကောင်းသူပယ် ကောင်းသူကယ်ခဲ့ပြီး သူ့ဘဝ၌ သည်လိုပဲ ရပ်တည်သွားနိုင်သော်လည်း ဆရာအား သတ်ဖြတ်ခဲ့သူကို ရှာဖွေရပေဦးမည်။

သို့ပေမယ့် ဇာဂျင်ဟိုးအကြောင်း သတင်းအစအနပင် စုံစမ်း၍မရ။

မိုးမခဓား ဟန်ဖေး အမှပေးခဲ့သည့် လက်စွပ်ကလေးက သူ့အတွက်တော့ အထိုက်အလျောက် တန်ဖိုးရှိလှ၏။

ဆရာဖြစ်သူ ဟန်ဖေးမှာ ထိုနယ်တစ်ဝိုက်တွင် လူသေဆုံးသွားပေမယ့် နာမည် သေမသွားအောင် ယခုထိ ဩဇာအရှိန်အဝါတစ်ခုက လွှမ်းမိုးချင်သလိုရှိ၏။

ဆရာ သေဆုံးသွားပြီးမှ နာမည်တစ်လုံးကို အလွဲသုံးစား ပြုလျက် ဆရာ၏ သားဆိုသူများ ပေါ်ပေါက်လာသေးသည်။

အမှန်တော့ ဟန်ဖေး၌ သားအရင်းဆို၍ တစ်ယောက်မှ မရှိ။

ရင်သွေးထက် ဓားတစ်လက်ကို ခင်တွယ်သူ တစ်ယောက်ဟု သူသိရှိထားပြီးဖြစ်သည်။

ဟန်ဖေး၏ အမြတ်နိုးဆုံး သင်္ကေတ အဖြစ် ပေးအပ်ခဲ့သော လက်စွပ်ကလေးကို သက်သေပြနိုင်ရုံနှင့် စီလင်၍ ယခုအချိန်၌ သားတစ်ယောက် ဖြစ်သွားနိုင်သည်။

ထို လက်စွပ်ကလေးကြောင့် မည်သည့်နေရာမဆို အလုပ်စစ်ခွင့်ကို ရနိုင်သည်။

(၂၂)

တစ်နေ့တာ ကုန်စ နေဝင်ရီတရော အချိန်ဖြစ်၏။

အပြင်၌ မိုးအုံ့စပြုနေ၍ ခရီးဆက်ရန် မသင့်သေးသဖြင့် ထမင်းဆိုင် တစ်ဆိုင်တွင်းသို့ ခေတ္တ နားခိုရန် ဝင်လာခဲ့သည်။

ထမင်းဆိုင်တွင်း ခုံထောင့်မှ မိန်းမပျိုကလေးတစ်ဦးက သူ့အား ရင်းရင်းနှီးနှီး ရှိသလို ငေးမောကြည့်နေသည်။

ချောမော လှပသူကလေး ဖြစ်သည့်အပြင် ဆူချူးမြို့ကလေး၌ နေထိုင်သည့် အခြား မိန်းကလေးများနှင့်မတူ

သော ဝတ်စားဆင်ယင်ပုံကလေးက တစ်မျိုး စိတ်ဝင်စားဖွယ် ကောင်းလှ၏။

‘ငါ့ကို ဘာကြောင့်များ စိုက်ကြည့်နေပါလိမ့်’

ရဲတင်းသော အကြည့်ကြောင့် စီလင်ရှ အနေရခက်သွားသည်။

သူကား ချူယာ့ကို ဖြစ်၏။

ဆိုင်တစ်ဆိုင်တွင်ထိုင်ရင်း ဟိုက်ချိန်ပြန်အလာကို စောင့်နေခြင်းဖြစ်သည်။

သူတစ်ယောက်တည်း ခရီးဆက်ရန် မသင့်။

မှောင်စပျိုးလာလျှင် အရိပ်များက သူမနောက်သို့ နောက်ယောင်ခံလိုက်လာမြဲမို့ ဟိုက်ချိန်က စိတ်မချသဖြင့် သူမအား ထမင်းဆိုင်၌ စောင့်ခိုင်းထားခြင်းဖြစ်၏။

‘ဟိုက်ချိန်ကလဲ ကြာလိုက်တာနော်’

ချူယာ့ကို စိတ်ပျက်ပျက်နှင့် တစ်ယောက်တည်း ညည်းညူလိုက်မိသည်။

ထမင်းဆိုင်က လူသိပ်မစည်၍ တော်သေးသည်။

ဆိုင်ထဲ ဝင်လာသည့် လူစိမ်းတစ်ယောက်ကို သူမ သတိထားကြည့်လိုက်၏။

ထိုနယ်၌ ထိုလူကို တစ်ခါမှ မမြင်ဘူးခဲ့။

သူ့ပုံစံက ယောကျ်ားပီသပြီး ချောမောလှသောသူတစ်ယောက် ဖြစ်သည်ကို မြင်ရုံနှင့်ပင် ခန့်မှန်း သိရှိနိုင်သည်။

သူမအကြည့်များ ရိုင်းသွား လေမလားဟု ထင်မိ၍ မျက်လွှာ ချထားလိုက်သည်။



သို့တိုင် သူကတော့ ငေးစိုက်ကြည့်နေဆဲ။ ဘာကြောင့်မှန်း တော့မသိ။

တခြား ယောကျ်ားလေးများ စိုက်ကြည့်ခံရခြင်းနှင့်မတူဘဲ သူမရင်တွေ ခုန်နေမိသည်။

‘သခင်မလေး’

ဆိုင်ဝမှ ဟိုက်ချိန်၏ ခေါ်သံကြားလိုက်ရသဖြင့် ကပျာကယာ ထ္ထြက်ဆည်လိုက်၏။

ဟိုက်ချိန်က အပ်သည်ပစ္စည်းများ ရှင်းပေးလိုက်သည့် ငွေထုပ်ကိုပိုက်ရင်း သူ့ထံသို့ လျှောက်လာသည်။

‘ကျွန်တော် ငွေရှင်းဖို့ စောင့်လို့ နည်းနည်းကြာသွားတာပါ’

‘ကိစ္စမရှိပါဘူးကွယ်’

နှစ်ယောက်သား ထမင်းဆိုင်ထဲမှ ထွက်လာသည်အထိ ကိုလူချောက မျက်စိတစ်ဆုံး ကြည့်နေတုန်း ဖြစ်၏။

‘သူ ဘယ်သူပါလိမ့်၊ ဘာကြောင့်များ ငါ့ကို ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ’

ချူယာ့ကို အိမ်သို့ ပြန်လာရာ လမ်းတစ်လျှောက်လုံး၌ မရှင်းလင်းသည့် ပုစ္ဆာတစ်ပုဒ်ကို အဖြေရှာခက်လှပါတော့။

* * *

လရောင် ပြတင်းတံခါးကို ကျော်၍ သူ့ထံသို့ ဖြည်းညင်းစွာ ဆင်းသက်လာခဲ့၏။

စီသင်ရှုတစ်ယောက် အိပ်စက်၍ မပျော်နိုင်သေး။

နေမင်းကဲ့သို့ ပူလောင်ပြင်းလှသလို ဘဝကို ဖြတ်သန်းလာရသူမို့ ခုလို အေးမြလှသည့် လရောင်နှင့်ဝေးခဲ့ရတာ ကြာခဲ့လေပြီ။

ငယ်စဉ်ကတည်းကလရောင်ကို ချစ်မြတ်နိုးခဲ့သော်သည်၊ လရောင်နှင့် ဝေးခဲ့ရ၏။

အရွယ်ရောက်လာ ပြန်တော့လည်း မိဘနှစ်ပါးစလုံးကို ရက်စက်စွာ သတ်ဖြတ်ခံလိုက်ရသဖြင့် သူ့ဘဝမှာ မီးလျှောင်ပြင်တစ်ခုပမာ ပူလောင်လွန်းလှ၏။

နောက်ဆုံး ဆရာတစ်ယောက်လို သံယောဇဉ်တွယ်မိသူပါ လောကထဲက ပျောက်ကွယ်သွားရပြန်သည်။

ဘဝကို တွေးမိလေတိုင်း ကောင်းသည့်ဘက်ကမမြင်နိုင်သေးဘဲ အဆိုးဘက်ကသာ သံသရာလည်နေတတ်စမြဲ ဖြစ်သည်။

မမျှော်လင့်ဘဲ ထမင်းဆိုင်ထဲတွင် ဆုံခဲ့ရဖူးသည့် မိန်းမချောလေးကို မြင်ယောင်သတိရနေမိသည်။

သူက မည်သူနည်း။

သူနှင့် အသက်အရွယ်ကလည်း မတိမ်းမယိမ်းနုနယ်ပျိုမျစ်သည့် မျက်နှာလေးကို ငေးစိုက် ကြည့်မိလိုက်ရုံနှင့် စွဲလမ်းရင်ခုန်မိသည်ကို မကြုံဖူး ခံစားလိုက်ရသည်ကို အံ့သြလို့မဆုံး။



သူမ၏ပုံစံလေးကို သူ့မျက်လုံးထဲက အခုချိန်ထိ မထွက်နိုင်လောက်အောင် ဖြစ်ရသည်။

သိုင်းပညာကို ခုံမင်တွယ်တာခဲ့သူမို့ ခန္ဓာကိုယ်အတွင်းရှိ ခွန်အားနှင့် ကျစ်လျစ်သန်မာသော ခြေလက်များကိုသာ ဘဝအတွက် အရေးကြီးဆုံးသော အရာဟု ထင်ထားခဲ့မိသည်။

အခုတော့ နှလုံးသားက သူ့အတွက်ပိုပြီး အရေးကြီးလာကြောင်း မမျှော်လင့်ဘဲ နားလည်ခဲ့ရလေပြီ။

ထိုအခါ ဥပေက္ခာပြုထားသော နှလုံးသားလေးအပေါ် တာဝန် ပေါ့လျော့ဃာတတ်သည့် သူ့ကိုယ်သူ အားမလို အားမရ ဖြစ်လာမိသည်။

ချစ်ခြင်းမေတ္တာတရားဟူသည် ဆန်းကြယ်လှပေစွ။

လရောင်၏ ထိတွေ့ ကျီစယ်သော အနမ်းကို စီလင်း တစ်ယောက် သာယာနေတော့၏။

လရောင်က သူ့ခန္ဓာကိုယ်ထဲမှအပူလောင်ဆုံးသောဒုက္ခကို စုပ်ယူသွားသလို ခံစားရသည်။

ထိုမိန်းမပျိုလေးကို ဆူခြူးမြို့ကလေး၌ တစ်နေ့နေ့ ပြန်တွေ့လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားခဲ့သည်။

ပြန်လည်ဆုံဆည်းမိအောင် လိုက်လံရှာဖွေမည်ဟုဆုံးဖြတ်ချက်ချထားခဲ့သည်။

နေမင်းနှင့် လရောင်၊ အပူနှင့် အအေး ဆန့်ကျင်တတ်သော သဘာဝတရား၏ ပြောင်းလဲချက်များကို ကြမ်းတမ်းလှသော သူ့ဘဝအား နူးညံ့သိမ်မွေ့လှသည့်အချစ်ဆိုသောအရာနှင့် တဒင်္ဂ ပြောင်းလဲသွား၊ လျှင် ငြိမ်းချမ်းသွားလိမ့်မည်ဟု ထင်မိသည်။

စီလင်ရှက အလက်ဘေဗွတွေကို မြတ်နိုးသူတစ်ယောက် ဖြစ်သည်။

အခုလို လသာညဉ့်၌ ကဗျာတစ်ပုဒ်ကို ရွတ်ဆိုမိလျှင် ဘယ်လောက်များ စိတ်ချမ်းမြေ့စရာ ကောင်းမည်နည်း။

သူ့ စိတ်ကူးထဲမှ ကြည်နူးရဆုံးအရာလေးများကိုစဉ်းစားနေခြင်းက ခွန်အားတစ်ခုလို အားပြည့်လာစေသည်။

အထီးကျန် ဆန်ပွန်းသည့် ဘဝကို အားငယ်စိတ်များပျောက်သွားသလို ဖြစ်နေမိသည်။

မိန်းမပျိုလေးက သူ့အာရုံထဲမှ လုံးဝပျောက်မသွားနိုင်သေး၊



စီလင်ရှု အိပ်စက်မပျော်နိုင်သော ညပေါင်းများစွာထဲတွင် သည်တစ်ညမှာ မှေးစက် မပျော်နိုင်ပေမယ့် ချိုမြိန်သာယာသော ညကလေးသာ ဖြစ်ပါသည်။

* * *

ဟိုက်ချိန်က မြို့ထဲတွင် သူ ကြားလာသမျှသတင်းကို ချူယိကိုအား ပြည့်စုံစွာ ပြောပြလိုက်၏။

'ဘယ်လို... လူငယ်တစ်ယောက်က ဖေဖေ့ကိုလိုက်စုံစမ်းနေတယ် ဟုတ်လား....ဟိုက်ချိန်'

'ဟုတ်ပါတယ် အခင်မလေး၊ မြို့ထဲက အသေအချာကြားခဲ့တာပဲ'

'အဲဒီလူက ဘယ်သူဆိုတာရော သေသေချာချာမမေးခဲ့ဘူးလား'

'မေးပါတယ်၊ ဒါပေမယ့် အဲဒီလူရဲ့နာမည်ကို ဘယ်သူမှ မသိကြဘူး၊ လူငယ်တစ်ယောက်ပဲလို့ ပြောပါတယ်'

ချူယိကို စဉ်းစားရခက်သွားခဲ့သည်။

သည်မြို့၌ ဖေဖေ့အသိအကျွမ်း မိတ်ဆွေဟူ၍ အဝိမတန်ရှားပါးလှသည်။

ဖေဖေ့၌ အသက်အရွယ်ငယ်ရွယ်သူ တပည့်တစ်ဦးမှ ရှိခဲ့ဖူးကြောင်း တစ်ကြိမ်တစ်ခါမျှ မကြားမိခဲ့။

'ဘယ်သူများပါလိမ့်'

ဖေဖေကိုယ်တိုင် မှော်ဓားမနှင့်ပတ်သက်၍ မည်သူ့ကိုမှ အသိမပေးဘဲ သူ့ထံသို့ အပ်နှံခဲ့ခြင်းဖြစ်၏။

ဖေဖေမရှိသည့်နောက် မှော်ဓားအတွက် ပုံမှားရိုက်၍ သူမထံ တောင်းဆိုဖို့ နယ်စားက စေလွှတ်လိုက်သူများဖြစ်နေလေမလားဟု စဉ်းစားစရာဖြစ်လာခဲ့သည်။

ထမင်းဆိုင်၌ တွေ့ဆုံခဲ့ရသည့်လူရွယ်နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးရှိဖူးသလိုလို သူ့အား စူးစိုက်ငေးကြည့်နေပုံကို ပြေး၍ သတိရမိလိုက်သည်။

ထိုအခါ ရန်သူလား မိတ်ဆွေလားမခွဲခြားနိုင်သေးသည့် ယောကျ်ားပီသစွာ ချောမောလှပသည့် လူရွယ်မှာ သူမ၏ အာရုံထဲတစ်ခုထဲတွင် စိတ်ဝင်စားဖွယ်ရာ ဇာတ်ကောင် အနေနှင့် တွယ်ငြိလာခဲ့သည်။

ထိုအခါ သူမ စဉ်းစားရကျပ်လောက်အောင် ဖြစ်လာမိသည်။

'ဖေဖေ့ကို လိုက်စုံစမ်းတဲ့လူဟာ အသက်ဘယ်လောက်ရှိမယ်လို့ ပြောလိုက်သလဲဟင်'

သူသိချင်သော ကိစ္စကို ဟိုက်ချိန်ထံမှ မသိလိုက် မသိဘာသာ စကားနှိုက်ထုတ်ရပြန်သည်။

'သခင်မလေးအရွယ်နဲ့ မတိမ်းမယိမ်းလောက်ပဲတဲ့'

'ဟောတော့'



'ဘာဖြစ်လို့လဲ သခင်မလေး'

'ဘာမှ မဖြစ်ပါဘူးကွယ်'

သည်တစ်ကြိမ်တော့ အံ့အားသင့်စွာ ပါးစပ်များမှ လွှတ်ခနဲ အသံထွက်သွားသဖြင့် ဟိုက်ချိန်က အကဲခတ်ကြည့်ရှုရင်း လှမ်းအမေး သူ့ကိုမတိုင်ပင်မိဘဲ စိတ်ထဲက အလိုလိုလိမ်ညာလိုက်မိ၏။

ကိုယ့်ကိုယ်ကို ဘယ်လိုဖြစ်နေမှန်းလည်း မပြောတတ်ခဲ့။

အမှန်တော့ ဖေဖေ့အား လိုက်လံ စုံစမ်းနေခြင်းမှာ အကြောင်းတစ်ခုခုတော့ ရှိနေမှာ သေချာနေပြီ။

သူမအတွက် ကျရောက်လာမည့် အန္တရာယ်ကို သတိပေးလိုက်သလိုလို ဖြစ်လာမိသည်။

ထိုလူက သူမနှင့် သက်တူရွယ်တူ ဖြစ်၏။

သူ့ပုံစံ အနေအထားကို ကြည့်ရသည်မှာ ရက်စက် ကြမ်းကြုတ်မည့် သွင်ပြင်လက္ခဏာမျိုး တစ်စက်မှမရှိ။

ထို့ကြောင့် မှော်ဓားနှင့်ပတ်သက်၍ ဖေဖေ့ကို လိုက်လံစုံစမ်းနေသော လူတစ်ယောက်တော့ မဖြစ်နိုင်ဟု ယုံကြည်ထားလိုက်မိသည်။

ဖခင်ဖြစ်သူဇီဂျင်ဟိုး သေဆုံးသွားသည့်ကိစ္စနှင့် ပတ်သက်၍ သူတို့နေထိုင်ရာ မြို့ကလေး၌ပင် သတင်းစုံစမ်းလို့ ရနိုင်လိမ့်မည် မထင်ပါ။

ဖခင်အား နယ်စားကျောက်ပီရုန်က ဖမ်းဆီးထားသည်ဟူသော သတင်းများ အပြင်သို့ လုံးဝမပေါက်ကြားခဲ့ဟု မသိရှိခဲ့။

ဖခင်အား ကြည်ညိုလေးစားသည့် လူယုံတစ်ဦးက ခမ္မ် မားဖိုနှင့် နယ်စားက ဖေဖေ့အား ရက်စက်စွာ သတ်လိုက် ပြီဆိုသော သတင်းကို ကြားသိခဲ့ရသောအခါ သူမ ကမ္ဘာ ပျက်မတတ် ခံစားရသည်။

ထို့ကြောင့် ဖေဖေမသေဆုံးမီ အဖွဖွမှာကြားခဲ့သောဆန္ဒ အရ ဟိုက်ချိန်ကိုခေါ်၍ ဆူချူးမြို့သို့ ထွက်ပြေးလာခဲ့ရ သည် မဟုတ်ပါလား။

( ၂၄ )

## ဗာဓမှောင်ထု၏ မြင်းခွာသံ

ညဉ့်ဦးယံအချိန်၌ မသက်ာဖွယ်လူသုံးယောက်တ ဆူချူး မြို့တွင်းသို့ မြင်းများဒုန်းစိုင်း၍ ဝင်ရောက်လာခဲ့၏။

'ခွပ်....ခွပ်....ခွပ်....ခွပ်....ခွပ်....ခွပ်'

သူတို့ကား သံတင်းပုတ် ချင်းရှန်၊ ငွေလှံတောင် ခူလျန် နှင့် မိုးကြိုးလက် ဝူစီတို့ ဖြစ်ကြ၏။

အားလုံးက နယ်စားကျောက်ပိမ်အား အကိုးရဆုံးအဆင့် မြင့် သိုင်းသမားကြီးများပင် ဖြစ်ကြသည်။

ရက်စက်ကြမ်းကြုတ်ဆည့်နေရာ၌ နှစ်ယောက်မရှိ။

အချိန်အခါသင့်ပြီဟု ယူဆ၍ ချူယိကိုအား မှော်ခါးမနှင့်အတူ ဖမ်းဆီးခေါ်ဆောင်ရန် မုန်တိုင်းတစ်ခုလို ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

'ဒီတစ်ခါတော့ ကောင်မလေး တို့လက်က လွတ်သွားလို့ မဖြစ်တော့ကိုယ့်လူ၊ အားလုံး နယ်စားရဲ့ ဒေါသစက်ကွင်းအောက်က လွတ်အောင် ကြိုးစားမှဖြစ်မယ်'

'ဒီအတွက် စိတ်ချစမ်းပါဗျာ၊ ရွှေသမင်မလေးကို ခင်ဗျားတို့စည်းဘက်ကသာ လွတ်ထွက်မသွားအောင် ထိန်းပေးထားကြစမ်းပါ'

နီးရာဓား ကြောက်ရသည့်ဘဝမို့ ဒုစရိုက်သိုင်းသမားပီသစွာ မြို့စားနယ်စား အလိုတော်ကျ လုပ်ဆောင်ပေးရန် တိုင်ပင်၍ ရှေ့ဆက်လာခဲ့ကြသည်။

သူတို့အဖို့တော့ ချူယိကိုအား ဖမ်းဆီးရရှိနိုင်ရေးကိစ္စအတွက် အလွယ်တကူ ဆောင်ရွက်နိုင်လိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားကြသူများသာ ဖြစ်ကြ၏။

မြင်းသုံးစီးက မြို့ပြင် ပန်းပဲဖိုဆီသို့ ဦးတည်၍ ဒုန်းစိုင်းလာခဲ့ကြသည်။

* * *



စံအိမ်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျလျက် ရှိသည်။

ကျရောက်လာမည့် အန္တရာယ်ကို မသိရှိနိုင်သေး။

ဝန်းကျင်သို့ မြင်းခွာသံများက ညဥ့်ယံကို ဖောက်ထွင်းလျက် တဖြည်းဖြည်း တိတ်ဆိတ် ငြိမ်သက်ခြင်းကို ဖြိုခွင်းရောက်ရှိလာခဲ့လေပြီ။

'ခွပ်....ခွပ်....ခွပ်....ခွပ်....ခွပ်....ခွပ်'

ချူယိကိုနားထဲသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသည့် မြင်းခွာသံများကြောင့် မှေးခနဲ အိပ်ပျော်နေရာမှ ကမန်းကတန်း ထလိုက်သည်။

'ဟင်....မြင်းခွာသံတွေပါလား'

ဟိုက်ချိန်ကိုလှုပ်နှိုး၍ ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ရှုလိုက်မိသည်။

ရန်သူသုံးဦးက မြင်းများကို ခြံဝတွင် ကြိုးဖြင့်ချည်လျက် မထီမဲ့မြင် ပြုသည့်ပုံစံနှင့် ရဲတင်းစွာ ခြံဝအတွင်းသို့ ကျူးကျော် ဝင်ရောက်လာကြောင်းကို လရောင်အောက်၌ အတိုင်းသား မြင်နေရသည်။

'ငါတို့ တစ်နေရာရာကို ခဏရှောင်နေရင် ကောင်းလိမ့်မယ် ဟိုက်ချိန်'

နှစ်ယောက်သား အမှောင်ကို အကာအကွယ်ပြု၍ နောက်ဖေး ပေါက်မှ ဆင်းလာခဲ့သည်။

သုံးဦးစလုံးက အဆင့်မြင့် သိုင်းသမားကြီးများ ဖြစ်ကြသဖြင့် လေသိုင်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်သူများ

ပီပီ လွှားခနဲ လွှားခနဲ ကိုယ်ဖော့လျက် အပေါ်ထပ်သို့ ခုန်တက်လာခဲ့သည်။

အခန်းတွင်းသို့ ခြေသံလုံအောင် ချွတ်နင်း ဝင်ရောက်လာခဲ့ရင်း....

'ဝှစ်....ဝှစ်'

'ဒုတ်....ဒုတ်'

အမှောင်ထဲမှ လက်ခနဲ မြင်လိုက်ရသော အလင်းတန်းနှင့်အတူ လက်နက်ပုန်းများက သူတို့ အိပ်ပက်နေပြီ ထင်ရသော အိပ်ရာပေါ်သို့ ပလူပျံအောင် ရောက်ရှိလာခဲ့လေပြီ။

မလှုပ်မယှက် ငြိမ်သက်နေသည့် ခေါင်းအုံးနှင့် ခြုံစောင်ပေါ်မှ လက်နက်များကို ဖယ်ရှားမိလိုက်သည်နှင့်....

'တောက်....လွတ်သွားပြန်ပြီ ချင်းရှန်၊ ဝေးဝေးမပြေးနိုင်ခင် အမြန်ရှာကြ'

သူတို့ လှည့်ကွက်ဆင်ခဲ့သော ထောင်ချောက်တစ်ခု၌ သုံးယောက်သား ရောက်ရှိသွားကြပြီဟု ချက်ချင်း သိလိုက်ကြလေတော့သည်။

စံအိမ်ပေါ်မှ ချက်ချင်းပင် တောကြောင် သုံးကောင်အလား လွှားခနဲ ခုန်ဆင်းလာ၍ သူတို့ရှိနိုင်မည့် နေရာသို့ စူးရဲတောက်ပသော မျက်လုံးများနှင့် လိုက်လံရှာဖွေနေကြသည်။

ချူးယီကိုက မှော်ဓားမကိုပိုက်လျက် ရန်သူကို အကဲခတ်ကြည့်ရှုနေမိသည်။



ငှက်ပျောတောထဲ၌ ဟိုက်ချိန်နှင့် တစ်ယောက် တစ်နေရာစီခွဲ၍ တမင် ပုန်းအောင်းနေလိုက်ခြင်း ဖြစ်၏။

သူတို့ရှိနိုင်မည့် နေရာကို ရန်သူသုံးယောက်က ဘယ်နည်းနဲ့မှ သိရှိနိုင်လိမ့်မည်ဟု မထင်ခဲ့။

## ( ၂၅ )

ပန်းပဲဖို၏ ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မည်းနေသည့် အပြင် အရပ်လေးမျက်နှာစလုံးက လွတ်မြောက်ထွက်ပြေးနိုင်သည့် တောလမ်းကြီးသာဖြစ်နေခြင်းဖြစ်၍ သူတို့အတွက် တစ်ပန်းသာလှ၏။

'ဒီမှာတွေ့ပြီ စောင်ခုလျှန်'

သဲ့သဲ့ကြားလိုက်ရသည့်စကားသံကြောင့် ရင်ထဲ ထိတ်ခနဲ ဖြစ်လျက် မြင်ကွင်းဆီသို့ ငေးကြည့်လိုက်မိသည်။

သူ့ခေါင်းမှ ဘယ်အချိန်က ပြုတ်ကျခဲ့မှန်းမသိသော ဆံထိုးလေးတစ်ခုကို ရန်သူက သဲလွန်စ ရရှိသွားခြင်း ဖြစ်သည်။

'ဒီ ငှက်ပျောတောထဲမှာ ရှိဖို့ကျိန်းသေတယ်'

တစ်ယောက်က ခြေရာကောက် အတတ်ပညာကို တတ်ကျွမ်း နားလည်သလိုလိုနှင့် ထင်မြင် ယူဆချက်အတိုင်း ပြောဆိုလိုက်၏။

ရန်သူသုံးယောက်စလုံးက ငှက်ပျောတောဆီသို့ ခြေဦးလှည့်လာခဲ့ကြလေပြီ။

ဦးတည်လာနေသော ရန်သူသုံးယောက်အား လှေအောင် အောက်၌ သူမ မြင်နေရ၏။

စိတ်တွေလှုပ်ရှားလာခဲ့လေပြီ။

ဟိုက်ချိန်တစ်ယောက်က အခြား တစ်နေ့ရာတွင် ရှိနေသောကြောင့် ထိုကိစ္စကို သူမ ဘယ်လို ဆုံးဖြတ်ရမှန်းမသိအောင် ဖြစ်ရသည်။

'ချောက်....ချောက်....ချောက်'

သစ်ရွက်များနှင့် လျှောက်လာသံက တရွေ့ရွေ့ ပိုမိုနီးကပ်လာလေပြီ။

သူမတစ်ကိုယ်လုံး ချွေးစေးတွေ ပြန်စပြုလာခဲ့၏။

'ဝုန်း....'

အနားသို့မရောက်မီ ဟိုက်ချိန်က သစ္စာရှိစွာနှင့် တစ်ဖက် ငှက်ပျောတောကို ဝုန်းခနဲ တိုးဝှေ့လျက် ကိုယ်ယောင်ပြ ထွက်ပြေးဖို့ကြံလိုက်၏။



'လိုက်ကြစမ်း'

ရန်သူနှစ်ဦးက အမှောင်ထဲ လှစ်ခနဲ ပျောက်ကွယ်သွားသည့် ဟိုက်ချိန်၏နောက်သို့ ဆက်လိုက်ဖို့ ကြိုးစားနေကြသည်။

ကျန်တစ်ဦးကတော့ ကွင်းပြင်တစ်ခုမှ ငှက်ပျောတောဆီသို့ ဝေးကြည့်လျက် သူမ၏ပြေးလမ်းကို မထွက်နိုင်အောင် ပိတ်ဆို့ထားနေသဲ။

* * *

သံတင်းပုတ်သိုင်းသမားဏ ဟိုက်ချိန်ရှိရာသို့ အကာဝ်းပါးပါးနှင့် သိရှိသွားခဲ့လေပြီ။

'ထန်....ထန်....ခြွမ်....ခြွမ်'

သံတင်းပုတ်နှင့် ဓားလက်နက်တို့ထိခတ်သံများကို စတင်ကြားလိုက်ရသည်။

သူမ မနေနိုင်တော့။

ငှက်ပျောတောမှ ဟိုက်ချိန်ရှိရာသို့ ချက်ချင်း ပြေးထွက်လာခဲ့၏။

ဟိုက်ချိန်နှင့် သံတင်းပုတ်သမားတို့ အပြင်းသန်ဆုံး တိုက်ခိုက်လျက်ရှိကြသည်။

'ဟိုင်း....'

'ထန်း....ထန်း....ဒလံ....ဒလံ'

မှော်ဓားမကို လရောင်အောင်၌ဆွဲထုတ်၍ ရုတ်တရက် ဝင်၍ တိုက်ခိုက်လိုက်ခြင်းကြောင့် ဓားဆီမှ ပြိုးခနဲပြက်ခနဲ ထွက်ပေါ်လာသည့် ရောင်စဉ်များကိုကြည့်ရင်း ရန်သူသုံးဦးက တုန်လှုပ်ချောက်ချားစွာ နောက်သို့ ဆုတ်လိုက်ကြသည်။

မှော်ဓားမအကြောင်း ကောင်းစွာ သိရှိထားကြသူများ ဖြစ်၍ အထူးပြောစရာမလိုလောက်အောင် မြင်ရုံနှင့် အနည်းငယ် ချောက်ချားသွားသည်လည်း ဖြစ်နိုင်သည်။

လရောင်အောက်၌ သူတို့ နှစ်ယောက်အား ပြေးမလွတ်အောင် ရန်သူက ဖိုခုံဒလာက်ဆိုင် တိုက်ခိုက်ရန် အသင့်ပြင်ထားကြလေပြီ။

'ဝှီး....ဝှီး'

'ထန်း....ထန်း....ထန်း....ဒလုံ'

တစ်ပြိုင်နက် တိုက်ကွက်ဆင်လာမှုကို နှစ်ယောက်သားက တစ်စက်ကလေးမှ အတိမ်းအစောင်းမခံဘဲ ရှောင်ထွက်လိုက်ရင်း ညှပ်ပူးညှပ်ပိတ် မတိုက်ခိုက်နိုင်အောင် ကျောချင်းကပ်ထားလိုက်ကြသည်၊

'ဩော်....မင်းတို့က ဒီသိုကဘာ့ ဘယ်ဆိုးလို့လဲ'



'အသာတကြည်နဲ့ တို့လက်ထဲကို မှော်ဓားမကိုထည့်လိုက်စမ်းပါ၊ နို့မဟုတ်ရင် အခြေအနေတာ ဒီ့ထက် ဆိုးရွားသွားနိုင်တယ်နော်'

'အို...ရှင်တို့ ဒီလိုခြိမ်းခြောက်တိုင်း ကြောက်လိမ့်မယ်လို့ မထင်လေနဲ့၊ ဟောဒီဓားကို လိုချင်ရင် ကျွန်မတို့နှစ်ယောက်ကို နိုင်အောင်ယှဉ်ပေါ့'

ချူရီကိုက မဟုတ်မခံစိတ်ဖြင့် တုံ့ပြန် ပြောဆိုလိုက်၏။

ဟိတ်....'

'ဗီ....ဝီ....စီ....ဝီ'

မိုးကြိုးလက် ရှုပ်က ကြောက်စရာကောင်းသည့် သံချိန်းတပ် မားကောက်ကြီးကို ဝှေ့ယမ်း၍ တရကြမ်းတိုက်ခိုက်ရန် ကြိုးစားနေလေတော့သည်။

'ဟိုက်ချိန်....သတိထား'

ဟိုက်ချိန်ကို အော်ဟစ်သတိပေးလိုက်ရင်း လွှားခနဲ ခုန်ထွက်ကာ လှူချင်းခွာပေးလိုက်၏။

ဟိုက်ချိန်ရှိရာသို့ သံတင်းပုတ် သိုင်းသမားနှင့် ငွေလှံရှည်သမားတို့က ရောက်ရှိသွားခဲ့ပြီး ချူယာ့ကိုအား မိုးကြိုးလက် ဝူစိက သဲကြီးမဲကြီး လိုက်လံ တိုက်ခိုက်နေသည်။

ဓားခကောက် လက်နက်ကြီးက ဓားစက်ကြီးတစ်ခုလို ကြောက်မက်ဖွယ်ကောင်းလှပါဘိ။

လူကို မဆိုထားနှင့် မြေတလင်းမှ နှင်းစိုနေသောမြက်များကိုတောင် ထက်ရှသော အသွားဖြင့် တိခနဲ ဖြတ်တောက်ပစ်လိုက်နိုင်သည်။

ချူယာ့ကို သတိထား၍ ကျွမ်းဖြင့် လှိမ့် ရှောင်လိုက်သည်။

မိုးကြိုးလက် ဝူစိက အသာစီးမှုရနေသောကြောင့် တစ်ဖက်လူ တုံ့ပြန်ခွင့်မရအောင် ရှေ့သို့ဆက်၍ တိုးပြီး ပိတ်ဆို့တိုက်ခိုက်နေသည်။

'ဝိ...ဝိ'

'ထောင်...ဖြောင်း'

ချူယာ့ကိုက ရှောင်တိမ်းရင်း ဓားကောက်ကြီးနှင့် မှော်ဓား ချိတ်မိလျက်သား ဖြစ်သွားခဲ့၏။

အရှိန်နှင့် ရိုက်ခတ်လိုက်ခြင်းဒဏ်ကြောင့် ဓားသွားခြင်းငြိ၍ ဓားကောက်ကြီးမှာ ဖြောင်းခနဲ ကျိုးပဲ့သွားခဲ့ရလေတော့သည်။

မိုးကြိုးလက် ဝူစိက လက်နက်မဲ့ဖြစ်သွား၍ အတော်ကို မကျေမချမ်း ဖြစ်သွားပုံရသည်။

• • •



သံတင်းပုတ်သိုင်းသမားနှင့် ငွေလှံသမားတို့က ဟိုက်ချိန်အား ပြင်းထန်စွာ ဝိုင်း၍ တိုက်ခိုက်နေကြသည်။

ဟိုက်ချိန်ကလည်း ခေသူမဟုတ်။

ဇီဂျင်ဟိုးနှင့်အတူတူ လူယုံတော်အဖြစ် သစ္စာရှိစွာ နှစ်ပေါင်းများစွာ နေလာခဲ့သူဖြစ်၍ ဆရာဖြစ်သူ၏ အမွေအနှစ်ကို ရသင့်သလောက် ရရှိထားသူ တစ်ယောက်ဖြစ်၏။

'ဝုန်း... ခွမ်း'

'ဝှစ်... ဝှစ်'

ရန်သူနှစ်ဦးစလုံးက သူ့အတွက် တိုက်ကွက်မညီမျှသဖြင့် တိမ်းရှောင်ရ ခက်လှ၏။

သံတင်းပုတ် သိုင်းသမားက အကြမ်းပ မိး တိုက်ခိုက်နေပြီး လှံသမားက သူ့ရှောင်ကွက်ဆီသို့ လှံဖြင့် မလွတ်နိုင်အောင် ချိန်သားကိုက် ရောက်ရှိလာတတ်၏။

သို့ပေမယ့် ဟိုက်ချိန်က ရှောင်တိမ်းမှု နည်းပရိယာယ်ကြွယ်ဝလှသူ ဖြစ်၏။

ရှောင်တိမ်းကွက်သာအောင် သူတို့နှစ်ဦးစလုံးကို လုံးဝတိုက်ကွက်မဆင်တဲ့ ခံစစ်အနေအထားမှ တမင်အကွက်ပေး၍ ဆင်ကွက်အတိုင်း ရှောင်တိမ်းနေခြင်း ဖြစ်၏။

ပွတ်ကာသီကာလေး ရှောင်တိမ်းသွားသူ ဟိုက်ချိန်အား ဒေါသမုန်ယိုနေသူနှစ်ဦးပင် အတော်လေး မောဟိုက်ပင်ပန်းနေရှာသည်။

မိုးကြိုးလက် ဝူစိက ပေါပေါ်ဆဆ တိုက်ခိုက်ရန် မဖြစ်နိုင်တော့ကြောင်း နားလည်လိုက်၏။

မှော်ဓားစွမ်းက မည်မျှထက်မြက်ကြောင်းကို ကောင်းစွာ သိရှိသွားလေပြီ။

ချူယာကိုက သိုင်းပညာကို အခြေခံအသင့်မျှသာ တတ်ကျွမ်းသော်လည်း ထိုသို့ ကာကွယ်နေသည့်အခါ မှော်ဓားက သူ့အတွက် အင်အားတစ်ခုသာ ဖြစ်တော့သည်။

လူက မစွမ်းလှပေမယ့် ဓား၏ အရှိန်အဝါကြောင့် လှင့်စဉ် ရောက်ရှိလာသောအလင်းများကို မျက်စိထဲစူးဝင်၍ ပြာဝေမသွားအောင် ရှောင်တိမ်းနေရသည်က တစ်မှောင့်၊ မတော်တဆ အသွားထက်မြက်လှသော ဓားကိုထိရှလိုက်လျှင် အင်္ဂါမစုံသည့် ဘဝသို့ ရောက်ရှိသွားနိုင်သည်။

ထို့ကြောင့် မိုးကြိုးလက် ဂူစိက မည်သို့တိုက်ကွက်နည်းသစ် ဆင်ရမည်ကို ခေါင်းထဲထည့် စဉ်းစားရတော့သည်။

မိုးကြိုးသိုင်းကွက် ရှစ်ကွက်ကို မလွဲမသွေ အသုံးချ တိုက်ခိုက်ရပေတော့မည်။

ဝတ်ရုံထဲမှ အဆိပ်သံ မိုးကြိုးလက်ကိုထုတ်ယူ၍ လက်မှာစွပ်လိုက်၏။

ထိုလက်နက်မှာ မိုးကြိုးသွားတစ်ခုကို ပြင်းထန်လှသည့် အဆိပ်လက်သည်း အပ်ကလေးများကိုစိမ်လျက် အပေါ်ဆုံးသတ္တုဖြင့် ပြုလုပ်ထားသော စွန်ကုပ် လက်နက်တစ်ခုပင်ဖြစ်သည်။

အဆိပ်လက်သည်းလေးခုနှင့် ထိမှန်မိသူမှာ မလွဲမသွေ သေဆုံးရပေတော့မည်။



ကုသနိုင်သည့် အဆိပ်ဖြေဆေးကို ရှာတွေ့ဖို့ မလွယ်လှပေ။

ထိုလက်နက်နှင့် အသက်ပေါင်းများစွာကို သတ်ဖြတ်အောင်ပွဲခံခဲ့သူမို့ မိုးကြိုးအဆိပ်လက်နက်အပေါ် အပြည့်အဝ စိတ်ချယုံကြည်ထားလေသည်။

ချူယာကိုက မိုးကြိုးအဆိပ်လက်နက်ကိုကြည့်ရင်း မှော်ဓားကို သတိနှင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

ရင်စက် ကြမ်းကြုတ်သော မျက်နှာနှင့် ဝက်ဝံကြီးတစ်ကောင်လို အဆိပ်လက်နက်ဖြင့် သတ်ဖြတ်ရန် မွှေ့သို့တိုးလာသည့် ရန်သူ၏ တိုက်ကွက်ကို သူမ ခန့်မှန်းရ ခက်နေသည်။

တိုက်ပွဲအတွေ့အကြုံမရှိသူမို့ တစ်ဖက်လူ၏ တိုက်ကွက်ပျက်သွားစေရန်အတွက် တန်ပြန် တိုးစစ်ဆင်နိုင်ခြင်းမရှိသည်က သူ့အတွက် အရှုံးဘက်က ရင်ဆိုင်နေရခြင်း ဖြစ်၏။

'ယား....'

မထင်မှတ်ဘဲ တိုက်ခိုက်လိုက်သည်က လေပေါ်ခုန်ဝဲလျက် စွန်ရဲတစ်ကောင်လို မိုးကြိုးအဆိပ်လက်နက်ဖြင့် ထိုးဆိတ်တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ရုတ်တရက်မို့ မှော်ဓားဖြင့် ခုခံလိုက်ဖို့ကို အချိန်မရလိုက်ဘဲ အပေါ်ပါးဆုံး ခုန်ပျံလျက် မိုးကြိုးအဆိပ်လက်နက်ဖြင့် ထိုးသတ်လိုက်သည်ကို ပွတ်ကာသီသာလေး ရှောင်လိုက်ရတော့သည်။

ထိုတိုက်ကွက်က ကြောက်မက်ဖွယ် ကောင်းလှပါ၏။

'ဖတ်....ဖတ်....ဝှီး....ဝှစ်....ဝှစ်'

မှော်ဓားကို အသုံးပြု၍ မဖြစ်တော့။

တစ်ဖက်ရန်သူ၏ တိုက်ကွက်ကိုသာ မျက်စိရှင်ရှင်ထားပြီး ရှောင်တတ်ဖို့ လိုတော့သည်။

လျှပ်တစ်ပြက်သိုင်းကွက်များက လျှပ်စစ်လို မြန်ဆန်လှန်းလှသည်။

အနီးကပ် ပူးသတ်ခွင့် ပေး၍ မဖြစ်နိုင်တော့။

ထို့ကြောင့် ဝေးသည့် အကွာအဝေးတစ်ခုသို့ လွှားခနဲ ခုန်ပျံဆုတ်လာခဲ့သည်။

မိုးကြိုးလက်စွဲက ဒေါသဘီလူး စီးနေရှာလေပြီ။

'ဝှီး....ဝှစ်....ဝှစ်'

'ရှပ်....ရှပ်'

လေထဲထိုးဖောက်လိုက်သည့် မိုးကြိုးလက်နက်ရိုက်ပုတ်သံကြီးက အလွန်ကြောက်မက်ဖွယ် ကောင်းလှပေသည်။

ထိုတိုက်ကွက်မျိုးကို သူမ တစ်ကြိမ်မျှ မမြင်ဖူးခဲ့။

* * *

သံတင်းပုတ်သိုင်းသမားနှင့် ငွေလှံသမားတို့က မျက်ခြည်ပြတ်မခံ အလွတ်မပေး။

ရှုပ်ထွေးလှသော တိုက်ကွက်များနှင့် အာရုံ ထွေပြားအောင် လှည့်စားတိုက်ခိုက်နေသည်။



ဟိုက်ချိန်တာ ဓားချက်ကို လွတ်ရုံကလေး ရှောင်တိမ်းနေသည့် လှံသမားအား ပိုင်နိုင်စွာ ပိုင်းချလိုက်၏။

'ဝှီး.... ရှပ်....အား'

ရှေ့ကို သဲကြီးမဲကြီး တိုက်ခိုက်နေသောကြောင့် ဓား တစ်ချက်နှင့် အလစ်တိုက်ကွက်က တစ်ဖက်ရန်သူကို သွေးပွက်ပွက်အိုင်သွားခဲ့လေပြီ။

ငွေလှံသမားက အရှပ်ကြိုးပြတ်ကျသလို လဲကျသေဆုံးသွားခဲ့လေပြီ။

## (၂၃)

သံတင်းပုတ်သမားက ဟိုက်ချိန်၏ လက်ချက်ကြောင့် ကျဆုံးသွားသည့် ငွေလှ သမားအားကြည့်ရင်း တုန်လှုပ်သွားလေသည်။

တစ်ယောက်ချင်း ယှဉ်ပြိုင်ရမည့် တိုက်ကွက်အား ချင့်ချိန်တွက်ဆနေမိသည်။

ဟိုက်ချိန်မှာ စေ့စပ်သေဝပ်သော သိုင်းသမား တစ်ယောက် ဖြစ်၏။

လက်နက်ချင်းမတူ၊တိုက်ကွက်ချင်းမတူသဖြင့် လွယ်လွယ် တိုက်ခိုက်၍ရမည်တော့ မဟုတ်။

ဟိုက်ချိန်၏ဓားက သွေးသောက်ဖူးသွားပြီမို့ အဝင်အထွက် အကွက် အပိုင်း ပိုပြီး သွက်လက်မြန်ဆန်လာသည်။

မိုးကြိုးလက် ဝူစိက ချူယိုကို၏ အနေအထားကိုကြည့်ရင်း စွန်ကုပ်လက်နှင့် တရွယ်ရွယ်လုပ်နေသည်။

မိန်းမသားချင်း ဖြစ်သော်လည်း ဝူစိက မိန်းမကြမ်းကြီး သက်သက်သာ ဖြစ်သည်။

သူမ၏လက်၌ မှော်ဓားတစ်လက်သာ အကာအကွယ်မရှိဘဲ ပါလျှင် အင်အားပြည့် တိုက်ခိုက်အနိုင်ယူသွားမှာ သေချာသည်။

'ဝိုး'

ဝူစိ၏ ရိုက်ထုတ်လိုက်သောလက်ကို ကိုယ်ယို့၍ ရှောင်တိမ်းပေးလိုက်၏။

သို့ပေမယ့် သူ၏ တိုက်ကွက်များက ပျံလွှားငှက်မ တစ်ကောင်လို ပျံသန်း၍ လွှားခနဲ တိုက်ခိုက် ရှောင်တိမ်းသွားတတ်၏။

တဖြည်းဖြည်း ထင်ထားသည်ထက် ချူယိုကို၏ အားနည်းချက်ကို သိသွားသဖြင့် ဖိပြီးတိုက်ခိုက်လာသည်။

'ဝိုး....ဝိုး'

ချူယိုကို သတိထားကြည့်နေရင်း ခေါင်းတွေ မူးနောက်လာသည်။

မှော်ဓားမတစ်ချောင်း လက်ထဲ ကိုင်ထားပါလျက် တိုက်ကွက် မဲ့နေရှာသော သူ့အဖြစ်ကို တွေးမိတိုင်း ဘယ်လို ဆက်ရမှန်း မသိအောင် ဖြစ်နေမိသည်။



'သခင်မလေး....လွှတ်အောင်ပြေး....လွှတ်အောင်ပြေး'

သူ ဖြစ်ပျက်နေသမျှကို မြင်တွေ့နေရသူ ဟိုက်ချိန်က ချတ်တရက် လှမ်းအော်လိုက်သဖြင့် ချူယိုကို သတိ လက်လွှတ် ဖြစ်သွားမိသည်။

အခွင့်ကောင်းကို စောင့်နေသည့် ဝူစိက သူ့ထံသို့ လွှားခနဲ ခုန်လျက် အပိုင် တိုက်ခိုက်လိုက်လေသည်။

'ရှပ်....အား'

မိုးကြိုးလက်မှ အဆိပ်များ အရေပြားကို ထိရှဝင်ရောက်လာခဲ့လေပြီ။

ကြောင်ရိုင်းတစ်ကောင် ကုတ်ခြစ်လိုက်သလို စပ်ဖျဉ်းဖျဉ်း ဖြစ်သွားရာမှ ထပ်မံ မသက်ရောက်နိုင်အောင် မှော်ဓားကို ဝှေ့ယမ်းလိုက်၏။

'နင့်အတွက် အသက်ရှင်နိုင်ဖို့ အခွင့်အလမ်း လုံးဝမရှိတော့ဘူး၊ မှော်ဓားမကိုပေးစမ်း'

'အို....မပေးနိုင်ဘူး'

သူမ သန္နိဋ္ဌာန် ချထားသည့်အတိုင်း မှော်ဓားကို လက်မှ လုံးဝမချဘဲ အသက်နှင့်လဲ၍ ကာကွယ်သွားရန် စိတ်ပိုင်းဖြတ်ထားခဲ့၏။

ခေါင်းထဲ၌ ရီဝေစပြုလာခဲ့ပြီ။

မကြာမီ အဆိပ်တို့က ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့ပျက် သူမ မူချ သေဆုံးရပေတော့မည်။

'သခင်မလေး....ပြေး....ပြေး'

'ဝိုး....ဒုတ်....အား'

ဟိုက်ချိန်က သူ့လက်ထဲမှ အာကွယ်နေသည့် ဓားနှင့် မိုးကြိုးလက် ဝူစိ၏ ခြေထောက်သို့ ပစ်ပေါက် ဟန့်တား လိုက်လေသည်။

ဟိုက်ချိန်က အသက်တစ်ချောင်းအတွက် ကိုင်ဆောင် ထားမှုသော လက်နက်ကိုစွန့်၍ သစ္စာရှိစွာ သခင်မလေး ချူ ယီကိုအတွက် အကာအကွယ်ပေးခဲ့ရှာလေပြီ။

ချူယီကို တောထဲသို့ လှစ်ခနဲ ထွက်ပြေးလာခဲ့၏။

ဝူစိမှာ ချူယီကို၏နောက်သို့ ဆက်လိုက်ရန် ကြိုးစား သော်လည်း မစွမ်းနိုင်ရှာတော့ပေ။

'အား....ကျွတ်....ကျွတ်'

ဓားအန်းလန်း စိုက်ဝင်နေလျက် သွေးများ ယိုစီးကျဆင်း လာ တရွတ်တိုက် ဖြစ်နေသည်။

'ဝှီး....ဝုန်း....ဝုန်း'

လက်နက်မဲ့ဖြစ်သွားရှာသူ ဟိုက်ချိန်အား သံဆာစ်ပုတ် သိုင်းသမားကြီးက မပြေးသာအောင် ပိတ်ဆို့ထားလိုက် လေပြီ။

'ဝှစ်....ဝှစ်'

'ဒုတ်....အား'

မိုးကြိုးလက် ဝူစိထံမှ မကျေအေးနိုင်သော လက်နက် ပုန်းကာလေးများက အဝါရောင် အလင်းတန်းလေးအဖြစ် လေထဲ၌ လက်ခနဲထွက်လာခဲ့ပြီး ဟိုက်ချိန်၏လက်မောင်းဆီသို့ စိုက်ဝင်သွားခဲ့၏။

'ဟိုင်း....ခွမ်း....ဒုတ်'



သံဆာစ်ပုတ်သိုင်းသမားကြီးက ဟိုက်ချိန်အား ရက်စက် စွာ အနိုင်ယူခဲ့ရှာလေပြီ။

နံနက်ခင်း အလင်းရောင်က တောအုပ် တစ်ခုအတွင်းသို့ ထိုးဖောက် ဝင်ရောက်လာခဲ့သည်။

ယူကာလစ်ပင်များကို ဖြတ်လျက် အားအင် ကုန်ခန်း ယိုင်နဲ့စွာ ပြေးလွှားလာသူကား ချူယီကိုဖြစ်၏။

# ( ၂၈ )

သူ့တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင် ပင်ပန်းနေသည်။

အဆိပ်က ပျံ့လွင့်စ ပြုလာသော်လည်း စိတ်ကိုတင်းထားသဖြင့် အန္တရာယ်ကင်းရှင်းရာသို့ အရောက် ပြေးလာနိုင်ခြင်း ဖြစ်၏။

'အား....ခေါင်းထဲမူးလိုက်တာခနော်၊ ငါ....ငါသေရတော့မှာပါလား'

အဆိပ်သင့် သေဆုံးရတော့မည်ဆိုသော အသိက ခေါင်းထဲ ရောက်ရှိလာခဲ့ပြီဖြစ်သောကြောင့် အပင်များကို မှိုတွယ်ခိုနားရင်း ဖြည်းညင်းစွာ ဆက်လျှောက်လာခဲ့၏။

ရန်သူ၏ မှော်ဓားအတွက် သူ့နောက်သို့ အနှံ့ခံလိုက်ဖော မှာ ဆောချာသည်။

မျက်လုံးများ ပြာဝေနေသည့်ကြားမှ လက်ထဲ၌ကိုင်ထားသော မှော်ဓားကိုကြည့်လိုက်မိသည်။

သည်ဓားက ကျိန်စာသင့်ပြီလွှားခပြောတတ်။

သည်ဓားကြောင့် ဖခင်ဖြစ်သူမှာ ရက်စက်စွာ အသတ်ခံခဲ့ရပြီးပြီ။

သည်ဓားကြောင့် သူ့ဘဝတစ်လျှောက်လုံး မတည်မငြိမ်ဖြစ်ခဲ့ရဖူးပြီ။

ယခု သည်ဓားကြောင့် လူယုံတော်ဟိုက်ချိန်လည်း ရန်သူ့လက်ချက်ဖြင့် သေဆုံးသွားခဲ့သည်။

မှော်ဓားနှင့်ပတ်သက်၍ ဖခင်ပေးအပ်ခဲ့သောတာဝန်ကိုသူမ မကျေပွန်နိုင်သေး။

သည်ဓားတစ်ချောင်းအတွက် ဆက်လက် ပေါ်ပေါက်လာနိုင်သည့် အကျိုးဆက်ကို စဉ်းစားမိသည့်အခါ သိုင်းလောကကြီး တစ်ခုလုံးအတွက် ရင်လေးစရာပင်ဖြစ်၏။

'အဖေဟာ မှော်ဓားကို နယ်စားက အထင်း ဖန်ဆင်းခိုင်းလိုက်လို့ ပြုလုပ်ပေးခဲ့ရတာပဲ၊ ဒီဓားကို ပြုလုပ်ပေးတဲ့အတွက် ဘယ်လို အကျိုးအမြတ်မှ အဖေ့မှာရလိုစိတ်မရှိဘူး၊



ဒီတော့ ငါ့လက်ထဲရောက်နေတဲ့ မှော်ဓားတစ်ချောင်းအတွက် ငါ တစ်ခုခုကို ဆုံးဖြတ်မှုဖြစ်မယ်'

မှော်ဓားကို ဘောထဲ၌ အမှတ်အသားတစ်ခုလုပ်၍ ဝှက်လိုက်လေတော့သည်။

'ခွပ်....ခွပ်....ခွပ်'

'ခွပ်....ခွပ်....ခွပ်'

တောအုပ်ဆီသို့ ဦးတည်လာနေသော မြင်းခွာသံများကို ကြားလိုက်ရသဖြင့် တုန်လှုပ်သွားမိ၏။

'အို....ဘယ်နည်းနဲ့မှ ရန်သူ့လက်မှာ အဖမ်းမခံနိုင်ဘူး'

နုံးချည့်နေသည့်ခြေထောက်များအား အနိုင်နိုင်အယ်ရင်း ကွင်းပြင်တစ်ခုသို့ ချူယိကို ဖြတ်ပြေးလိုက်မိသည်။

'ဟိတ်....မပြေးနဲ့လေ'

မိန်းကလေးတစ်ယောက် အူယား ဖားယား ပြေးလာသည်ကို မြင်လိုက်ရသဖြင့် စီလင်ရှု အော်ဟစ်သတိပေးလိုက်မိသည်။

သို့ပေမယ့် မိန်းကလေးက ကြောက်အား လန့်အားဆက်လက်ပြေးလွှားနေဆဲ။

'အန္တရာယ်တစ်ခုခုနဲ့ ကြုံလာပြီထင်ပါရဲ့'

စီလင်ရှု အခြေအနေကို စောင့်ဆိုင်း ကြည့်ရှုလိုက်မိသည်။

မိန်းမငယ်လေးနောက်မှ ကပ်လိုက်လာသည့် အရိပ်များကို လုံးဝမတွေ့ရမှ သူ့ကို ရန်သူအထင်နှင့် ပုန်းအောင်းနေရာမှ ထွက်ပြေးသွားမှန်း သိလိုက်ရ၏။

စိတ်ဝင်စားသလိုလိုဖြစ်လာမိသဖြင့် မြင်းပေါ်မှ ဆင်း၍ မိန်းမပျိုလေး ဝင်ပြေးသွားသည့် တောတန်းဆီသို့ ရောက်အောင် လိုက်လာခဲ့မိသည်။

'အင်း....တခုခုများဖြစ်လာပါလိမ့်'

တောထဲ၌ ရှာဖွေကြည့်နေမိသော်လည်း မိန်းမပျိုလေး၏ အရိပ်အယောင်ကိုမျှမမြင်မိ။

စိတ်ပျက်ပျက်နှင့် လှည့်ထွက်ရန် ပြင်ဆင်လိုက်စဉ် ချုံတစ်ခုမှ ညည်းညူသံတစ်ခုကို ကြားလိုက်ရ၏။

စီလင်၍ အသံကြားရာဆီသို့ အမြန်ဆုံး အရောက် သွားလိုက်လေသည်။

'ဟင်....ဒါနဲ့ ထမင်းဆိုင်မှာ တစ်ခါဆုံဖူးတဲ့မိန်းမလေး ပါလား'

သူ့မျက်လုံးကို သူ မယုံကြည်နိုင်လောက်အောင် အံ့သြသွားမိသည်။

တစ်ကြိမ်တစ်ခါမျှသာ တွေ့ဖူးခဲ့ပေမယ့် သူ့မျက်နှာလေးကို စီလင်၍ မှတ်မိနေဆဲ။

သူက မည်သူနည်း။

စီလင်၍၏ အိပ်မက်စိတ်ကူးထဲစွဲလမ်းသလို ဖြစ်နေမိသည့် မိန်းမပျိုလေးကို ယခု မမျှော်လင့်ဘဲ တောထဲ၌ လာတွေ့နေရလေပြီ။

သူ၏မျက်ဝန်းလေးများ၌ အညိုရောင်သန်းစ ပြူးနေပြီး အန္တရာယ်တစ်ခုနှင့် အသက်လုပြေးလွှားခဲ့ရပုံရ၏။ သူ့ တစ်ကိုယ်လုံး၌ ချွေးများ ရွှဲစိုစပြူနေရှာသည်။



'ဒဏ်ရာရလာပါလား'

ရစ်ညွှန့်အထက်၌ သွေးများ စီးကျနေသည့်ဒဏ်ရာကိုတွေ့လိုက်ရသဖြင့် မိန်းမပျိုလေးအတွက် စိုးရိမ်သွားမိသည်။ သူမက ဘာကိုမှ မသိနိုင်လောက်အောင် သတိမေ့မြောစပြူနေရှာလေပြီ။

စီလင်၍ ဘာကိုမှ စဉ်းစားမနေတော့ဘဲ ဒုက္ခရောက်လာသည့်သူ၏ အသက်ကို အချိန်မီ ကယ်တင်နိုင်ဖို့သာ ဆုံးဖြတ်ချက်ချလိုက်၏။

# ( ၂၉ )

နယ်စား ကျောက်ပိရုန်၏အဆောင်တစ်ခုလုံးအား အပ်ကျသံမျှ မကြားရအောင် ငြိမ်သက်တိတ်ဆိတ်နေသည်။

နယ်စားက ချူးယ ကိုနှင့် မှော်ဓားမ ပျောက်ဆုံးနေသည့်အတွက် အကြီးမားဆုံး ဆုံးရှုံးမှု တစ်ခုကို ခံစားလိုက်ရသည့်အလား တွေဝေစွာ စဉ်းစားနေမိသည်။

နယ်စား၏ ရှေ့မှောက်၌ တိုက်ပွဲ၌ ရှုံးနိမ့်လာသည့် သံတင်းပုတ် ချင်းရှန်နှင့် မိုးကြိုးလက် ဝူစီ။

'အရေးကြီးဆုံးက မှော်ဓားမကို တစ်စုံတစ်ယောက် ရသွားခဲ့ရင် ဝါ ဖန်တီးလာခဲ့သမျှ အလကား ဖြစ်ကုန်မှာပဲ၊

ဒီကောင်မ ဘယ်ကိုပြေးတယ်ဆိုတာ ခန့်မှန်းလို့ မရနိုင်ဘူးလား’

‘သူ မကြာခင် သေဆုံးသွားမှာ ကျိန်းသေပါတယ် နယ်စား၊ ကျွန်မရဲ့ မိုးကြိုးလက်ဓာ အဆိပ်ဆူးတွေနဲ့ ဒဏ်ရာရသွားပါတယ်’

‘အဲဒါက ပိုခက်တာပေါ့၊ အကယ်၍ တောထဲတွက်ပြေးယှိ သေသွားခဲ့ရင်တောင်မှ မှော်ဓားမ ငါ့အတွက် ရဖို့လမ်းမမြင်နိုင်တော့ဘူး။

‘ကိုင်း....သွားကြ၊ သူထွက်ပြေးသွားတဲ့နေရာကို လှစ့်ပြီး မတွေ့တွေ့အောင် မြေလှန်ရှာကြစမ်း’

အားလုံးက အမိန့်အတိုင်း အဆောင်တော် အထွက်မှ အသီးသီး ထွက်ခွာသွားကြ၏။

နယ်စားက မှော်ဓားဖိုအားလှမ်းကြည့်ရင်းစိတ်ပျက်နေမိသည်။

နတ်ဒေဝါများ ဖန်ဆင်းထားသလို အစွမ်းထက်မြက်လှသည့် မှော်ဓားဖိုက မကြာခင် တန်ခိုးဆတ္တိများ လျော့လာပေတော့မည်။

သူ့အတွက်တော့ မှော်ဓားမကိုသာ ရှာမတွေ့ခဲ့ပါလျှင် သည်ဓားဏ သာမန်ဓားတစ်ချောင်းလောက်သာ စွမ်းဆောင်နိုင်ရှိလောက်သာ အသုံးဝင်တော့မည်။

သိုင်းလောကတစ်ခုလုံးကို မှော်ဓားရှင်ဆိုသော ဩဇာအရှိန်အဝါနှင့် ဘယ်နည်းနှင့်မှ ခြိမ်းခြောက်ပလွှားနိုင်တော့မည်မဟုတ်။



အပွဲပွဲနဲ့လာသမျှ မဟာအရှက်တော် ကွဲလောက်အောင် အရှုံးနှင့်သာ ရင်ဆိုင်ရပေတော့မည်။

မှော်ဓားကို ဖန်ဆင်းခိုင်းမိလိုက်တာ သူ့အတွက် မှားချေပြီ။

မှော်ဓားမသာ အခြားသိုင်းသမားတစ်ယောက်၏ လက်ထဲ ရောက်ရှိသွားခဲ့လျှင် သူ့အား အချိန်မရွေး စိန်ခေါ်ခြောက်လှန့်လာနိုင်သည်။

မှော်ဓားဖိုနှင့် မှော်ဓားမ နှစ်ချောင်းစလုံး ရရှိခဲ့မှ သူ့အတွက် သာဝရ စိတ်အေးရပေလိမ့်မည်။

မှော်ဓားမက ချူယ°ကိုနှင့်အတူ ပြန်လည်ရှာတွေ့နိုင်ပါမည်လား။

အကယ်၍ ရှာမတွေ့ခဲ့လျှင် ရှေ့ဆက် မှော်ဓားဖို တစ်ချောင်းနှင့် သိုင်းလောကကို မည်သို့ ရင်ဆိုင်ရမည်နည်း။

**မိုးကြိုးအဆိပ်**

ချူယိကို သတိမေ့မြောနေသည်မှာ သုံးရက်ခန့်ရှိသွားပြီဖြစ်၏။

စီလင်ရှုက သူမအား နှင်းတောင်ဘွားဘွားဝထံသို့ ခေါ်လာခဲ့သည်။

ဘွားဘွားဝ အနေနှင့် ဒဏ်ရာကို ခန့်မှန်းကြည့်ရုံနှင့် မည်သို့သော လက်နက်မျိုးနှင့် ဆေးအန္တရာယ်သင့်လာသည်ကို အတွေ့အကြုံအရ ချက်ချင်း သိရှိလိုက်၏။

အနာမရင်းစေရန်အတွက် ဆေးရွက်များ အုံပေးခဲ့၏။

ဘွားဘွားဝ ကာ စီလင်ရှုအား သားအရင်းလို သံယောဇဉ်တွယ်တာသူဖြစ်၍ သူကယ်တင်လာသည့် မိန်းမပျိုလေးနှင့် ပတ်သက်၍ အစွမ်းကုန်ကူညီပေးရှာ၏။

စီလင်ရှု စိုးရိမ်ပူကြီး ဖြစ်နေသည်ကို မြင်တွေ့ရသည့်အခါ ဘွားဘွားဝ စိတ်မကောင်း ဖြစ်ရသည်။

သတိမေ့ မြောနေသည့် ချူယိုကိုက တက်ဖျားကျဖျား မနှိုးတစ်ခါတစ်ရံ ကိုယ်တွေ့ခြစ်ခြစ်တောက်အောင် ပူပြီး ဝေဒနာကို လူးလိမ့်ခံစားနေရသည်က မြင်ရသူ စိတ်မချမ်းသာဖွယ် ဖြစ်သည်။

ယက်မောင်း၌ အနီပြောက်ကလေးများ ပေါ်လာစပြုချိန်အထိ သတိတစ်ချက် မရတစ်ချက် ဖြစ်နေသည့်အခါ ဘွားဘွားဝ လူနာ၏ အခြေအနေကို ကွယ်ဝှက်ထားဖို့မသင့်ဟု ယူဆသဖြင့် စီလင်ရှုအား ဖွင့်တိုင်ပင်ရတော့သည်။

'ကလေးမလေး အခြေအနေကို ဘွားဘွားအနေနဲ့ သိပ်မဟန်ဘူးထင်တယ် သား'

'ဗျာ....'

မမျှော်လင့်သော စကားကြောင့် စီလင်ရှု တုန်လှုပ်ချောက်ချားသွားခဲ့၏။

'ဟုတ်တယ်....သူဘာဖြစ်လာတယ် ဘယ်လိုဝေဒနာခံစားနေရတယ်ဆိုတာ ဘွားဘွား အားလုံး သိပြီးသားပဲ၊ မိုးကြိုးအဆိပ်ကို ထိတွေ့ခံစားရတဲ့ သူပေါ့ကွယ်'

'ဘယ်လို မိုးကြိုးအဆိပ် ဟုတ်လား၊ သားနားလည်အောင် ရှင်းပြပါဦး ဘွားဘွားရယ်'



'မိုးကြိုးအဆိပ်ဟာ လူမပြောနဲ့ တိရစ္ဆာန်အရိုင်းအစိုင်းတွေတောင်မှ ထိမိရင် လောကကြီးထဲ ကြာရှည်စွာ အသက်ရှင်နေထိုင်ခွင့် မပေးနိုင်ဘူး လူလေး'

ဘွားဘွားဝ ပြောသော စကားကို စိတ်ဝင်တစား နားထောင်နေမိသည်။

သူ့တစ်သက်နှင့်တစ်ကိုယ် မိုးကြိုးအဆိပ် ဆိုတာကို မကြားဘူးခဲ့။

'မိုးကြိုးတောင်ဟာ နှင်းတောင်တန်းရဲ့ အမြင့်ဆုံးတောင်တန်း တစ်ခုပဲကွယ့်၊ ကောင်းကင်ဘုံပေါ်က မိုးကြိုးပစ်ချလိုက်တိုင်း ဒီတောင်တန်းကြီးကို အမြဲတမ်း ထိမှန်သေ့ရှိတယ်။

'ဒါကြောင့် အဲဒီတောင်တန်းပေါ်မှာ လူသတ္တဝါတွေ မနေရဲကြဘူး၊ တောမီးကလဲ မကြာခဏဆိုသလို လောင်ကျွမ်းတတ်လေတော့ ကျိန်စာသင့်တောင်လို့တောင် ခေါ်ကြသေးတယ်လေ'

'မိုးကြိုး အကြိမ်ပေါင်းများစွာ ပစ်တိုင်း မလွဲတမ်းထိမှန်တတ်တဲ့ တောင်ပေါ်က ကျောက်ဆောင်တွေ အပင်ကြီးတွေမှာ မိုးကြိုးသွားတွေ ကပ်ငြိနေတတ်တယ်။

'အပင်တွေက ညှိုးရော်သေဆုံးခဲ့ပေမယ့် တစ်နှစ်ပတ်လုံး ပြောင်းလဲနေတတ်တဲ့ ရာသီတွေရဲ့ ပြုပြင်မှုကြောင့် မိုးကြိုးသွားတွေဟာ ဓာတ်သဘာဝပြောင်းပြီး အဆိပ်ပြင်းတဲ့ဆူးချွန်ကြီးတွေလို ဖြစ်လာခဲ့တယ်။

'အဲဒီ ဆူးချွန်ကြီးတွေနဲ့ အစာရှာသွားတဲ့ သတ္တဝါကောင်ကြီးတွေဟာ စူးမိပြီး အဆိပ်သင့် သေဆုံးနေတာကို လူတွေဟာ တွေ့ရလို့ မိုးကြိုးအဆိပ်ကို လူလူချင်း အန္တရာယ်ပေးနိုင်ဆုံး အရာအဖြစ် အသုံးပြုလာခဲ့ကြတာပေါ့ကွယ်'

ဘွားဘွားဝ ပြောပြသဖြင့် ကြောက်စရာကောင်းဆုံး မိုးကြိုး အဆိပ်အကြောင်းကို စုံလင်စွာ သိလိုက်ရသဖြင့် မိန်းမပျိုလေးအတွက် ကြေကွဲဝမ်းနည်းလို့ မဆုံးခဲ့။

'အဲဒီ မိုးကြိုးအဆိပ်မိတဲ့သူကို ဘယ်လိုမှ ကုသလို့ မရတော့ဘူးလားဟင်'

ဘွားဘွားဝ က ပြုံးလိုက်၏။

သူမည်မျှ စိုးရိမ်သောကရောက်နေသည်ကို သိသဖြင့်....

ကုလို့ရတယ်'

သူ ဝမ်းသာသွားခဲ့၏။

'ဘယ်လို ကုသရသလဲဟင်၊ ဘယ်မှာ သွားကုရမှာလဲ ဘွားဘွားရယ်'

ကလေးတစ်ယောက်လို ဘွားဘွားဝ အနားသို့ကပ်၍ တဖွဖွ မေးလိုက်မိသည်။

ဘွားဘွားဝ က သူ့ကိုတစ်လှည့် မေ့မြောနေသူ ချူယီကို ကိုတစ်လှည့်ကြည့်ရင်း သက်ပြင်းကို ချလိုက်မိသည်။

'လူလေးက ကောင်မလေးအပေါ် အတော့်ကို သံယောဇဉ် ဖြစ်နေတာကိုး'

'မဟုတ်ပါဘူး ဘွားဘွားရယ်၊ အသက်တစ်ချောင်းကို ကျွန်တော် ကယ်တင်ချင်လို့ပါ'



ဘွားဘွားဝ ကို မညာချင်ပေမယ့် လိမ်ညာ ပြောဆိုလိုက်သည့်အတွက် သူ့စိတ်ကို မလုံမခြုံ ဖြစ်သွားမိသည်။

အမှန်တော့ ဘွားဘွားဝ က သိုင်းပညာကလွဲ၍ သူ့ကို တခြား ဘာကိုမှ စိတ်မဝင်စားစေချင်ခဲ့။

ချူယီကိုအား နှင်းတောင်သို့ ခေါ်လာကတည်းက ဘွားဘွားဝ မျက်နှာမကောင်းလှ။

ဒုက္ခခံစားနေရသည့် ဝေဒနာသည်တစ်ဦးဖြစ်၍ လက်မခံချင်လို့မရ။

လူမှုရေးအရ လက်ခံရပြန်သည်။

ဘွားဘွားဝ သူ့အပေါ် ထားသည့်စေတနာက အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်စေချင်သည်သာ အဓိကဖြစ်၏။

'လူလေး သူ့အသက်ကို ကယ်ဖို့အတွက် အများကြီး ဒုက္ခဆင်းရဲ ခံရလိမ့်မယ်'

'ဒါတောင်မှ သူ့အသက် ရှင်ဖို့ မရှင်ဖို့ဆိုတာ ကျိန်းသေတွက်ထားလို့ မရနိုင်သေးဘူးကွယ်'

ဘွားဘွားဝ က သူ့အား ထပ်မံ၍ သွေးတိုးစမ်းသည့်အနေနှင့် စကားကို လေးနက်စွာ ဆိုလာပြန်သည်။

'ကိစ္စမရှိပါဘူး ဘွားဘွားရယ်၊ သား အားလုံးကို ရင်ဆိုင်ဝံ့ပါတယ်'

သူက ပွင့်လင်းစွာ တုံ့ပြန်ပြောဆိုလိုက်၏။

ဘွားဘွားဝ က စီလင်ရှ ပြောပြချက်အပေါ် လုံးဝယုံစားသွားပြီဟု နားလည်လိုက်မိ၏။

အဝေးတောင်တန်းကြီး တစ်ခုဆီသို့ အကြောင်းမဲ့ ငေးကြည့်နေမိရင်း သူသိချင်သော အဆိပ်ဖြေ ကုသပေးနိုင်မည့် ကိစ္စအား လေးနက်စွာ စဉ်းစားနေသည်။

'အေးလေ....ဝါသားက သူ့ရောဂါကို ကုနိုင် မကုနိုင်ဆိုတာကို ဆုံးဖြတ်ချင်သာဆိုရင်တော့ ရွှေကြိုးကြာ ဝမ်လန်းစံဆီ အရောက်သွားလိုက်ပေါ့'

'သူက အဆိပ်နဲ့ ပတ်သက်လာရင် သမားတော်တစ်ဦးလို တတ်ကျွမ်းနားလည်သူပဲ၊ လောလောဆယ် ကောင်မလေး သတိရမှ ခရီးကို ဆက်လို့ရလိမ့်မယ်'

ဘွားဘွားဝ က စီလင်ရှု စိတ်ချမ်းသာရေးအတွက် အကြံဉာဏ်များ ပေးလိုက်လေသည်။

ချူယီကို သတိအနည်းငယ် ရစပြုလာပြီ။

အနာကျက်၍ ထူထူထောင်ထောင် ရှိသလိုလို ဖြစ်လာခဲ့သည်။

သို့ပေမယ့် တစ်ချက် တစ်ချက် ရင်ထဲ၌ ပြောင်းဆန်အောင် ငရဲမီးနှင့် အမြှိုက်ခံနေရသလို ခံစားနေရသည်၊ ထိုအခါမျိုး၌ ကိုယ်ပူရှိန်က တော်တော်နှင့် မကျနိုင်။

ချူယီကိုက ဝေဒနာကြောင့် အတိတ်ကို မေ့လျော့ချင်သလို ဖြစ်လာသည်။

သူ့အသက်ကို ကယ်ဘင်ခဲ့သူ စီလင်ရှုအား ကျေးဇူးတင်မိသလို ဘွားဘွားဝ အား ကြည်ညိုလေးစားမိ၏။

ခက်သည်က အတိတ်ကဖြစ်ပျက်ခဲ့သမျှကို ပြည့်စုံစွာ ပြောမပြနိုင်ခြင်း ကိစ္စပင်ဖြစ်၏။



ဘွားဘွားဝ က ချူယီကိုအပေါ် မဆက်ချင်သလိုလို ဖြစ်လာခဲ့သည်။

'ချူယီကို ကြည့်ရတာ အတိတ်ကို မေ့လျော့နေသူ တစ်ယောက်နဲ့မတူဘဲ အတိတ်ကို ဖုံးကွယ်ထားပုံရတယ် သား'

ချူယီကိုနှင့်ပတ်သက်၍ စီလင်ရှုအား ပွင့်လင်းစွာ တိုင်ပင်ပြောဆိုလိုက်မိ၏။

'မဖြစ်နိုင်ပါဘူး ဘွားဘွားရယ်၊ အန္တရာယ်တစ်ခုနဲ့ ရင်ဆိုင်ခဲ့ရလို့ သွေးပျက်ကြောက်လန့်နေတာ ဖြစ်ပါလိမ့်မယ်'

စီလင်ရှုက ဘွားဘွားဝ သံသယ ကင်းရှင်းသွားစေရန် စကားလမ်းကြောင်းပြောင်း၍ ပြောဆိုလိုက်၏။

ဘွားဘွားဝ က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

ပြီးမှ မြွေရိုးတပ် ဆောင်ဝှေးကို အားပြုလျက် ဆက်လျှောက်လာခဲ့ရင်း....

'လူဟာ သစ်ပင်ထက် ခန့်မှန်းရ အခက်ဆုံးပဲ လူလေး'

'သူဟာ ဝေဒနာ ခံစားနေရတဲ့ လူနာတစ်ယောက် ဘဝရဲ့ ကံကြမ္မာကို ဘယ်လိုရွှေ့ဆက်ရမယ်မှန်းမရေရာသေးတဲ့ လူဆိုတာ သူ့ကိုယ်သူ နားလည်ထားပုံရတယ်'

'ဒါကြောင့် အတိတ်ကို မေ့လျော့ချင်သယောင်၊ အရာရာကို ဖုံးကွယ်ပြီး သူ့ရင်ထဲ လျှို့ဝှက်ချက် တစ်ခုကို ဘယ်သူမှ မသိရအောင် ဟန်ဆောင်နေသလိုလိုပါပဲ'

ဘွားဘွားဝ က ချူယီကိုနှင့်ပတ်သက်၍ လူကဲခတ် မည့်ကြောင်း သူ သိထားပြီးဖြစ်၏။

သို့ပေမယ့် သူကိုယ်တိုင် နှင်းတောင်သို့ အဆက်ဆက်ကာ လာခဲ့ရပေမယ့် ချူယ်ကို၏ အတိတ်က ဖြစ်ပျက်ခဲ့သမျှကို လုံးဝ မသိခဲ့ရသေး၊ လူဆိုးလား လူကောင်းလား မခွဲခြားနိုင်သေး၊ ချူယ်ကိုအပေါ် သူ သနားသည်၊ စွဲလမ်းသည်။

ထို့ကြောင့် ကရုဏာစိတ်ဖြင့် သူ့ခန္ဓာကိုယ်ထဲမှ မိုးကြိုးအဆိပ်များကို ငွေကြိုးကြာ ဝမ်လန်းစံထံ၌ သွားဆေးကုသပေးရန် စီစဉ်နေဆဲ ဖြစ်သည်။

ထိုအခြေအနေမျိုး၌ ချူယ်ကိုအား ဘွားဘွားဝ အကဲခတ် ကြည့်ရှုသည့်အတိုင်းသာ မှန်ကန်နေမည်ဆိုပါက ဘယ်နည်းနဲ့မှ အတိတ်မေ့လျော့နေသူ မဖြစ်နိုင်။

( ၃၁ )

**ငွေကြိုးကြာထံ ဆေးကုခြင်း**

ငွေကြိုးကြာ ဝမ်လန်းစံထံသို့ နှစ်ယောက်သား ထွက်လာခဲ့သည်။

ငွေကြိုးကြာ ဝမ်လန်းစံက သူနှင့် မောင်နှမလိုခင်တွယ်ရသည့်သူ ဖြစ်၏။

နှင်းတောင် ဘွားဘွားဝ ထံတွင် အတွင်းအားပညာကို လာရောက်သင်ကြားရင်း တစ်ဦးနှင့်တစ်ဦး အလွန်ရင်းနှီးခဲ့ကြ၏။

ဝမ်လန်းစံက မိဘများ၏ ဆန္ဒအရ ဆေးကုသခြင်းအလုပ်ကို ရွေးချယ်၍ တောင်ပေါ်ကျောက်ဂူ တစ်ခုထဲတွင် နေထိုင်သူ ဖြစ်၏။

တောထဲတောင်ထဲတွင် လှည့်ပတ်သွားလာရင်း ဆေးမြစ်များနှင့် ဆေးကျေပျက်စီးနေသည့် တိရစ္ဆာန်များ၏ သွေးသား သည်းခြေတို့ကို ရှာဖွေလျက် အသက်ရှည်ဆေးကို နှစ်ပေါင်းများစွာ ဖော်စပ်နေရှာသူ ဖြစ်၏။

ထို့ကြောင့် မိုးကြိုးအဆိပ်ဖြေဆေးနှင့် ပတ်သက်လာလျှင် သူ ကောင်းကောင်း သိနားလည်နိုင်လိမ့်မည်ဟု ဘွားဘွားဝ လမ်းညွှန်လိုက်သဖြင့် နှစ်ယောက်သား ခရီးထွက်လာခဲ့ခြင်း ဖြစ်၏။

လမ်းခရီး၌ အရိပ်ခိုနားရင်း ချူယီကို၏ မျက်နှာလေးကို ငေးကြည့်လိုက်မိသည်။

သူမဟာ ခရီးပန်းလွန်းသဖြင့် ညှိုးနွမ်းစ ပြုလာခဲ့လေပြီ။

သူမ၏ အလှအပများ ယို့ယွင်းစ, ပြုလာကြောင်းကို သတိထားမိ၏။

မျက်နှာပေါ်တွင် အညိုရောင် အစက်အပြောက်များ ပေါ်လာတတ်ပြီး တစ်ခါတစ်ရံ အဆိပ်သွေးတို့ ဆူပွက်လာသည့်အခါ မူးဝေလဲကျသွားမတတ် ဖြစ်တတ်၏။

'နည်းနည်းလေးတောင်မှ အတိတ်ကို သတိမရတော့ဘူးလားကွယ်'

စီလင်ရှု၏ အမေးကြောင့် ချူယီကို ရင်ထဲထိက်ခနဲဖြစ်သွားမိသည်။



မှော်ခါးနှင့် ပတ်သက်နေသမျှ မည်သူ့ကိုမှ အသိမပေးလိုသဖြင့် အတိတ်ကို မေ့လျော့ချင်ဟန် ဆောင်နေခဲ့သည်။

စီလင်ရှုက သူ၏အသက်သခင် ကျေးဇူးရှင် ဖြစ်သော်လည်း သူနှင့်ပတ်သက်၍ ပြည့်စုံစွာ မသိရှိခဲ့ရသေး။

တစ်ခါက ဆုံစည်းခဲ့ရသည်ကို သူမ မမေ့သေး။

ထိုအချိန်ကတည်းက သူမအပေါ် စိတ်ဝင်စားစွာ ကြည့်ရှုသော သူ့မျက်ဝန်းတစ်စုံကို မေ့ပျောက်ပစ်ဖို့ မလွယ်နိုင်သေးခဲ့။

'ခေါင်းထဲ မှတ်မိချင်သလိုလိုဖြစ်လာပြီး တဖြည်းဖြည်း ပြန်ပျောက်သွားတတ်တာပဲ အစ်ကို၊ အခုထိတော့ ဘယ်က ဘယ်လို ဖြစ်လာသလဲဆိုတာကို ရေရေရာရာ မပြောတတ်သေးပါဘူး'

အသံကိုထိန်းရင်း ယုတ္တိရှိအောင် စကားကိုတစ်လုံးချင်း အစပြု ပြောပြနေသည်။

စီလင်ရှုကတော့ သူနှင့်ပတ်သက်သမျှ စိတ်ချယုံကြည်ထားသူမို့ ရိပ်မိဟန် မတူချေ။

'မကြာခင် နေထိုင်ကောင်းသွားမှာပေါ့'

စီလင်ရှုက အားပေးဖြေသိမ့် ပြောဆိုလိုက်၏။

'အခု ဆေးသွားကုမယ့် ငွေကြိုးကြာ ဝမ်လန်းစံဟာ ဗီနယ်တစ်ဝိုက်မှာတော့ အတော့်ကို အစွမ်းထက်မြက်တဲ့ ဆေးဆရာ တစ်ဦးပဲပေါ့၊ အဆိပ်သင့်တဲ့လူနာတိုင်းကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်တယ်လေ'

စိလင်ရှကာ အားတက်ရော ပြောဆိုနေသလောက် ချူ ယင်ကိုကတော့ ညှိုးငယ်နေရဆဲ။

သူခံစားရသည့်ဝေဒနာကို ဘယ်သူမှကယ်တင်နိုင်လိမ့်မည် မဟုတ်ဟု နားလည်ထားမိသည်။

ငွေကြိုးကြာ ဝမ်လန်းစံဆိုသောနာမည်ကို စတာဝ်ရင်းနှံခွင့် ရရှိပေမယ့် ဘယ်လို လူတန်းစားမျိုးဆိုတာ မသိနိုင်သေး။

ဆေးကုသမည့်နေရာသို့ သူ မြန်မြန်ရောက်ချင်လှပြီ၊ မိုးကြိုးအဆိပ်များ မြန်မြန် ထုတ်ပစ်ချင်လှပါပြီ။

( ၄၂ )

ငွေကြိုးကြာ ဝမ်လန်းစံ

နာမည်နှင့်လူ မလိုက်ဖက်လှအောင် နုပျိုငယ်ရွယ်လွန်းလှသည်။ လိုဏ်ဂူတစ်ခုလုံးက ဆေးနံ့များ သင်းထွက်နေ၏။

အဝေင်းရောင်ပျပျအောက်၌ အဖြူရောင် ဝတ်စုံအား ဆင်မြန်းထားသည့် သူ့ကို မပီဝိုးတဝါး မြင်လိုက်ရလေ၏။

သူ၏ မျက်လုံးများက နက်မှောင် ရွှန်းလက်နေပြီး ရှည်လျားသော ဆံနွယ်များကို ဖားလျားချလျက် ချူယင်ကို အားစိုက်ကြည့်နေသည်။

'ကဲ....အထဲကိုလိုက်ခဲ့'

စကားကို ပြတ်သားစွာ ပြောဆို၍ အတွင်းဥမင်တစ်ခုရှိ ဆေးစီရင်ခန်းထဲသို့ ဦးဆောင် ခေါ်လာခဲ့သည်။

ဆေးစီရင်ခန်းတစ်ခုလုံးက မြင်ရှုနှင့်ပင် ကြောက်လန့်တုန်လှုပ်ဖွယ် ကောင်းလှပေသည်။

မြွေအရေခွံခြောက်များ၊ တိရစ္ဆာန်ဦးချိုများ၊ ရုပ်ကြွင်းဥခွံများနှင့် တစ်ခန်းလုံး ရှုပ်ထွေးနေသည်။

'ကဲ….ဟောဟို ကျောက်ခုတင်ပေါ်မှာ အိပ်လိုက်စမ်း'

ဆေးရွက်ခြောက်များ ခင်းထားသည့် ကျောက်ခုတင်ကြီးတစ်လုံးပေါ်၌ ခိုင်းစေသည့်အတိုင်း လှဲအိပ်လိုက်သည်။

သေတ္တာတစ်လုံးကို ဝမ်လန်းစံက ယူလာသည်။ သေတ္တာထဲမှ သေးငယ်သော အပ်ကလေးများကို ထုတ်ယူရင်းများဖယောင်းတိုင်မီးနှင့် ကင်လိုက်လေသည်။

အပ်ကလေးများ နီရဲစပြုလာခဲ့လေပြီ။

ပူလောင်နေသည့် အပ်ဖျားလေးများပေါ်သို့ ဆေးနီရည်တစ်မျိုးကို လောင်းချလိုက်၏။

အပူနှင့်အအေး ထိတွေ့မှုကြောင့် ရှဲခနဲ ဖြစ်သွားရှာလေပြီ။

ထိုအပ်တစ်ချောင်းချင်းကို ယူလာသည်။

ထို့နောက် ကျောပေါ်သို့ လုံးဝနောက်ကျင်မှု မရှိစေရန် ဆေးရည်တစ်မျိုးကို သုတ်လိမ်းလိုက်သည်။

အရည်ပြားအတွင်းသို့ ချွန်မြသော အပ်ကလေးများကို စိတ်ရှည်လက်ရှည် ညီညာစွာ စိုက်လေသည်။

အပ်များ ထိုးစိုက်နေသည့်တိုင် နာကျင်မှု ဝေဒနာကို လုံးဝမခံစားရဘဲ ခန္ဓာကိုယ် သွေးကြောထဲမှ ယားကျိကျိဖြစ်လာသည်။



'အို….ငြိမ်ငြိမ်နေစမ်း'

လူးလွန့်စပြုလာသည့် သူ့ခန္ဓာကိုယ်အား မလှုပ်ရှားနိုင်အောင် ထိန်းချုပ်ရင်း လှမ်းဟောက်နေပြန်သည်။

ချူယင်ကို အယ်လိုမှငြိမ်သက်စွာမနေနိုင်တော့၊ ခန္ဓာကိုယ်အတွင်းမှ ပြင်းပြင်းထန်ထန် ဖောက်ပြန်စ ပြုလာလေပြီ၊

'အား….လွှတ်….လွှတ်'

မနေနိုင်သည့်အဆုံး ရုန်းကန်ထွက်ဖို့ အတင်းအကျပ်ကြိုးစားလိုက်မိသည်။

ဝမ်လန်းစံက ဝေဒနာရှင် အများကို ကုသပေးခဲ့ရသည့် အတွေ့အကြုံ ရှိထားခဲ့သူမို့ ချူယင်ကိုအား ကျောက်ခုတင်ပေါ်၌ ကြိုးနှင့်ရစ်ပတ် တုပ်နှောင် ထားလိုက်သည်။

အပ်ဖျားလေးများ ထိုးစိုက်ထားသည့် အပ်ခေါင်းဝမှာ ညိုပုပ်ပုပ် သွေးများ ပွက်ပွက်ဆူအောင် ထွက်လာခဲ့လေပြီ။

အဆိပ်သွေးပုပ်များ ထွက်လာခဲ့လေပြီ။

ချူယင်ကို တစ်ကိုယ်လုံးရှိ အားအင်များ ယုတ်လျော့သွားသလို ခံစားလိုက်ရသည်။

ထို့နောက် သူ သတိ မေ့သွားခဲ့ရလေပြီ။

ငွေကြိုးကြာ ဝမ်လန်းစံ၏ စကားကြောင့် စီလင်ရှဘာမှ မြန်မပြောနိုင်အောင် တွေဝေသွားမိသည်။

မျှော်လင့်တကြီး ဆေးကုသမှုန် ရောက်ရှိလာခဲ့ပေမယ့် ချူယင်ကို အခြေအနေ မကောင်းသေးပေ။

'ကျန်နေတဲ့ အဆိပ်သွေးပုပ်တွေကို ရက်ပိုင်းအတွင်း ဖောက်ထုတ်ဖို့ မဖြစ်နိုင်တော့ဘူးလား….ဝမ်'

ဝမ်က ခေါင်းခါပြလိုက်သည်။ ချူယာ ကိုက နားမလည်ဟန်နှင့် မျက်မှောင်ကြုတ်ကြည့်လိုက်ရင်း....

'အဲဒီလိုဆို လူနာအတွက် မျှော်လင့်ချက်လုံးဝ မရှိတော့ဘူးပေါ့ ဟုတ်လား'

ဝမ်လန်းစံက မဖြေချင်သလိုလို နှုတ်ဆိတ်နေလိုက်၏။ မင်္ဂလာမရှိသောစကား သူဘယ်တော့မှ ထပ်ဖန်ဖန် တလဲလဲ မပြောလိုမှန်းကို စီလင်ရှု အသိဆုံးဖြစ်သည်။

ဟာခုကိစ္စတွင် အလွန်ရင်းနှီးသည့် မိတ်ဆွေတစ်ယောက် ခေါ်ဆောင်လာသည့် လူနာကို ကုသရခြင်း ဖြစ်သဖြင့် မပြောသင့်မပြောအပ်သည့်ကိစ္စကို ရင်းနှီး ပွင့်လင်းစွာ ပြောပြလိုက်ရသည့်အတွက် စိတ်မကောင်း ဖြစ်နေမိသည်။

ချူယာ ကိုအတွက် စီလင်ရှု မည်မျှပင် သောကရောက်နေကြောင်းကို မြင်ရုံနှင့် သိရှိနားလည်ခဲ့ရပြီးဖြစ်၏။

ထို့ကြောင့် ဝမ်လန်းစံ ကိုယ်ချင်း စာနာစိတ်ကြောင့် ပြောရမည့်စကားက မထွက်နိုင်အောင်ဖြစ်ရသည်။

'သူက ခြောက်လအတွင်း သေဆုံးမယ့်လူနာပဲ'

ဝမ်လန်းစံ၏စကားကြောင့် စီလင်ရှု မျက်လုံးအဝိုင်းသား ဖြစ်သွားရှာသည်။

သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်ကြောင်း သတိထားမိလိုက်သည်။

'ဒီကိစ္စကို လူနာမသိဖို့လိုမယ် စီလင်ရှု၊ သူ့ကို လောကထဲ စိတ်ချမ်းချမ်းသာသာနဲ့ နေသွားနိုင်အောင်သာထားလိုက်ပါတော့'



စကား ဆုံးနေပြီဖြစ်သော်လည်း စီလင်ရှု သိလိုသည့်အကြောင်းက မဆုံးနိုင်ရှာသေး။

ဝမ်လန်းစံကို အားကိုး ယုံကြည်စွာ စိုက်ကြည့်လိုက်သည်။

'ဘယ်လိုမှ မကယ်နိုင်တော့ဘူးလား ဝမ်'

'သူ့ကို ဒီမှာပဲထားပြီး ရက် အတော်ကြာအောင် ဆေးကုရလိမ့်မယ် စီလင်ရှု၊ အဆိပ် ဖြေဆေးကို ရှာဖွေဖို့အတွက် စုံစမ်းပေးမယ်၊ ဒဏ်ရာကို သက်သာအောင် ကုလို့ရပေမယ့် အဆိပ်ကို ကုန်အောင် ဖောက်ထုတ်ပစ်ဖို့ မလွယ်ဘူး'

'ဝမ်ရဲ့သဘောအတိုင်းပဲလေ၊ သူ လောကထဲမှာ အသက်ရှင်ခွင့် ရဖို့က အရေးကြီးဆုံးပဲ'

( ၃၃ )

## သမုဒယ

ချူယံကို ဂူဝမှ အလင်းရောင်ပေါ်ထွက်လာသည့် နေလုံးကြီး ငေးကြည့်ရင်း စိတ်ဓာတ် ကျဆင်းလာမိသည်။

ဆိတ်ငြိမ်စွာ နေထိုင်ခြင်းက ရင်ထဲသို့ မီးရဲနှင့်ထိုးနေသလို တမြည့်မြည့်ခံစားရသည်။

အတွေးတိုင်းမှာ သောကမီးတောက်တွေက လောင်ကျွမ်းနေတတ်သည်မို့ ဘယ်တော့မျှမှ ငြိမ်း အေး လိမ့်မည် မဟုတ်။

သူ့ဝေဒနာက ညော်မျှ ကျွမ်းနေသည်ကို မသိနိုင်သေး။

သူ့အပေါ် အကြွင်နှာဘရားကြီးမားစွာ အမြဲ စောင့်ရှောက်တတ်သည့် စီလင်ရှုအား တုံ့ပြန်သည့် အချစ် မေတ္တာတွင် ရင်ထဲ၌ အမြဲကိန်းအောင်းရှိနေတတ်ပေမယ့် သူ့အခြေအနေက လောကထဲ မည်မျှနေရမည်ကို မသိနိုင်သေး။

ထို့ကြောင့် နှလုံးသားမှ နားလည်နေသော စကားလေးများကို ဖွင့်ဟရခက်နေမိသည်။

တစ်ခါတလေ သူ့ အဖြစ်မှန်ကို ပွင့်လင်းစွာဖွင့်ဟလိုက်ရမည်လားဟု စဉ်းစားမိ၏။

သို့ပေမယ့် သူ ထိန်ချန်ထားသည့်အတိတ်၊ သူ ဟန်ဆောင်ခဲ့သည့်ဘဝကို စီလင်ရှုအား အမှန်အတိုင်း သိသွားလျှင် သူ့အပေါ် မည်သို့သဘောထားလေမည်နည်း။

အကယ်၍သာ သူမအပေါ် လိမ်ညာသူ တစ်ယောက်အဖြစ် မုန်းတီးသွားလျှင် ခက်ပေလိမ့်မည်။

ချူယီကိုတစ်ယောက်တည်း တွေးနေမိရင်း အထီးကျန်ဆန်သော သူ့ဘဝကို ဆွေးမြည့်စွာ ခံစားမိလာသလိုရှိလာသဖြင့် စိတ်ပြေလက်ပျောက် လမ်းလျှောက် ထွက်လာခဲ့မိသည်။

အပြင်၌ မိုးငွေ့များရောစွက်ပါလာသည့်လေက တဟူးဟူးနှင့် တိုက်ခတ်နေသည်။

အပင်များပေါ် အုံ့ဆိုင်းနေသည့် မြူနှင်းများကိုလှုပ်ခါပစ်လိုက်သလို သည်းထန်စွာ ကျရောက်လျက်ရှိ၏။

အလွမ်းဓာတ်ခံရှိသူအား နှလုံးသား ပြိုဆင်းစေမည့် မြင်ကွင်း။



ပန်းဆန်းသောလေကို ရှူလိုက်ရသဖြင့် ရင်ထဲ အနည်းငယ် အေးမြသွားသလို ဖြစ်သွားမိသည်။

တောလမ်းကလေးမှ လှုရိပ်နှစ်ခုကို တွေ့လိုက်ရသဖြင့် သစ်ပင်၏နောက်၌ အသာပုန်း၍ နေလိုက်၏။

လူနှစ်ယောက်စလုံး သူရှိရာသို့ ဦးတည်လျှောက်လာနေကြသည်။

မည်သူမည်ဝါဆိုတာတော့ မသဲကွဲသေး။

'သူ့အတွက် စိတ်မကောင်းတာ အမှန်ပါပဲ ဝမ်၊ အခုထိဘာမှ ထူးထူးခြားခြား စုံစမ်းလို့ မရသေးဘူးလားဟင်'

မရသေးဘူး စီလင်ရှု၊ နင့်ကောင်မလေးအတွက် ဒီလောက်တောင်ပဲ စိတ်ပူပန်နေရသလား'

ငွေကြိုးကြာ ဝမ်လန်းစံ၏ စကားကြောင့် စီလင်ရှုတစ်ယောက် ရှက်ကိုးရှက်ကန်းဖြစ်သွားမိသည်။

'ဟာ....မဟုတ်ပါဘူး ဝမ်ရယ်၊ ရိုးရိုးသံယောဇဉ် ဖြစ်နေမိတာပါ'

နင့် မျက်လုံးတွေက အဖြေတစ်ခုပေးနေပြီပဲ၊ ဆက်ပြီး လိမ်ညာမနေပါနဲ့ စီလင်ရှုရယ်'

ပြောဆိုနေသံကို သစ်ပင်နောက်ကွယ်မှ အတိုင်းသားကြားနေရသည့် အတွက် ချူယီကို မလုံမလဲ ဖြစ်နေမိသည်။

မိန်းမသားချင်းမို့ ဝမ်လန်းစံ တစ်ယောက် စီလင်ရှုအပေါ် ဘာကြောင့်မေးနေသည်ကို ခန့်မှန်း ကြည့်ရှုနိုင်သိသည်။

အမှန်တော့ ဝမ်လန်းစုံက စီလင်ရှုအပေါ် တိတ်တခိုး ချစ်နေသူသာ ဖြစ်ရမည်ဟု သူမ နားလည်လိုက်မိ၏။

'အဲဒါတော့ ပြောမနေပါနဲ့ ဝမ်ရယ်၊ ဒုက္ခရောက်သူကို တော်ကြာ စေတနာအလျောက် ကယ်ဆင်ရာ မရောက်ဘဲ သူကြားသွားလို့ မုန်းသွားပါဦးမယ်'

'နင်မကြိုက်ရင် ငါမပြောတော့ပါဘူးလေ၊ ငါ့ဘက်က တော့ ဆေးကုပေးမယ်၊ သူ စိတ်ချမ်းသာအောင် ထားပေးမယ်၊ ဒါဆို တာဝန်ကျေရော မဟုတ်လား'

နှစ်ယောက်စလုံး စကားတပြောပြော နှင့်သူပုန်းနေသော နေရာသို့ ကျော်ဖြတ်သွားကြလေသည်။

ချူယိကို ကြားခဲ့သမျှ တအံ့တသြဖြစ်ရသည်။

စီလွင်ရှုနှင့် ဝမ်လန်းစုံတို့၏ ရင်းနှီးမှုအတိုင်းအတာအရ တစ်ယောက်နှင့်တစ်ယောက် ဖွင့်ဟမပြောသာသောအချစ်တို့ ရင်ထဲမှာ ရှိနေမှာ သေချာသည်။

သူ သည်ကို ဆေးကုလိုက်လာခဲ့ခြင်းက မှားယွင်းနေပြီလား။

တကယ်တော့ ဝမ်လန်းစုံက စိတ်ထားဖြူစင် ဖြည့်ဝသူ တစ်ယောက်သာဖြစ်သည်။

ထို့ကြောင့် သူ့ထက်စာလျှင် စီလင်ရှုနှင့် ထိုက်တန်သူ ဖြစ်သည်ဟု ခံယူမိသည်။

နှစ်ဦးစလုံး အသက်သခင် ကျေးဇူးရှင်များသာဖြစ်ကြ သည်။



လောကကြီးထဲ ခြောက်လလောက်သာ အသက်ရှင် နေထိုင်ခွင့်ရှိသည့် သူ့ဘဝအား စီလင်ရှု စိတ်ဆင်းရဲ ကျန်ရစ်ခဲ့မည့် ကိစ္စမျိုးကို မျှော်လင့်ချက် ပေးမထားချင်ပါ။

'သူ ဘယ်လိုလုပ်ရမည်နည်း'

အားလုံးစိတ်ချမ်းသာဖို့အတွက် သူ သည်နေရာမှ အပြီးအပိုင် ထွက်သွားမှ ဖြစ်တော့မည်။

'ချူယိကိုရေ....ချူယိကို'

စီလင်ရှ၏ အော်သံကို ကြားပမယ့် သူ အသံမပြုခဲ့။ ဖုန်းကွယ်နေသော သစ်ပင်နောက်မှ ကပျာကယာ ထွက်၍ တောင်ကုန်းတစ်ခုဆီသို့ ဦးဒြမပျက် လျှောက်သွားသည်။

နောက်မှ စီလင်ရှ၏ ပြေးလိုက်လာသံကို ကြားလိုက်ရသည်။

'ချူယံကို'

ချူယံကို စောင်းငဲ့ကြည့်လိုက်မိသည်။

သူ ပျောက်သွားသဖြင့် စီလင်ရှုတစ်ယောက် အတော့်ကို ပျာပျာနေပုံရသည်။

'ရှာလိုက်ရတာ ချူယံကိုရယ်၊ ဒီနေ့ အပ်စိုက်ရဦးမှာ မဟုတ်လား'

ချူယံကို ခေါင်းငုံ့ထားရာမှ စီလင်ရှုထံသို့ညှိုးငယ်သော မျက်နှာလေးနှင့် ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

'ဟင့်အင်း....ကျွန်မ ဆက်ပြီး မကုချင်တော့ဘူး'

'ဟင်....ဘယ်လိုဖြစ်ရတာလဲ ချူယံကိုရယ်'

'ဝမ်လန်းစံ ကုပေးနေတာ သက်သာတယ် မဟုတ်လား'

ချူယံကို၏စကားကြောင့် စီလင်ရှုက အရှုတာသက်စွာ လှမ်းမေးလိုက်၏။

'သက်သာပါတယ်၊ ဒါပေမယ့် ကျွန်မ လောကကြီးထဲ ခြောက်လလောက်ပဲ နေရမယ့်သူပါရှင်၊ ဘာကြောင့်များ ကျွန်မအတွက် ဒုက္ခခံ ကုသပေးနေရတာလဲ စီလင်ရှုရယ်'

'ဘာ....မင်း....မင်းကို ဒီကိစ္စ ဘယ်သူပြောသလဲ'

စီလင်ရှုက ထိတ်ထိတ်ပျာပျာဖြစ်သွားပုံရ၏။

'ဘယ်သူမှ မပြောပါဘူး၊ မိုးကြိုးအဆိပ်နဲ့ ပတ်သက်လို့ ငွေကြိုးကြာ ဝမ်လန်းစံရဲ့ ဆေးမှတ်တမ်းတွေကို ဖတ်မိလို့ သိရတာပါ'

'ဟင်....'

အာမေဍိတ်သံ ပေါ်ထွက်လာရအောင် အံ့ဩရသည်။



ချူယံကိုအား စဉ်းစားဆင်ခြင်တတ်သည့် မျက်လုံးများနှင့် ငေးကြည့်နေမိသည်။

သေမည့်ရက်ကို ကြိုတင်သိရှိနေရသူ ချူယံကိုထံမှ ဘယ်လိုမှ ထူးခြားသော အရိပ်အယောင်မျှ မမြင်မိခဲ့။

စီလင်ရှုက ပြုံးယောင်သမ်းနေသည့် မျက်လုံးများနှင့် ဖြုန်းခနဲ စိုက်ကြည့်လိုက်ရင်း....

'လူရယ်လို့ ဖြစ်လာရင် သေခြင်းတရားနဲ့ မကင်းနိုင်ကြပါဘူးလေ၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ဘယ်လိုပဲ သေဆုံးမယ်လို့ မင်းဘာသာ ယုံကြည်ထားပေမယ့် သေမင်းက လက်မခံရင် မင်း ဘယ်လောက်ပဲ သေချင်တယ်ဆိုလဲ ရှင်သန်နေထိုင်ရဦးမှာပဲ မဟုတ်လား'

'ကျွန်မအတွက် သေတွင်းက ဆယ်တင်နိုင်မယ့်သူ မရှိပါဘူး ရှင်၊ စိတ်ချမ်းသာအောင် ဖြေသိမ့်လှည့်စားနေကြတာပါ'

'ကိုယ်ရှိပါတယ် ချူယံကို'

'ရှင်'

စီလင်ရှုက မထူးတော့သည့် အခြေအနေမို့ ချူယံကို၏ လက်မောင်းလေးကို ချုပ်ကိုင်ရင်း ရဲတင်းစွာ အားပေးလိုက်၏။

ချူယံကို၏ မျက်ဝန်းမှ မျက်ရည်များ ဝေ့ဝဲကျဆင်းစ ပြုလာခဲ့လေပြီ။

သူက ငြိမ်သက် တိတ်ဆိတ်နိုင်လွန်းလှ၏။

အမှောင်ဆုံး ငွေကြိုးကြာ ဝမ်လန်းစံ၏ လိုဏ်ဂူဝန်းကျင် တစ်ဝိုက်၌ မည်သည့်အသံဗလံမှ မကြားရ။

အားလုံး နှစ်ခြိုက် အိပ်မောကျကုန်ကြလေပြီ ဖြစ်၏။

ချူယာကိုတစ်ယောက်က အိပ်စက်မပျော်နိုင်သေး။ နေ့လယ်က အပ်စိက်ကုသ၍ အဆိပ်သွေးပုပ်များကို ထပ်မံ ထုတ်ပေးခဲ့သည်မို့ နေသာထိုင်သာ ရှိလှ၏။

ယခုလည်း အားလုံးအိပ်မောကျချိန်ကို တမင်စောင့်ဆိုင်း၍ ထိုနေရာမှ အပြီးအပိုင် ထွက်ပြေးသွားရန်အတွက် စိတ်ပိုင်း ဖြတ်ပြီးသား ဖြစ်၏။

သူ မကြာခင်သေဆုံးရတော့မည်ဟု သိရှိထားပြီးကတည်းက ဘာကိုမှ ကြောက်လန့်စိတ် မရှိနိုင်တော့။

သူ့အတွက် အားလုံး စိတ်ချမ်းသာနိုင်အောင် အနစ်နာ ခံ၍ ထွက်သွားရန်သာရှိတော့သည် မဟုတ်ပါလား။

ချူယာကို အမှောင်ထဲမှ ဖမ်းတဝါးဝါးနှင့် ခြေသံ မကြားအောင် လျှောက်လာခဲ့မိသည်။

စီလင်ရှူနှင့် ဝမ်လန်းစံတို့က တစ်နေ့တာ ဆေးမြစ်တူးရှာ ဖွေ ခဲ့ရသည့်အတွက် မောပန်းနွမ်းလျစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလောက်ပြီ။

သူတို့နေထိုင်ရာ နေရာလေးက မည်သည့်ရန်သူမှ ရောက် မလာနိုင်မှန်း သိ၍ စိတ်အေးချမ်းသာ အိပ်စက်နေကြခြင်း သာ ဖြစ်၏။



အပြင်ဘက်၌ လမင်းက ထိန်ထိန်သာနေသည်မို့ သူသွား ရမည့် လမ်းတစ်လျှောက်လုံးကို ထင်လင်းပြတ်သားစွာ မြင် တွေ့နိုင်သည်။

လရောင်ဖြန့်ခင်းထားသော ကွင်းပြင်ကြီးကိုဖြတ်၍ အမြန် ဆုံး ထွက်ပြေးလာခဲ့သည်။

'အူ....ဝူ....ဝူ'

တောအုပ်တွင်းသို့မဝင်မီ ဆွဲဆွဲငင်ငင် အူလိုက်သည့် တော ခွေး အူသံများကြောင့် ချူယာကို ကြက်သီးများ ဖြန်းခနဲ ထသွားမိသည်။

အမှန်တော့ သူ၏ဘဝတစ်လျှောက်လုံး သည်လို ညကြီး အချိန်မတော် တစ်ကြိမ်တစ်ခါမှ မစွန့်စားခဲ့ဘူးပါ။

ဂူအတွင်းမှ ယူဆောင်လာသည့် လှံရှည်တစ်ချောင်းကို မိမိရရ ဆုပ်ကိုင်၍ တောအုပ်အတွင်းသို့ အရဲစွန့် ရှေ့ကိုးလာခဲ့ ပြန်သည်။

'ဝုန်း'

ချုံနွယ်များကို အလုအယက် တိုးဝှေ့ရပ်း အမြီးထောင်ဖား ဖားနှင့် ထွက်ပြေးသွားသည့် တောခွေးများကို တွေ့လိုက်ရ သည်။ အမှောင်ထဲမှ ဝင်းလက်တောက်ပသော မျက်လုံးရိုင်း ကြီးများနှင့် ချူယာကိုရှိရာသို့လှန့်မှသဖြင့်စူးစိုက်ကြည့်နေကြ သည်။ သူမ ဘယ်လိုမှ ရှေ့ဆက်ဖို့ မဝံ့ရဲတော့။

သည်တောအုပ်၏ တစ်ဖက်သို့မရောက်မီ တောခွေးများ ၏ အစာ ဖြစ်သွားပေတော့မည်။

ထို့ကြောင့် ဇ်ာက်ကိုလျှော့၍ လှည့်ပြန်လာခဲ့၏။

( ၃၅ )

## မိုးကြိုးတောစင်မှ မောင်နှမ

'ဟေး....စီလင်ရှု'

တောင်ကုန်းပေါ်တွင် စားသောက်ရန် သစ်သီးရှာဖွေထွက်လာသည့် သူ့ကို အဝေးမှ အော်ခေါ်လိုက်သံကြောင့် လှမ်းကြည့်လိုက်မိသည်။

ငွေကြိုးကြာ ဝမ်လန်းစံကတောင်ပတ်လမ်းလေးအတိုင်း သူ့ထံသို့ အမောတကော ပြေးလာခဲ့သည်။

သည်ကနေ့ သူ့အသွင်က အခါတိုင်းနှင့် လုံးဝမတူဘဲ တစ်မူထူးခြားနေသောကြောင့် စီလင်ရှုတစ်ယောက် အရမ်းကို အံ့အားသင့်သွားရ၏။

'ဘာများ ဖြစ်လာပါလိမ့်'

ရှင်ရှင်ပျပျကလေးလို ပြေလာသည့် ဝမ်လန်းစံအား လှမ်းမျှော်ကြည့်နေလိုက်မိသည်။

'ဘာဖြစ်လာရတာလဲ ဝမ်ရယ်'

'နှင့်အတွက် ဝမ်းသာစရာ သတင်းတစ်ခု ကြားလာလို့၊ အဲဒါ ဈေးက အမြန်ဆုံး ပြန်ပြေးလာတာပဲ စီလင်ရှု'

'ဘယ်လို....ဝမ်းသာစရာ ဟုတ်လား'

'ဘာသတင်းများလဲ....ပြောစမ်းပါဦး ဝမ်လန်းစံ'

အထူးအဆန်း ပြောဆိုနေသည့် ဝမ်လန်းစံအား လှမ်းကြည့်ရင်း မေးခွန်းထုတ်လိုက်၏။

'ချူယီကို မသေနိုင်တော့ဘူး သိလား၊ မိုးကြိုးအဆိပ် ဖြေဆေးရနိုင်မယ့်နေရာကို ငါသိခဲ့ရပြီးပြီ'

'ဟင်....'

စီလင်ရှု အံ့ဩရသည်။

'ဘယ်နေရာလဲ၊နင် ဘယ်က သိခဲ့ရတာလဲ....ငါ့ကို သေသေချာချာပြောပြစမ်းပါဦး'

ချက်ချင်းပင် ပျာပျာသလဲ ဖြစ်သွားသည့် စီလင်ရှုအား ဝမ်က ရှုံ့အည်တည်လေး စိုက်ကြည့် ိက်ရင်း....

'ပြောမှာပေါ့ဟယ်၊ နင့်ပုံစံကြည့်ရတာ အဝေးကပြေးလာရတဲ့လူကိုမှ အားမနာ၊ဟင်း....အမောကိုဆို့သွားတာပဲ'

'စိတ်မဆိုးပါနဲ့ ဝမ်ရယ်၊ငါက သိချင်ဇောနဲ့ ဝမ်းသာအားရမေးလိုက်မိတာပါ၊ကဲ....ငါကပဲ တောင်းပန်ပါရစေ၊ နင် ဘယ်လိုသိလာတယ်ဆိုတာ ပြောဦးလေ'



'ငါ ဈေးထဲက ဘွားဘွားဝ ဆီမှာလေ သိုင်းပညာသင်ဖူးတဲ့ သူတစ်ယောက်ထံ မေးမြန်း စုံစမ်းကြည့်ရင်း သိလာခဲ့ရတာပဲ စီလင်ရှု'

'အဲဒီ ဇကာ်ရာမျိုးက သိုင်းလောကမှာ အရှားပါးဆုံး အဆိပ်ကို ဖန်တီးတဲ့ မိုးကြိုးမောင်နှမရဲ့ လက်ချက်ပဲတဲ့'

'မိုးကြိုးမောင်နှမ ဟုတ်လား'

'ဟုတ်တယ်....ဒုစရိုက် ကြေးစားသိုင်းပညာရှင် မိုးကြိုးလက် ဝူစီဆိုတဲ့ မိန်းမနဲ့ ၎င်းရဲ့မိုးကြိုးဝမ်ပင်းဆိုတဲ့ သူ့အစ်ကိုကို ခေါ်ကြတာလေ'

'ဪ....'

စီလင်ရှု ဝမ် ရှင်းပြသမျှကို စိတ်ဝင်တစား နားထောင်ရင်း သဘောပေါက်လာခဲ့၏။

'သူတို့က မိုးကြိုးတောင်မှာ နေကြတယ်၊ ၎င်းရဲ့မိုးကြိုးဟာ နာမည်နဲ့လိုက်အောင် အင်မတန်မှ ခက်ထန်ကြမ်းကြုတ်တဲ့ သိုင်းသမားတစ်ယောက်ပေါ့။

'သူ့ညီမကို သိုင်းလောကထဲ ဖြတ်လမ်းနည်းနဲ့ ဝင်လာနိုင်အောင် မိုးကြိုးအဆိပ်တွေကို ပေးအပ်ခဲ့တယ်လေ၊ အဲ့ဒီ အဆိပ်ကို ဖြေနိုင်ဖို့နည်းလမ်းက သူတို့ထံမှာပဲ ရှိလေတော့ မိုးကြိုးလက် ဝူစီဟာ ဒုစရိုက် သိုင်းသမားအဖြစ် နာမည်ကျော်လာခဲ့တာပေါ့'

ဝမ်က သူသိရှိလာသမျှကို ပြည့်စုံစွာ စိတ်ရှည်လက်ရှည်နှင့် တစ်လုံးချင်း ပြောပြနေရှာသည်။

သူ့အဖေနှင့်လည်း ချူယိကို အသက်ရှင်ခွင့်ရတော့မည် မို့ ရင်ထဲ၌ ဝမ်းသာနေခြင်း ဖြစ်သည်။

'ဆက်ဦးလေ...ဝမ်'

စီလင်ရှုက အားမလိုအားမရ ဖြစ်လာ၍ စကားကိုဆက်ရန် သတိပေးလိုက်သည်။

'ငရဲမိုးကြိုး ဝမ်ပင်းဟာ အဆိပ်သင့်သူတွေအတွက် သူ့မှာရှိတဲ့ မိုးကြိုးပန်းနဲ့ ဖြေဖျောက်မှ ရမယ်ဆိုတာ ကြေညာထားတယ်လေ'

'ဒါဆို အဲဒီ မိုးကြိုးပန်းကို အမြန်ဆုံး သွားယူလိုက်ရုံပဲပေါ့'

'ဟာ....ဘယ်ဖြစ်မှာလဲ စီလင်ရှုရယ်၊ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်က အရှားပါးဆုံး အဆိပ်ဖြေဆေးကို လွယ်လွယ် ပေးမတဲ့လား'

ချူယိကို အသက်ရှင်ခွင့်ရနိုင်မည့် နည်းလမ်းကို သိရှိခဲ့ရသော်လည်း ငရဲမိုးကြိုးဝမ်ပင်းထံ သွားရန် ခက်ခဲနေမိသည်။

မိုးကြိုးတောင်၌ ဘေးရန်မသင့်ဘဲ နေထိုင်ရဲသည့်လူဟူ၍ သူတစ်ယောက်သာ ရှိသည့်အတွက် ဘယ်လို စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်မျိုး ဖြစ်သည်ဆိုတာကို ခန့်မှန်း၍ ရနိုင်လေသည်။

'ခက်တာပဲ ဝမ်၊ မိုးကြိုးပန်းဝတ်ဆံကိုရမှ ဆေးဖော်လို့ ဖြစ်မယ်ဆိုတဲ့ ကိစ္စကြောင့် ဖြစ်တဲ့နည်းနဲ့ ငရဲမိုးကြိုးကို ရင်ဆိုင်ရတော့မှာပဲ'



စီလင်ရှုက နဂိုကတည်းက ကြောက်လန့်တုန်လှုပ်ခြင်းမရှိသူဖြစ်၍ ငရဲမိုးကြိုး ဝမ်ပင်းကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်၏။

အစီအစဉ်များကို ချူယိကို ဝမ်းသာအားရ ဖြစ်သွားအောင် တစ်ခုချင်း ရှင်းပြခဲ့၏။

ထိုပေမယ့် သူကတော့ ထုံးစံအတိုင်း ရှင်ရှင်ပျပျမရှိလှ။ စီလင်ရှု သူ့အတွက် ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းရမည်မို့ မလိုလားလေဟန် ရှိ၏။

ငရဲမိုးကြိုး ဝမ်ပင်းကို သွားမတွေ့ပါနဲ့လား စီလင်ရှုရယ်၊ အန္တရာယ်တစ်ခုနဲ့ အကြီးမားဆုံး ရင်ဆိုင်ရရင် မခက်ဘူးလား'

'တစ်သက်ကြောင့် နှစ်သက် အသေမခံချင်းစမ်းပါနဲ့ချင်၊ ကျွန်မစသသွားလို့ အားလုံးအတွက် ဝမ်းနည်းစရာ မလိုပါဘူး၊ ကျွန်မဟာ ဝေဒနာကြောင့် ပေဖွံ့ဖန်လာရတဲ့ လူပဲလေ'

ငွေ့ကြိုးကြာ ဝမ်လန်းစံက တားမြစ်နေသည့် ဝေဒနာရှင်မလေး ချူယိကိုအား သနားနေမိသည်။

သူ၏ပေါ့ဆမှုကြောင့် ဆေးမှတ်တမ်းကို ဖတ်မိသွားရာမှ ချူယိကို နေ့စဉ်နှင့်အမျှ စိတ်ဓာတ်ကျဆင်းနေကြောင်းကို မြင်မိသည့်အတွက် စိတ်မကောင်း ဖြစ်မိသည်။

လူနာတစ်ယောက်ကို ကိုယ့်ကိုယ်ကို သေဆုံးရတော့မည်ဟု သိရှိသွားခြင်းက ဆေးကုသရန် ခက်ခဲလှသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်းကို ကောင်းစွာ သင်ခန်းစာ ရခဲ့လေပြီ။

'ဘယ်သိုပြောလိုက်တာလဲ ချူယာ ကို၊ မင်းကို ဗီအချိန်ထိ အသက်ရှင်ခွင့်ရအောင် ကယ်တင်အောခဲ့ပြီးမှ ကိုယ်က ယောကျ်ား မပီမသ လက်လျှော့ရမှာလား'

စီလင်ရှုထံမှ ဒေါသတချို့ ရောစွက် ပေါက်ကွဲလာကြောင်း သတိထားမိလိုက်သည်။

'မဟုတ်ပါဘူးရှင်၊ ကျွန်မအတွက်နဲ့ မဆိုင်တဲ့လူတွေကြားက ဒုက္ခမရောက်စေချင်လို့ပါ'

'တော်ပါတော့ ချူယာကို၊ ဗီလိုစကားကို ထပ်ခါတလဲလဲ ပြောဆိုနေတာဟာ ကျုပ်ရဲ့ကျေးဇူးတရားကို စော်ကားနေတာနဲ့ အတူတူပဲ'

'ကျုပ် မင်းရဲ့အသက်ကို ကယ်ဖို့ဆုံးဖြတ်ထားတယ်ဆိုတာ လူလူချင်း စာနာတတ်တဲ့ စေတနာနဲ့ပါ၊ မျှော်လင့်ချက်လှာစ်ခုနဲ့ ကယ်အင်ဖို့ ကြိုးစားနေတာ မဟုတ်ပါဘူး'

'ဒါကြောင့် မင်းနားလည်ရင် ထပ်ပြီး မတားမြစ်ပါနဲ့၊ ရင်းဒက်ရာ ပျောက်ကင်းသွားတဲ့အချိန်မှာ မင်းကြိုက်သလို သုံးဖြတ်နိုင်တယ်'

ချူယာ ကို ဘာမှထပ်ပြောနေဖို့ မသင့်၍ နှုတ်ဆိတ်နေခဲ့ရလေပြီ၊

'ဟုတ်သားပဲကွယ်....မင်းအာနေနဲ့ စီလင်ရှုရဲ့ပြင်းထန်လှန်းတဲ့ စိတ်ဆန္ဒ တစ်ခုကို ဗီလိုအချိန်မှာ လုံးဝ မတားမြစ်သင့်ပါဘူး၊ သူ့သဘောအရ သူ ဆောင်ရွက်ပါစေကွယ်'

'ဟုတ်ကဲ့....ကျွန်မအာနေနဲ့ စိုးရိမ်ပူပန်လွန်းလို့ တားမြစ်လိုက်မိတာပါ မမရယ်'



ပဋိပက္ခအာခြေအနေကြားမှ ဝမ်လန်းစံ ကြားဝင်၍ ဖြေရှင်း ပြောဆိုလိုက်၏။

စီလင်ရှုကို မိုးကြိုးတောင်သို့ မသွားရန် ဘယ်လိုမှ တားမြစ်နိုင်လိမ့်မည် မဟုတ်။

သူ့အာနေနှင့် မိုးကြိုးပန်းကို ဘယ်လိုအန္တရာယ်ကြားထဲမှ ရယူနေရှာမည်နည်း။

ချူယာ ကိုအာပေါ် မည်မျှသံယောဇဉ် ကြီးမားကြောင်းကို နှုတ်ကဖွင့်ဟပြောဆိုခြင်း မရှိဘဲ သူ့လုပ်ရပ်တစ်ခုနှင့် လက်တွေ့ပြလိုက်ခြင်း ဖြစ်ပေသည်။

(၃၆)

## ရေ့မိုးကြိုးဝမ်ပင်းနှင့် ရင်ဆိုင်၍

မြင်းထားစီးနှင့် မိုးကြိုးတောင်ဘက်သို့ ထွက်ခွာသွားသော စီလင်ရှုအား တောင်ကုန်းတစ်ခုပေါ်မှ နှစ်ယောက်သား လက်ပြနှုတ်ဆက်လိုက်ကြသည်။

နှစ်ဦးစလုံး၏ ရင်ထဲ၌ ခံစားချက်ကိုယ်စီ ရှိနေတတ်၏။

ချူးယင်ကိုကတော့ ဟန်မဆောင်နိုင်သဖြင့် မျက်ဝန်းမှ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာခဲ့သည်။

မိုးကြိုးတောင်ဆိုသည်ကား သွားဖို့မဆိုထားနှင့်စိတ်ကူးနှင့်တောင် မတွေးရဲသည့် အန္တရာယ် ခရီးကြမ်းတစ်ခုပင် မဟုတ်လား။

'ငိုမနေပါနဲ့ ညီမရာ၊ ခရီးထွက်သွားသူအတွက် အတိတ်နိမိတ်မကောင်းဘဲ အန္တရာယ် ဖြစ်နေပါ့မယ်'

ဝမ်လန်းစီက ချူယီကိုအား အကဲခတ် ကြည့်ရှုရင်း ပြောလိုက်၏။

'ညီမအတွက်နဲ့ သူဘယ်လိုအန္တရာယ်ဆိုးနဲ့ ရင်ဆိုင်ရဦးမယ်ဆိုတာ တွေးမိတိုင်း ချောက်ချားစရာ ဟစ်ခုလိုဖြစ်လာတတ်လွန်းလို့ပါ'

'စီလင်ရှုဟာ အသက်အရွယ် ငယ်ပေမယ့် အဆင့်မြင့်သိုင်းပညာကို နှင်းတောင် ဘွားဘွားဝထံမှာ သင်ကြားတတ်မြောက် လာခဲ့တဲ့သူပါကွယ်၊ ဒီအတွက်မပူပါနဲ့'

ငရဲမိုးကြိုးဝမ်ပင်း။

တောင်ထိပ်ပေါ်မှ ယွက်သက်ဝင်သက်ကို ရှူရှိုက်ရင်း အသံတစ်ခုကို အာရုံပြုနေသည်။

သူ၏ခေါင်းတစ်ခုလုံး၌ ဆံနွယ်အားလုံး အဖြူရောင်သမ်းနေသည်။

ကာပိုကရှိနိုင်လှသည့် ဆံပင်၊ မုတ်ဆိတ်နှင့် ကျင်စွယ်များက စိတ်ရှုပ်ထွေးစွာနေတတ်သည့် သဘာဝကို ပြသလျက် ရှိသည်။

'ဝေါင်း....'

ကျယ်လောင်သော ကျားဟိန်းသံကြီးကို ကြားရသော်လည်း ယောဂကျင့်စဥ်တစ်ခုကို မဖျက်ဘဲ ဆက်လက် ပြင်းထန်စွာ ရှူရှိုက်လေ့ကျင့်နေဆဲ။



အသက်အရွယ်အားဖြင့် ကြီးပြင်းလာသော်လည်း၊ ပြင်းထန်စွာ လေ့ကျင့်မှုနှင့် လွဲမှားနေသော အတွေးအခေါ်တို့ကို သူ့အနေနှင့် ပြင်ဆင်လိုခြင်း မရှိပေ။

သိုင်းပညာမှာ လူများအားလုံး သေကျေပျက်စီးအောင် နည်းအမျိုးမျိုးနှင့် အနိုင်ယူသတ်ဖြတ်နိုင်မှ အစွမ်းထက်မြက်သည်ဟု ခံယူထားသူ လူတစ်ယောက် ဖြစ်၏။

ထို့ကြောင့် အဆိပ်တစ်မျိုးကို မိုးကြိုးတောင်၌ ရှာဖွေတွေ့ရှိခဲ့ရာမှ ညီမလုပ်သူအား မိုးကြိုးလက် ဝူစီဟူ၍ ဒုစရိုက်သိုင်းလောကတွင် နာမည်တစ်လုံး ကျော်လာသည် အထိ သူလုပ်ဆောင်ပေးခဲ့၏။

ထို့နောက် ညီမဖြစ်သူအား မိုးကြိုးအဆိပ်ကို ပေးအပ်၍ သူ့အမိန့်အတိုင်း လူပေါင်းများစွာကို သက်စေ့သတ်ဖြတ်နိုင်ပြီးမှ သိုင်းလောကထဲတွင် ဘုရင်တစ်ဆူသဖွယ် ဝင်နိုင်လိမ့်မည်ဟု ဆုံးဖြတ်ချက်ချထားခဲ့သည်။

မိုးကြိုးလက်ဝူစီ သတ်ဖြတ်လာခဲ့သည့် လူများ၏နာမည်ကို ကျောက်ဂူ နံရံများ၌တွင်း၍ မိုးကြိုးအဆိပ် အစွမ်းထက်မြက်ကြောင်းကို အမြဲတစေ ဂုဏ်ယူနေတတ်သူ ဖြစ်၏။

ယခုအခါ ညီမလာပေးမည့် နာမည်တစ်လုံးကိုသာ ရခဲ့လျှင် (၇၂) ယောက် သက်စေ့ပြည့်လောက်ပြီ။

ထိုအခါ လူသူမနေသည့် ဝန်းကျင်တစ်ခုကို စွန့်ခွာ၍ သူကိုယ်တိုင် သိုင်းလောကထဲသို့ ငရဲမိုးကြိုး ဝမ်ပင်းဟူသော နာမည်တစ်လုံးနှင့် အရောက်လာရမည် မဟုတ်ပါလား။

ဝမ်ပင်းက လူအများနှင့် နေထိုင်ရန် မဖြစ်နိုင်သည့် အတ္တအကြီးမားဆုံးသော လူတစ်ယောက်သာ ဖြစ်၏။

ထို့ကြောင့် မည်သူမျှမနေရဲသည့် မိုးကြိုးတောင်တွင် တစ်ယောက်တည်း လာရောက်နေထိုင်သူသာ ဖြစ်၏။

လူ့အသိုက်အဝန်းနှင့် ဝေးရာတွင် အထီးကျန်နေထိုင်ခဲ့ရခြင်းမှာ ငယ်စဉ်ကတည်းက သူတို့မောင်နှမနှစ်ယောက်ကို လူများက ချိုးနှိမ်ခဲ့ကြသည့်အတွက် နာကြည်းချက် အမုန်းဒဏ်ရာများနှင့် ဒုက္ခဆင်းရဲခံ ရောက်ရှိလာကြခြင်း ဖြစ်၏။

ဝမ်ပင်း လူတော့ကို အခြောက်တိုက်မုန်းသည်။

အထူးသဖြင့် သိုင်းပညာကို ငွေကုန်ကြေးကျခံ ရှာဖွေဆည်းပူးသူများနှင့် သိုင်းကျမ်းကြီးများကို ဘဝအတွက် ပြုစုနေသူများကို မုန်းသည်။

သူတို့လုပ်ရပ်အားလုံးကို အဓိပ္ပာယ်မဲ့သည်ဟု ဝမ်ပင်း ထင်သည်။

ဝမ်ပင်း၏ ရှုပ်သွပ်နေသည့် အမှောင်ဖုံးသော စိတ်ကို ဘယ်သူကမှ အလင်းမပြနိုင်။

အဝေးဆီမှ ကျားကြီးတစ်ကောင် ဝမ်ပင်းထံသို့ တစ်ဟုန်ထိုး ပြေးလာသည်။

ဝမ်ပင်းက တစ်စက်လေးမှ မတုန်လှုပ်ဘဲ ကျားကြီးကို သတ်ပုတ်တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

ကျားကြီးက ဒေါသမာန်ဖီ၍ တိုက်ခိုက်နေခြင်းတော့ မဟုတ်။



ကြောင်ကလေးတစ်ကောင်လို လက်သည်းဝှက်၍ သတ်ပုတ် ကစားနေခြင်းသာ ဖြစ်ပါသည်။

ထိုကျားကြီးက ဝမ်ပင်း မိုးကြိုးတောင်ပေါ်မှ ငယ်စဉ်ကတည်းက ကောက်ယူ မွေးစားခဲ့သည့် အချစ်တော်ကြီးသာ ဖြစ်၏။

ဝမ်ပင်း၏ တစ်နေ့တာ ကုန်ဆုံးမည့်အချိန်ထဲတွင် သူ၏ အချစ်တော်ကျားကြီးနှင့်သတ်ပုတ်ကစားရသည်သည်းပါ၏။

'တော်လောက်ပါပြီ သားကြီးရယ်၊ အဖေကြီး မောလှပြီကွ'

ကျားကြီးက လူစကားကို နားလည်သလိုလိုနှင့် ဝမ်ပင်း၏ အပေါ်မှ ပွတ်သတ်ကျီစယ်ရင်း ထွက်ခွာ၍ ပြေးသွားခဲ့၏။

'ခွပ်...ခွပ်...ခွပ်...ခွပ်'

အဝေးဆီမှ မြင်းခွာသံတို့ကို အတိုင်းသား ကြားရ၍ ဝမ်ပင်း၏မျက်နှာမှာ ပြုံးရွှင်သွားခဲ့၏။

'အင်း...မိုးကြိုးလက် ဝူစီ ရောက်လာပြီ ထင်ပါရဲ့'

ညီမဖြစ်သူ သူ့ထံရောက်လာခြင်းမှာ သေဆုံးသွားသူစာရင်းကို ပို့ရန်ကလွဲ၍ တခြားမရှိနိုင်။

ကျောက်နံရံတွင် ထိုးထွင်းထားသည့် နာမည်စာရင်းများကို ပိုပြီး သေချာသွားအောင် စိတ်နှင့် တပ်မံ ရေတွက်ကြည့်နေမိသည်။

ထိုကိစ္စမျိုးမှာ သူများအတွက် စိတ်မချမ်းမြေ့ဖွယ် ဝမ်းနည်းကြေကွဲဖွယ် ကောင်းသည့်သတင်း ဖြစ်ပေမယ့် ဝမ်းပင်းအတွက်တော့ မင်္ဂလာအရှိဆုံး ကိစ္စပင်မဟုတ်ပါလား။

'ဝေါင်း....'

အချစ်ဒေတော်ကျားကြီးက သခင်မလာရာ လမ်းဆီသို့ အမြန်ဆုံး ပြေးသွားခဲ့သည်။

'ခုစမ်းဟယ် ဒီမှာဖြင့် စိတ်ရှုပ်လာရတဲ့အထဲ'

မိုးကြိုးလက် ဝူစီက ပွတ်သတ်ကျီစယ်နေသော ကျားကြီးကို တွန်းလွှတ်လိုက်ရင်း တဖျစ်တောက်တောက် ပြောဆိုနေပြန်သည်။

ညီမငယ် ခါတိုင်းလို မျက်နှာ ရွှင်ရွှင်ပျပျမရှိသည့်အတွက် ရဲမိုးကြိုး ဝမ်ပင်းတစ်ယောက် စဉ်းစားရ ခက်သွားသည်။

'ဘာများ ဖြစ်ပါလိမ့်'

'နင် ဘာဖြစ်လာတာလဲ ဝူစီ'

ဝူစီက မပြောရဲသလိုလိုနှင့် မျက်စိမျက်နှာပျက် ဖြစ်နေသည်။ ဝမ်ပင်းက ဝူစီ၏ပေါင်မှ ပတ်တီးအဖြူကိုတွေ့သွားသဖြင့် ပို၍ ဒေါသဖြစ်လာသည်။

'ပြောလေ ငါမေးနေတယ် မဟုတ်လား'

'ဒီတစ်ခါတော့ ဝူစီကို ခွင့်လွှတ်ပါအစ်ကို၊ ရန်သူ တစ်ယောက် တိုက်ခိုက်နေတဲ့ကြားက ဒဏ်ရာနဲ့ ဝူစီလက်ထဲက လွတ်သွားတယ်'

'ဘာ....လွတ်သွားတယ် ဟုတ်လား၊ သူက ဘယ်သူလဲ ဘယ်ကလဲ ပြောစမ်း'

ရဲမိုးကြိုး မျက်နှာကြီးတစ်ခုလုံး နီမြန်း နေရှာသည်။

သည်ကနေ့တော့ သူမျှော်လင့်ထားသလို ဖြစ်မလာနိုင်တော့။



ကျောက်နံရံ၌ ကမ္ပည်းထိုးရန်အတွက် နှာမည်တစ်လုံး လစ်သပ်နေရှာလေပြီ။

ဝူစီက အစ်ကိုဖြစ်သူ၏ မျက်နှာကို မော်၍ မကြည့်ရဲလောက်အောင် ဖြစ်ရသည်။

သည်လို ဆုံးရှုံးမှုမျိုး တစ်ကြိမ်မှ မခံခဲ့ရ၍ အစ်ကို၏ ရှေ့မှောက်တွင် မျက်နှာမလှ ဖြစ်ရရှာလေပြီ။

'ညီမ သူ့ကို မျက်ခြည်ပြတ်မခံဘဲ အသေအချာမိအောင် ဖမ်းဖို့ ကြိုးစားပါသေးတယ် အစ်ကို၊ ဒါပေမယ့် တစ်ဖက် ရန်သူက တိုက်ခိုက်လိုက်လို့ ပေါင်မှာ ဓားစိုက်ဝင်ပြီး ဆက် မလိုက်နိုင်ဘဲ ဖြစ်နေရှာတာပါ'

'တောက်....'

ဝမ်ပင်းတစ်ယောက် ညီမငယ်ပြောပြသမျှကို နားထောင်ရင်း ဒေါသအိုး ပေါက်ကွဲခဲ့ရလေပြီ။

'သူ့နာမည်က ချူယီကိုတဲ့ အသိပ်ဆူးနဲ့ ရင်ညွန့်ကို သေသေချာချာ ထိုးလိုက်တာပါပဲ၊ မကြာခင် သူသေမှာ အမှန်ပါပဲ အစ်ကို'

ဝူစီက အစ်ကိုဖြစ်သူ စိတ်ပြေလိုပြေငြား ဖျောင်းဖျပြောဆိုလိုက်၏။

ဝမ်ပင်း၏ တင်းမာနေသော မျက်နှာအနေအထားက အနည်းငယ် လျော့စပြုလာခဲ့လေပြီ။

'အဆိပ်လက်နက်နဲ့ ထိတွေ့သူတိုင်း မသေတဲ့လူဆိုလို့ မရှိနိုင်ပါဘူး၊ မသေမချင်ဖြစ်နေလဲ တစ်နေ့ ငါ့ဆီပဲ ရောက်လာရမှာပဲ မဟုတ်လား'

'ဟုတ်တယ်....သူသာ မသေဘဲ အခုချိန်ထိ အသက်ရှင်နေမယ်ဆိုရင် မကြာခင် ဗစ်ကို့ဆီ ရောက်လာမှာပဲ'

ဝမ်ပင်း ကျေနပ်သသိုလိုရှိသွားခဲ့၏။

စူးဆောက်အနည်းလေးကို လှမ်းယူ၍ ညီမပြောပြသည့် ချူယံကိုဆိုသည့် နာမည်အား ကျောက်နံရံပေါ်တွင် ထွင်းလိုက်မိသည်။

ညီမငယ် မိုးကြိုးလ ဘ်ဝူစိကာဘော့ အစ်ကိုလုပ်သမျှကို နားလည်နေလေဟန်နှင့် ငေးမောကြည့်နေရှင်း ချူယံကို အကြောင်းတွေးနေမိသည်။

ချူယံကိုတစ်ယောက် ဘယ်လို နေရှာမည်မသိ။

* * *

စီလင်ရှူထွက်သွားသည်မှာ သုံးရက်ခန့်ရှိလေပြီ။

ငွေကြိုးကြာ ဝမ်လန်းစံ နေထိုင်သည့် အရပ်၌ ကျန်ရစ်သူ ချူယံကို တစ်ယောက် တစ်နေ့မှ မေ့မရခဲ့။

အိမ်ပေါက်ဆိုးများကို မက်အည့်အခါတိုင်း စီလင်ရှူအတွက် သူမ စိုးရိမ်နေမိသည်။



သူမ စီလင်ရှူအား ယုံကြည်မှုအပြည့်အဝနှင့် အကူအညီ တောင်းခံမည်ဟု စဉ်းစားနေစဉ် ခရီးထွက်ခွာသွားသည့် မျှော်လင့်ချက် တစ်ခုနှင့် ဝေးချဲ့ပြန်သည်။

ချူယံကို စဉ်းစားမိသည်က သူမ သေဆုံးသွားသည့်တိုင် မှော်ဓားမ ဝှက်ထားသည့် နေရာအား စီလင်ရှူအား ပြောသွားသင့်သည်။

## ( ၃၇)

ဖခင် ပေးအပ်ခဲ့သော တာဝန်တစ်ခုအတွက် စီလင်ရှုအား အကူအညီတောင်းခံလျှင် ကောင်းမည်လား။

သူ့ရင်ထဲမှ အချစ်မေတ္တာတို့ကို မျိုဝေခံစားခဲ့ချင်သော်လည်း ဝမ်လန်းစံအတွက် ငဲ့ကွက်ရသေးသည်။

သည်နေ့တော့ စီလင်ရှုမရှိခိုက် ဝမ်လန်းစံကို သူ ပွင့်ပွင့်လင်းလင်းမေးလိုက်ဖို့ ဆုံးဖြတ်လိုက်၏။

'ဝမ်....စီလင်ရှုကို သတိမရဘူးလားဟင်'

သူ့အမေးကြောင့် ဝမ်လန်းစံက ဘယ်လိုဖြေရမှန်းမသိအောင် အမူအရာပျက်သွားသည်။

မျက်ခုံးလေးပင့်လျက် သူမအား တစ်ချက်မော့ကြည့်လိုက်ရင်း....

'သတိရတာပေါ့ကွယ်'

'ဝမ်နဲ့သူတို့ ခင်မင်ခဲ့တာ ကြာပြီပေါ့နော်'

သူက မသိချင်ဟန်ဆောင်၍ သဘောရိုးနှင့်မေးသလိုလို စကားလမ်းကြောင်းပေးလိုက်၏။

'နှင်းတောင်ဘွားဘွားဝ ထံမှာ ဖေဖေတာ အပ်နှံပြီး ပညာသင်ခိုင်းကတည်းက ဆိုပါတော့၊ သူကသိပ်ပြီးတည်ငြိမ် အေးဆေးတဲ့ သူလေ'

'သိုင်းပညာကို စိတ်ဝင်တစား ရှိပုံကလဲ့ရင် ဘာကိုမှ စိတ်မဝင်စားဘူးကွယ့်၊ အထူးသဖြင့် မိန်းကလေးတွေနဲ့ ပေါင်းသင်းရမှာကိုပဲ ရှက်ကြောက်နေသလိုလို ရှိတတ်တာ'

ပမ်က သူ့ရင်ထဲ ရှိသမျှ စီလင်ရှုနှင့် ပတ်သက်သည့် အကြောင်းများကို စီကာပတ်ကုံး ပြောပြနေရှာသည်။

ချူယီကိုက ထိုသို့ ပြောပြနေသည်ကိုပင် မသက်သာသလို ဖြစ်နေ၏။

ဝမ်နှင့် စီလင်ရှုအား တစ်ဦးနှင့်တစ်ဦး တိတ်ထခိုးမေတ္တာမျှနေကြပြီဟု သူက ထင်မြင်ယူဆမိသောကြောင့် ဖြစ်၏။

'ဒါဆို စီလင်ရှုကို ဘယ်လို သဘောထားလဲဟင်'

'မောင်လေ....မောင်ပေါ့'

မြူး၍ ဖြေလိုက်သည့်အဖြေကြောင့် ချူယီကိုရင်ထဲနင့် ခနဲ ခံစားလိုက်ရသည်။

* * *



စီလင်ရှု မိုးကြိုးတောင် အနီးသို့ ရောက်ရှိလာခဲ့လေပြီ။

မိုးကြိုးတောင် ဆိုသည့်အတိုင်း ဒဏ်ရာဒဏ်ချက်ပေါင်းများစွာနှင့် အလွန်ရုပ်ဆိုးလှသော တစ္ဆေသရဲကြီး တစ်ကောင်၏ ဦးခေါင်းလို မည်းမည်းမှောင်မှောင်ကြီး ဖြစ်နေသည်။

'ဂီး....ဂီး....ဂီး'

တောင်ခေါင်းတုံးကြီးပေါ် ဝဲပျံနေသည့် ငှက်ဆိုးကြီးများကလည်း အင်းစောင့်ချထားသလို လူကိုမြင်လိုက်သည်နှင့် အသံပြုတတ်သောကြောင့် ကပျာအယာ ပုန်းကွယ်ရသေး၏။

ဘွားဘွားဝ ပြောသလိုပင် မကြာခဏ တောမီးလောင်ကျွမ်းခံရသဖြင့် တောင်ကုန်းတစ်ဝိုက်တွင်စိမ်းလန်းစိုပြည်ခြင်းကို မတွေ့ရသလောက် ဖြစ်သည်။

တောအုပ် တစ်ခုလုံးက ခြောက်ကပ်နေသလို ဖြစ်နေသည်။

လူကိုမဆိုထားနှင့် အစာရှာစားသောက်သော တောတိရစ္ဆာန်တောင်မှ မတွေ့ရသလောက် ရှားပါးလှ၏။

တောင်ကုန်းပေါ်သို့ တောလမ်းလေးအတိုင်း လမ်းလျှောက်၍ သတိနှင့် တက်လာခဲ့သည်။

'ခွပ်....ခွပ်....ခွပ်'

အဝေးမှ မြင်းခွာသံများကြားလိုက်ရ၍ ကျင်းဟောင်း တစ်ခုထဲသို့ ချက်ချင်းဝပ်ချလိုက်၏။

မြင်းခွာသံများက တဖြည်းဖြည်းနီးကပ်လာခဲ့လေပြီ။

မြင်းစီးလာသူက မိုးကြိုးလက် ဝူစိဖြစ်ကြောင်း မြင်ရုံနှင့် သိလိုက်၏။

ဝူစိက ဖဲပြားရှည်နှစ်ဖက် စည်းနှောင်ထားသည့်ဆံပင်ကို လေထဲမလွင့်သွားစေရန် ကပိုကရိုစုစည်းရင်း မြင်းကိုဒုန်းစိုင်း လာသည်။

ဝူစိကို အနီးကပ်တွေ့လိုက်ရပေမယ့် တိုက်ခိုက်၍ မဖြစ်နိုင် သေး။

သူ့ကို တိုက်ခိုက်၍ ကုန်ဆုံးသွားမည့်အချိန်အစား ငရဲ မိုးကြိုး ဝမ်ပင်းထံ ရောက်အောင် သွားနိုင်ခြင်းက သူ့ အတွက် ပို အကျိုးရှိလိမ့်ဦးမည်။

ဝူစိဆင်းလာသည့်လမ်းကို သေသေချာချာ မှတ်သား ထားလိုက်၏။

ဝူစိ၏မြင်းက သူ ပုန်းအောင်းနေသောနေရာသို့ကျော်၍ အဝေးသို့ အဟောသနှင့် ရောက်ရှိသွားလေပြီ။

စီလင်ရှအတွက် လမ်းစပေါ်ခဲ့ပြီမို့ ငရဲမိုးကြိုးဝမ်ပင်း ထံ လမ်းရိုးအတိုင်း လျှောက်လာခဲ့သည်။

ခရီး လမ်းခုလတ်သို့ရောက်သည့်အခါ စိမ်းလန်း စိုပြည် သော သစ်ပင်များကို တွေ့ရသည်။

ထိုနေရာက မိုးကြိုးခလေဟန်မတူ။

ထို့ကြောင့် မရမြေ သဘာဝ ကောင်းမွန်သော နေရာမျိုး၌ ငရဲမိုးကြိုး ဝမ်ပင်း နေထိုင်သော ဂူ ရှိရမည်။

အဝေး၌ မြင်ရသောအုတ်ဂူတစ်ခုထဲမှ မီးခိုးများ တလူလူ ထွက်လာကြောင်း တွေ့ရှိလိုက်လေပြီ။



'ဒါဟာ ငရဲမိုးကြိုး ဝမ်ပင်းရဲ့ဂူပဲ'

ကျောက်နံရံများက ဂူတစ်လုံးကို လေးဖက်စလုံး ဝိုင်းရံ ထားသည်။

# ( ၃၈ )

ထိုဂူရှိရာသို့ လမ်းရိုးအတိုင်း သွား၍ မဖြစ်နိုင်သေး။ အန္တရာယ်တစ်ခုနှင့် မလွဲမသွေ ရင်ဆိုင်ရပေတော့မည်။

သူ တွေ့ချင်နေတာက ငရဲမိုးကြိုး ဝမ်ပင်းကို မဟုတ်၊ မိုးကြိုးပန်းကို ဖြစ်၏။

သူ လိုချင်တာက ငရဲ မိုးကြိုး ဝမ်ပင်း၏ အသက်ကို မဟုတ်။

မိုးကြိုး ပန်းဝတ်ဆံကို ဖြစ်၏။

သို့ပေမယ့် မိုးကြိုးပန်းဆိုတာကို သူ ဝမ်လန်းစံပြော၍ သာ ကြားဖူးသည်။

မဖြစ်တူးခဲ့။

မိုးကြိုးပန်းကို ရယူနိုင်ဖို့အတွက် ပန်းစောင့်ဘီလူးဖြစ်သည့် ငရဲမိုးကြိုး ဝမ်ပင်းကို တွေ့ဆုံ ရင်ဆိုင်ရပေတော့မည်။

ဝမ်လန်းစံပြောဆိုသည့်အတိုင်းဆိုလျှင် ဝမ်ပင်းက အဆင့်မြင့် သိုင်းသမားတစ်ဦးသာဖြစ်၏။

အတွင်းအားကျင့်စဉ်ကို ကျွမ်းကျင် တတ်မြောက်သည့်အတွက် မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင် အသုံးပြုလေ့မရှိဘဲ မိုးကြိုးတောင်သို့ရောက်လာသူကို သိုင်းပညာအရ ယှဉ်ပြိုင် စိန်ခေါ် တိုက်ခိုက်လေ့ရှိသည်။

သူ၏ ကြောက်မက်ဖွယ် အကောင်းဆုံး တိုက်ကွက် လက်ဆီတ်၌ ပါရှိသော အဆိပ် လက်သည်းချွန်များပင် ဖြစ်သည်။

မိုးကြိုးတောင်သို့ ရောက်ရှိလာသော သိုင်းသည်သည်မှန်သမျှကို လက်နက်နှင့် မပြန်လမ်းသို့ ပို့ဆောင်တတ်၏။

'ဝှီး....ဒုတ်'

စီလင်ရှု ကျောက်ဆူးနှင့် ကြိုးတစ်ချောင်းကိုအသုံးပြု၍ နံရံကို ကန့်ကျောက်ရင်း ကျောက်ဂူဝန်းကျင်သို့ ဆင်းလာခဲ့သည်။

သူ၏လှုပ်ရှားဟန်မှာ ညင်သာလွန်းလှသဖြင့် တစ်ဖက်လူ သိရှိဖို့မလွယ်လှ။

'ဖတ်....ဖတ်....ဖတ်'



ကျောက်စွန်း တစ်ခုနှင့်တစ်ခု ကိုယ်ဖော့လျက် ကူးသန်းလာသည်။

ကျောက်တုံးတစ်တုံးကိုကွယ်၍ ငရဲမိုးကြိုးဝမ်ပင်း၏ဂူသို့ စောင့်ကြည့်နေမိသည်။

'ဟင်....' ဟူ၍

'ဝေါင်း....'

ရင်ထဲ ထိတ်ခနဲဖြစ်သွားမိသည်။

သူရှိရာသို့ ကျားကြီးတစ်ကောင်က ဟိန်းဟောက် အသံပြုရင်း တစ်ဟုန်ထိုးပြေးလာခဲ့လေပြီ။

ငရဲမိုးကြိုး ဝမ်ပင်း၏ အချစ်တော် ကျားကြီးသာ ဖြစ်သည်။

လူစိမ်းတစ်ယောက်၏အနံ့ကိုရသည်နှင့် လှစ်ခနဲ ရောက်ရှိလာမစရန်အတွက် ဝမ်ပင်းက သင်ကြားပေးထားပြီး ဖြစ်သည်။

စီလင်ရှုအတွက်တော့ အခက်တွေ့နေရှာလေပြီ။

ထိုအန္တရာယ်ကို ခေါင်းဦးစွာ ရှင်းပစ်ရပေတော့မည်။

'ဝေါင်း....ဖုန်း....ဖုန်း'

ကျားကြီးက သင်ကြားပေးထားသည့်အတိုင်း မာန်ဖီလျက် လွှားခနဲ ခုန်အုပ်လိုက်သည်။

စီလင်ရှုက ကပ်၍ ရှောင်လိုက်သော်လည်း သူ့ထံ အခဲမကျေဘဲ လက်သည်းချွန်များနှင့် ပုတ်ခတ်သတ်ဖြတ်ရန် ကြိုးစားနေရှာသည်။

'ဖြန်း....ဖြန်း'

အရိုင်းတိရစ္ဆာန်ဖြစ်ပေမယ့် ဝမ်ပင်းနှင့်အတူ နေ့စဉ်ကစားနေကျဖြစ်သဖြင့် သိုင်းအမားတစ်ဦးလို ပါးနပ်လိမ္မာမှုရှိကြောင်း အံ့ဩစွာ တွေ့ရှိရသည်။

ဝူး....ဝှစ်....ဝှစ်'

မြင့် သို့

...လင်ရှုက ဓားတစ်လက်ဖြင့် ဝှေ့ယမ်း တိုက်ခိုက်နေသော်...ည်း ဓားရိပ်မှ မလွတ် လွတ်အောင် ရှောင်ရှားနေသေး၏။

'ဝေါင်း....'

စီလင်ရှု၏ ခြေထောက်ကို ရိုက်ပုတ်ကုတ်ဖဲ့ဆွဲရန် တုံ့ပြန်ကြိုးစားလိုက်သည်။

ဝတ်ရုံအပေါ်ပိုင်းသို့ လက်သည်းနှင့် ကုတ်ခြစ်မိသောကြောင့် ဖြဲခနဲ ပြဲသွားလေတော့သည်။

တကယ့်ကို အသည်းယားဖွယ် ကောင်းလှသည့်မြင်ကွင်း။

စီလင်ရှုက အနီးကပ် တိုက်ခိုက်ခွင့် မပေးနိုင်ဘဲ ဓားကိုစကြာလို ဝှေ့ယမ်းနေလိုက်သည်။

သို့ပေမယ့် ကျားကြီးက ရဟတ်တစ်ခုလို လည်ပတ်နေသော ဓားစက်ဝန်းထဲသို့ တိုးဝင်မလာခဲ့။

'ဝေါင်း....'

အခွင့်အလမ်းတစ်ခုကို စောင့်မျှော်လျက် သူ၏ ရင်ဘတ်ဆီသို့ လွှားခနဲ ခုန်အုပ်လိုက်သည်။

စီလင်ရှုက ဓားဦး မသင့်သဖြင့် ခြေထောက်နှင့် ကန်ကျောက်ပစ်လိုက်ပြန်သည်။

ဖောင်း....'



ပြင်းထန်လှသော ကန်ချက်ကြောင့် ကျားကြီးမှာ အဝေးသို့ လွင့်စဉ် သွားလေတော့သည်။

ကျားကြီးမှာ လေထဲမြောက်တက်၍ လွင့်စဉ်သွားသောကြောင့် အထိနာသွားသဖြင့် တော်တော်နှင့် ဖနားသို့ မကပ်ရဲအောင် ဖြစ်သွားသည်။

'သားကြီး နိုင်အောင်တိုက်လေကွာ'

'မင်းဘာကြောင့် အရှုံးပေး လိုက်ချင်ရတာလဲ'

ဟင်....ငရဲမီးကြိုး ဝမ်းပင်း'

ရက်စက်ကြမ်းကြုတ်သော အမူအရာနှင့် ဂူဝ၌ လက်ပိုက်၍ ကျားကြီးကို ရှူးတိုက်ဖို့ ကြိုးစားနေသည့် ဝမ်ပင်းကို တွေ့လိုက်ရလေသည်။

ကျားကြီးက ဒေါသမျက်လုံးများနှင့် စီလင်ရှုအားစိုက်ကြည့်ရင်း ရှေ့သို့ဘရှေ့ရှေ့ တိုးလာခဲ့ပြန်သည်။

သူ၏အနားတွင် တရစ်ဝဲဝဲလုပ်ရင်း တုံ့ပြန်တိုက်ခိုက်ခွင့်ကို ချောင်းနေသည်။

'ဝေါင်း....'

တစ်ဖက်သို့ ပြေးဟန်ပြုပြီး ဝေ့လည်ကြောင်ပတ်လုပ်လျက် စီလင်ရှုရှိရာသို့ ပူးသတ်ရန် လွှားခနဲ ခုန်အုပ်တိုက်ခိုက်လိုက်လေသည်။

စီလင်ရှုအ မြေပေါ်၌ လူးလိမ့်ရင်း ကျားကြီးခုန်အုပ်မည့်နေရာသို့ ချွန်မြသောဓားဦးဖြင့် ထောက်ထားလိုက်သည်၊

သူ့တစ်ကိုယ်လုံး ကျား၏ ခန္ဓာကိုယ်မှ ပန်းထွက်လာအည့် သွေးများကြောင့် ရွှဲစိုပေကျံ သွားလေပြီ။

ကံ့ဆိုးရှာသော ကျားကြီးမှ အင်အားတွင်း၌ ငြိမ်သက်သွားရှာသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း'

'ဘယ်ဆိုးလို့လဲကွ၊ မင်းအာ ငါနဲ့ပြိုင်ဘက်ကိုတောင် ထတ်ပုတ်နိုင်တယ်ဆိုတော့ အာဂကောင်ပဲ'

သူ့အား ငရဲမိုးကြိုး ဝမ်ပင်းက လက်ခုပ်လက်ဝါးတီး၍ လှောင်ပြောင် ရယ်မောနေပြန်သည်။

'ကျားကိုသတ်ပြီးရင် ခင်ဗျားတို့သတ်ဖို့ ကျုပ်လာခဲ့တာပဲ'

'ဟား....ဟား....ဟား....ကောင်လေးက အလာကြီးပါလား၊ ငါ့ကိုသတ်ဖို့ဟုတ်လား၊ မင်းဘယ်သူလဲ ဘာကြောင့် ငါ့ကို သတ်မှာလဲ'

စီလင်ရှုက ရှုအည်တည်နှင့် စိုက်ကြည့်ရင်း ခါးကို အသင့်ပြင်ထားလိုက်သည်။

'ကျုပ်နာမည်က စီလင်ရှု၊ ကျုပ်လာတာက ခင်ဗျားကြောင့် မိုးကြိုးအဆိပ်သင့်ခဲ့တဲ့ မိန်းကလေးတစ်ဦးအတွက် မိုးကြိုးပန်းကို ရယူဖို့ လာခဲ့တာပဲ'

'သြော်....မင်းက ဒါကြောင့် သေမင်းခံတွင်းဝကို ရောက်လာခဲ့တာကိုး'

ငရဲမိုးကြိုး ဝမ်ပင်းက စီလင်ရှု ပြောဆိုလိုက်သမျှကို တောင်းစွာ သဘောပေါက် နားလည်သွားသဖြင့် အထင် အမြင်သေးစွာ လှောင်ပြုံး ပြုံးလိုက်ရစ်း....၊



'မိုးကြိုးပန်းကို ယူချင်ရင် ငါ့ကို အလျင်ဆုံး ယှဉ်ပြိုင်တိုက်ခိုက်ရလိမ့်မယ်'

'ကျုပ်ဘက်က အဆင်သင့်ပါပဲ၊ ခင်ဗျားကို နိုင်ရင် မိုးကြိုး ပန်းကို ရမှာလား'

စီလင်ရှုက လူငယ်ပီပီ ပိုပြီးသေချာသွားအောင် ဝမ်ပင်းအား ပြတ်သားစွာ မေးလိုက်၏။

'ဟ...တယ်ခက်တဲ့ကောင်ပဲ၊ မိုးကြိုးတောင်တစ်ခုလုံးမှာ နေရဲတာဆိုလို့ ငါတစ်ယောက်ပဲ ရှိတာ၊ ငါ့အသက်ကို သတ်နိုင်ရင် ဟောဟို ကျောက်ဂူကြီးထဲမှာ မင်း လိုချင်တဲ့ မိုးကြိုး ပန်းတွေ အပြည့်ပဲ'

သူလိုချင်သောအဖြေကို ပထမဦးဆုံး ရရှိသွားခဲ့ပြီမို့ ရင်ထဲ၌ ကျိတ်၍ ဝမ်းသာနေရသည်။

ရိုင်းထက် သာခလ

( ၃၉ )

ဝမ်ပင်းအနေနှင့် အသက်အရွယ် အတွေ့အကြုံ သိုင်းပညာ အဆင့်အတန်းချင်း ကွာခြားလွန်းလှသည့် သူ့ကို အထင်အမြင် သေးသိမ်နေလေဟန် ရှိသည်။

သူ့ကိုယ်သူ အထင်ကြီးသောစိတ်ကြောင့် တစ်ဖက်သားကို အနိုင်ရစေရမည်ဟု စိတ်ချယုံကြည်ထားသူ တစ်ယောက်ဖြစ်၏။

'ကိုင်း....ဒါဖြင့် ခပ်မြန်မြန်လေး ပွဲစလိုက်ရအောင်'

ဝမ်ပင်းက မိုးကြိုးအဆိပ်ပါရှိသော လက်အိတ်ကို တင်းကျပ်စွာ ဆွဲတင်း၍ လက်ချောင်းများကို လှုပ်ရှားကစားပြလိုက်သည်။

ည်းများကလည်း ကင်းမည်းကြီး
က်မများကဲ့သို့ ကြောက်စရာကောင်းလှပေ

ဝမ်လန်းစံ ပြောပြထားသဖြင့် ငရဲမိုးကြိုး ဝမ်ပင်း၏ အဆိပ်လက်ချောင်းများ အကြောင်းကို သိရှိနားလည်ထားပြီး ဖြစ်သည်။

'ဝှစ်....ဖတ်....ဖတ်'

လေထဲတွင် လျှင်မြန်ဖျတ်လတ်သည့် စာဝါးကွက်များကို စတင် လှုပ်ရှားပြလိုက်ရင်း တစ်ဖက်ပြိုင်ဘက်ကို ချောက်လှန့်နေရှာသည်။

စီလင်ရှက လက်ထဲမှဓားကို မချရဲသေး။

'ဝှစ်....ဝှစ်'

'ဟိတ်....ဝိုး....ဝှစ်....ဝှစ်'

ဝမ်ပင်း၏ လျှပ်တစ်ပြက် တိုက်ကွက်များက လေထဲမှ သွက်လက်စွာ လှစ်ခနဲ လှစ်ခနဲ ရောက်ရှိလာသည်။

စီလင်ရှက အနီးကပ် တိုက်ခိုက်ခွင့်မပေးဘဲ ဓားဖြင့် ဝှေ့ယမ်း ပစ်လိုက်၏။

တိုက်ကွက်များက ရိုးစင်းလှသော်လည်း ပြင်းထန်လွန်းလှ၏။

လက်သည်းချွန်ကြီးများနှင့် စူးရှမိလိုက်သည်နှင့် အဆိပ်များ ကူးစက်ပျံ့နှံ့လာလေတော့မည်။

ဝမ်ပင်းနှင့် တိုက်ခိုက်နေရခြင်းမှာ သေဆုံးသွားသည့် ကျားရိုင်းနှင့် တိုက်ခိုက်နေရသလို ထင်ရသည်။



ဝမ်ပင်းက ရှောင်ကွက်တိုင်း၌ ကျားရိုင်းထက် သာလေသည်။

'ဝှစ်...ဝှစ်'

'ဟိုင်း'

စီလင်ရှက လက်နက်ကိုင်ဆောင်ခြင်း ရထားသူမို့ လူငယ်ပီပီ လျှင်မြန်ဖျတ်လတ်မှု အပြည့်အဝနှင့် သဲကြီးမဲကြီး တိုက်ကွက် ဆင်နေသည်။

'ကဲကွာ'

'ဝိုး'

ဝမ်ပင်း၏ အဆိပ်လက်သည်းကြီးများက မျက်နှာနား ဝှီးခနဲ ဖြတ်သွားသည်။

စီလင်ရှအတွက် ကံကောင်းလှပေသည်။

နည်းနည်းသာ တစ်ကွက် အဆုတ်နောက်ကျခဲ့ပါလျှင် သူ၏ ဘဝက တွေးဝံ့စရာမရှိတော့။

'ဘယ်လိုလဲ အရူးကြီး....မောနေပြီလား၊ ဒီနေ့ ခင်ဗျား အတွက် သေနေ့စေ့ပြီနော်၊ မိုးကြိုးတောင်ဟာ ခင်ဗျားရဲ့ သချိုင်းပဲ'

'တောက်'

'ဝှစ်....ဝှစ်'

စီလင်ရှက မခံချင်အောင် ပရိယာယ်တစ်မျိုးနှင့် ဒေါသကို ဆွနေမှန်းမသိသော ဝမ်ပင်းက တရကြမ်း တိုက်ခိုက်လာသည်။

စီလင်ရှုအတွက် ကျွမ်းအထာတ်ကို တက်မြောက်ထားသူမို့ သူထင်ထားသလို ပွဲသိမ်းတိုက်ခိုက်ဖို့ မလွယ်ကူလှပေ။

ဝမ်ပင်း၏ ထူးခြားချက်မှာ မျက်လုံးမကောင်းခြင်းသာ ဖြစ်သည်။

လေသိုင်းပညာကိုတတ်ကျွမ်းထားသူမို့ တိုက်ကွက် လေသံကို နားထဲ ယဉ်ပါးလာအောင် နားစွင့်ရင်း မျက်စိထဲ မည်းမည်း အရိပ်သဏ္ဍာန် ပေါ်လာသည်နှင့် အလွတ်မပေးဘဲ တိုက်ခိုက်တတ်၏။

စီလင်ရှုက တိုက်ကွက်အသစ်ကိုပြောင်းပစ်ရန် ခေါင်းထဲသို့ စဉ်းစားနေမိသည်။

'ထန်း....ထန်း'

ကျောက်ဆောင်ဆီသို့ ဓားသွားနှင့် ရိုက်ခတ်လိုက် သည်နှင့် အသံကို နားစွင့်ထားသူ ဝမ်ပင်းက လွတ်ခနဲတိုက်ခိုက်လိုက်၏။

'ဟိုင်း....'

'ဝှီး....ဖတ်....ဖတ်'

'ဝှစ်....ဝှစ်....ဝှစ်'

စီလင်ရှုက ဝမ်ပင်း မျက်စိနောက်သောက်အောင်အလွန်ဆန်းပြားသည့်ကစားကွက်ပေါင်းစုံဖြင့် မျက်စိခွေတည့်တည့်တွင် လှုပ်ရှားနေလိုက်၏။

'ထန်း....ထန်း'

'ဒလန်....'

'ဒုတ်....ဒုတ်'



ဆူညံသော အသံဗလံ မျိုးစုံစွာဖြင့် သူ အားကိုးပြုရာ နားစည်မွေးဆီသို့ အနှောင့်အယှက်ပြုလိုက်၏။

ဝမ်ပင်းမှာ သူ၏ အားနည်းချက်ကို တစ်ဖက်ပြိုင်ဘက်က သိရှိသွားသဖြင့် စိုးရိမ်ပူပန်တတ်သောစိတ်က ခြောက်လှန့်နေသလို ခံစားရလေသည်။

ပွဲစကာစလို အဆိပ်လက်ကို အားကိုးတကြီး မတိုက်ခိုက်ဝံ့တော့။

ဝမ်ပင်း၌ သူ့ကိုယ်သူ မလုံခြုံနိုင်သော သံသယစိတ်တွေ ပိုများလာသည်။

သူ့ပညာကို သူ ယုံကြည်မှုမရှိနိုင်ဘဲ အရူးတစ်ယောက် စိတ်ဖောက်ပြန်နေသလို ကယောင်ချောက်ချားတွေ ဖြစ်နေရှာသည်။

'ဖြောင်း....'

'အင့်....'

မမျှော်လင့်ဘဲ ပြင်းထန်လှသည့်စုံကန်အားကြောင့် စီလင်ရှု တစ်ယောက် အဝေးသို့ လွင့်စဉ်သွားခဲ့လေပြီ။

## ( ၄၀ )

'ဟား…ဟား…ဟား'

ဝမ်ပင်းက ဝမ်းခေါင်းသံကြီးနှင့် ကျေနပ်စွာ ရယ်မောပစ်လိုက်၏၊

စီလင်ရှုကာ ကမန်းကတန်းထ၍ တိုက်ခိုက်ရန် အသင့်အနေအထား ပြင်ဆင်ထားလိုက်လေသည်။

ဝမ်ပင်းက အဆိပ်လက်ကို မြှောက်ရင်း တိုက်စစ်ဆင်လာပြန်သည်။

'ဝှီ....ဝှီ....ဝှီ....ဝှစ်....ဝှစ်'

သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်ပြီး အားမာန် အပြည့်ရှိသလောက် စီလင်ရှု၏ အရှောင်အတိမ်းလေးမှာလည်း လှပအေးသပ်လွန်းလှ၏။

တိုက်ရင်းခိုက်ရင်းနှင့် ကျောက်နံရံတစ်ခုက နောက်သို့ မတိုးသာ မဆုတ်သာအောင် ပိတ်မိနေရှာလေပြီ။

'ရှပ်....အား'

သေချာလောက်သည့် ဓားတစ်ချက်က လက်ခနဲအတွက် ဝမ်ပင်း၏လက်မောင်းမှသွေးများ ဖြန်းခနဲ ကျလာခဲ့လေပြီ။

ဝမ်ပင်း၏ ဒေါသမီးမှာ ဘယ်လိုမှ ငြိမ်းသတ်ရန်မလွယ်ကူလှတော့ပေ။

လက်မောင်းမှ ဒဏ်ရာကိုကြည့်ရင်း ထွက်သက်ဝင်သက်ကို ခပ်ပြင်းပြင်း ရှူရှိုက်လိုက်၏။

ရှက်ရှက်နှင့် နာကျင်စွာ ခံစားနေရသမျှကို ကျိတ်မှိတ်ခံစားရင်း ကျားနာတစ်ကောင်အလား ပြင်းထန်စွာ တိုက်ခိုက်ရန် ရှေ့သို့ တိုးလာခဲ့သည်။

'ခင်ဗျားနဲ့ကျုပ်ဟာ ရန်သူတွေမှ မဟုတ်ပဲဗျာ၊ စိတ်လျှော့လိုက်စမ်းပါ၊ ကျုပ်တောင်းတဲ့ မိုးကြိုးပန်းကိုရရင် ခင်ဗျားကို ကျုပ် မသတ်ပါဘူး'

စီလင်ရှုက အကွက်ဝင်လာပြီမို့ အနိုင်ရသည့် လေသံနှင့် အစပေးအယူစကားကို ပြောဆိုလိုက်၏။

'အို...မင်း အသတ်ခံရလောက်အောင် ငါ့ ရာဇဝင်မှာ မရှိပါဘူး'



ဝမ်ပင်းက ဆက်လက် ခေါင်းမာနေဆဲဖြစ်၏။

စီလင်ရှုအနေနှင့် အသက်တစ်ချောင်းကို သူတတ်ထားသည့် သိုင်းပညာအား အလွဲသုံးစားပြု၍ မသတ်ဖြတ်ချင်ပေမယ့် ငရဲမိုးကြိုး ဝမ်ပင်းကိုသတ်မှ မိုးကြိုးပန်းကို ရမည့်အခြေအနေသို့ ရောက်ရှိနေလေပြီ။

'ဝှီး....ဝှစ်....ဝှစ်'

ဓားချက်ကို သွက်လက်စွာ တိုက်ခိုက် နေသော်လည်း ဝမ်ပင်းကို အနီးကပ်တိုက်ခွင့်မရအောင် ပထမတိုက်ကွက်နှင့် ဒုတိယတိုက်ကွက်ကို ဆက်တိုက်အနေအထားနှင့် မနားတမ်း လှုပ်ရှားတိုက်စစ်ဆင်နေသည်။

ဝမ်ပင်းအနေနှင့် ဟန်ချက်ညီစွာ ဆုတ်ခွာနေရသော်လည်း သူ၏စိတ်ထဲမှာတော့ တုံ့ပြန် တိုက်ကွက်ဆင်လိုစိတ်က လွှမ်းမိုးစ ပြုထားလေပြီ။

'ယား....

'ဝှစ်....ဝှစ်'

'အား....'

စိတ်ကို ထိန်းချုပ်မထားနိုင်သည့်အဆုံး လေထဲ၌ လွှားခနဲ ခုန်လိုက်ရင်း အဆိပ်လက်နှင့် မျက်နှာသို့ ထိုးပေါက်ရန်ပြင်ဆင်လိုက်စဉ် စီလင်ရှု၏ ဓားက အနီးကပ် တိုက်ခိုက်ခွင့်လုံးဝမရရှိအောင် ရင်ဝသို့ ထိုးဖောက်ဟန့်တားပစ်လိုက်လေတော့သည်။

'ဘုန်း....'

ငရဲမိုးကြိုးဝမ်ပင်းတစ်ယောက် မားတန်းလန်းနှင့် မြေပြင်သို့ ပြုတ်ကျလျက် မိုက်ဇာတ်နိဂုံး ချုပ်ငြိမ်းသွားခဲ့လေပြီ။

## ( ၄၁ )

**မိုးကြိုးပန်းကိုရခဲ့ပြီ**

စီလင်ရှု ဂူအလွှင်းသို့ ဝင်သာခဲ့သည်။

ကညင်ဆီမီးတိုင်များကြောင့် ဂူအတွင်း၌ လသာနေသလို လင်းထိန်စ ပြုနေသည်။

ကျောက်ဂူနံရံများတွင် ထိုးထွင်းထားသည့် မိုးကြိုးအဆိပ်ဖြင့် သေဆုံးသူများ၏ နာမည် ကမ္ပည်းထိုး စာတန်းများကို လျှောက်ဖတ်ကြည့်နေမိသည်။

'ဩော်... ဝမ် င်းက စိတ်ဖောက်ပြန် ရူးသွပ်နေတဲ့ ဈ တစ်ယောက်နဲ့ မခြားလှပါလား'

ကျောက်နံရံပေါ်မှ ချူယ်ကို၏နာမည်ကမ္ပည်းစာတန်းလေးကို ဖျက်၍ ငရဲမိုးကြိုး ဝမ်ပင်းဆိုသည့် နာမည်ကို ဆောက်နှင့် ထွင်းလိုက်၏။

ဝမ်ပင်းတစ်ယောက် တမလွန်ဘဝမှ ကျေနပ်လိုက်ပေလိမ့်မည်။

ကညင်ဆီမီးတိုင်ကိုယူ၍ အတွင်းလိုဏ်ဂူထဲသို့ ဝင်လာခဲ့၏။

ရေကန်ငယ်လေး တစ်ခုထဲ၌ ကြာပန်းဖြူကို ပျိုးထားသည်။

နှစ်ပေါင်းများစွာ မညှိုးသည့် မိုးကြိုးပန်းကို မြင်လိုက်ရသဖြင့် ဝမ်းသာရှင်ပျ သွားခဲ့လေသည်။

မိုးကြိုးပန်းနှင့် ချူယ်ကို၏ အသက်ကို ကယ်တင်နိုင်တော့မည် မဟုတ်ပါလား။

သူ့အား မိုးကြိုးတောင်မှ ပြန်လာသူတစ်ယောက် ဆိုလျှင် ဘယ်သူကမှ ယုံကြည်လိမ့်မည် မဟုတ်။

လမ်းခရီးတစ်လျှောက်လုံး ခွန်အားသတ္တိတွေ ပြည့်လာသလို အောင်မြင်မှုအတွက် ကျေနပ်ပီတိ ဖြစ်မိသည်။

ချူယ်ကိုတစ်ယောက် သိခဲ့လျှင် မည်မျှ ဝမ်းသာမည်နည်း။

ငွေကြိုးကြာ ဝမ်လန်းစံသာသိလျှင် မည်မျှ ဂုဏ်ယူဝံ့ကြွားမည်နည်း။

မြင်းကို ဒုန်းစိုင်းလာသည့် ခရီးတစ်လျှောက်လုံး သူ့အာရုံက မောဟိုက် ပင်ပန်း နွမ်းနယ်ခြင်း မရှိ။



မိုးကြိုးပန်းကို အရယူနိုင်ခဲ့ခြင်း ပီတိကခရီးတစ်လျှောက်လုံး ပါလာခဲ့လေပြီ။

သူ ငွေကြိုးကြာဝမ်လန်းစံထံသို့ အမြန်ဆုံးရောက်မှ ဖြစ်ပေတော့မည်။

ယခုအချိန်ဆို သူတို့နှစ်ယောက် သူ့အတွက် စိုးရိမ်နေလောက်ပြီ။

မိုးကြိုးတောင်မှ ဘေးမသီရန်မခဘဲ ပြန်လာသည်ကိုသိလျှင် အရမ်းကို အံ့အားသင့်သွားမှာ သေချာသည်။

မိုးကြိုးပန်းကို ရရှိခဲ့သည့်အတွက် ဘယ်လို မိုးကြိုးအဆိပ်ကိုမှ ကြောက်လန့် တုန်လှုပ်နေဖို့ မလိုတော့။

အထူးသဖြင့် ငရဲမိုးကြိုး ဝမ်ပင်း၏ ညီမ မိုးကြိုးလက်ဝှစ်ကိုပင် ကြောက်လန့် တုပ်လှုပ်ဖို့ မလိုတော့ပေ။

* * *

'ဝမ်ရေ....ဝမ်'

'ချူယ်ကိုရေ'

'ဟေး....'

မိုးကြိုးပန်းပိုက်ကိုင်လျက် အခဝးမှ အခမာတကော ပြေးလွှား လာခဲ့သည်။ ဂူဝန်းကျင်၌ ထူးခြားစွာ တိတ်ဆိတ်နေသဖြင့် စိုးရိမ်သွားမိ၏။

ဂူထဲသို့ ဝင်လာပြန်ပေမယ့် ဂူအစောင်း၌ မည်သူမှမရှိ၊

ဘယ်များသွားပါလိမ့်....

စီလင်ရှု တောင်ကုန်းပေါ်သို့ အပြေး တက်လာခဲ့ပြန်သည်။

ငွေကြိုးကြာ ဝမ်လန်းစံက တောင်ကုန်းပေါ်မှ အဝေးရှိ တောအုပ်ကလေးဆီသို့ ငေးမောကြည့်နေ၏။

သူ့အနီး၌ ချူယီကိုအား မတွေ့ရသဖြင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားခဲ့၏။

'ဝမ်လန်းစံ'

'ဟင်....စီလင်ရှု'

ဝမ်လန်းစံက သူ့အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့အားသင့်သော မျက်လုံးများနှင့် ငေးကြည့်နေသည်။

( ၄၂ )

'ဒီမှာ မိုးကြိုးပ းရပြီလေ'

စီလင်ရှုက မိုးကြိုးပန်းများကို မြှောက်ပြလိုက်သော်လည်း သူ့ပုံစံက ရွှင်ရွှင်ပျပျမရှိ၊

'နင် ဘယ်လိုဖြစ်နေတာလဲ ဝမ်၊ ချူယီကိုရော ဟင်'

ဝမ်က မဖြေသေးဘဲ ခေါင်းလေး ငုံ့ထားလိုက်၏။

'ငါမေးတာ ဖြေပါဦး ဝမ်ရယ်၊ ချူယီကိုရော အခုသူ ဘယ်မှာလဲ၊ ပြောစမ်းပါဟာ'

'သူမရှိတော့ဘူး စီလင်ရှု'

'ဘာ....'

ဝမ်း၏စကားကြောင့် အသက်နှင့် လဲ၍ ရယူခဲ့ရသော မိုးကြိုးပန်းများကို လှင့်ပစ်ချင်စိတ် ပေါက်လာခဲ့သည်။

ဝမ်းပြောသည့်စကားကို သူမရှင်းသေးသဖြင့် လက်မောင်းလေးကို လှုပ်ကာ ထပ်မေးလိုက်၏။

'ဘယ်လို....ချူယီကိုမရှိဘူး ဟုတ်လား၊ ငါ့ကို နားလည်အောင် ရှင်းပြစမ်းပါဦး ဝမ်းရယ်'

'ဟုတ်တယ် စီလင်ရှု၊ ချူယီကို ဒီကထွက်ပြေးသွားတာ ငါးရက်လောက်ရှိသွားပြီ၊ ဒါကြောင့် ငါ့သဲစိတ်မကောင်းဖြစ်ပြီး မဟာဒီ တောင်ကုန်းပေါ်က နင့်ကို မျှော်နေတာပဲ'

'ဘယ်လို ဖြစ်ရတာလဲ ဝမ်းရယ်၊ နင်က သူ စိတ်ချမ်းသာအောင် မထားဘူးလား'

စီလင်ရှုက မကျေမနပ်နှင့် ဝမ်းအား အပြစ်တင် ပြောဆိုလိုက်၏။

'ဘယ်လိုပြောလိုက်တာလဲ စီလင်ရှု၊ သူဟာ ငါ့လူနာပဲ၊ သူ စိတ်ချမ်းသာဖို့အတွက် ငါ့မှာ တာဝန်အရှိဆုံးဆိုတာ နင်လဲ သိလားပဲမဟုတ်လား'

'ဒါဆို သူက ဘာလို့ ထွက်ပြေးရတာလဲ'

'နင်နဲ့ ငါ့ကို အထင်လွဲသွားတာပဲ စီလင်ရှု'

'ဟင်...'

စီလင်ရှု ကြေကွဲစွာ ခံစားလိုက်ရလေ သည်။



ချူယီကို သူ့အား အထင်လွဲသွားခြင်းထက် ဆေးကုသမခံဘဲ ဝေးရာသို့ ပြေးသွားခြင်းက ပိုပြီး သောကရောက်ရသည်။

'သူကမေးတယ် နင့်ကို ဘယ်လိုသဘောထားသလဲတဲ့၊ ငါက မောင်လို့ တစ်လုံးတည်း ပြောလိုက်တော့ သူ့မျက်နှာ သိသိသာသာ ပျက်သွားမှန်းကို သတိထားမိတယ်'

'ငါတို့ဟာ ဘွားဘွားဝင်ထံမှာနေကတည်းက တစ်ဦးနဲ့တစ်ဦး ချစ်ခင် ရင်းနှီးလာကြတဲ့ မောင်နှမတွေမဟုတ်လား၊ ဒါကြောင့် နင်က ငါ့ထက် အသက်ငယ်လို့ မောင်လို့ ပြောလိုက်မိတာလေ'

'အဲ ဒါကို သူက တစ်မျိုး အဓိပ္ပာယ်ကောက် လွဲမှားပြီး နင်နဲ့ ငါ့ကို ချစ်သူလို့ မြင်သွားပုံပဲ စီလင်ရှု'

ချူယီကိုက သူ့အပေါ် တစ်ဖက်သတ် တိတ်တခိုး သံယောဇဉ်တွယ်နေကြောင်းကို စီလင်ရှု ကောင်းစွာနားလည်သဘောပေါက်ခဲ့ရလေပြီ။

စီလင်ရှုအနေနဲ့လည်း ချူယီကိုအပေါ် တိတ်တခိုး ချစ်နေမိသည်။

သူ၏ ရောဂါဝေဒနာ ပျောက်ကင်းမှ ဖွင့်ပြောမည်ဟု ရင်ထဲမှာ တေးထားခဲ့သည်။

အခုတော့ ချူယီကိုက သူ ဖွင့်ပြောမည့် အချိန်ကိုပင် မစောင့်ဘဲ သူတို့နှစ်ယောက်အား အဘစ် အမြင် လွဲကာ အဝေးသို့ ထွက်ပြေး ပုန်းရှောင်နေရှာလေပြီ။

စီလင်ရှူတစ်ယောက် များစွာ စိတ်မကောင်း ဖြစ်ရသည်။

ချူယာဳကို၏ အခြေအနေက ခြောက်လသာ ဘဝအာမခံချက် ပေးနိုင်သည် မဟုတ်ပါလား။

ချူယာဳကိုအား သူ ဘယ်နေရာတွင် လိုက်ရှာရပါမည်နည်း။

အကယ်၍သာ လိုက်လံ ရှာဖွေ၍ မတွေ့ခဲ့ပါလျှင် တစ်သက်လုံး ကြေကွဲစွာ ခံစားရဦးမည် မဟုတ်ပါလား။

စာစဉ် (၁)ပြီး။

ရဲမာန်အောင်